ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 4 September 2017 (၉၀၃၇)

# မဟုတ်မမှန်သတင်းများ၊ ဓာတ်ပုံများ ဖြန့်ချိခဲ့မှုကြောင့် မြန်မာနိုင်ငံအစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ထိခိုက်နစ်နာ

# Facebook၊ Twitter နှင့် You Tube တို့တွင် သတင်းအချက်အလက်များ စိစစ်ပြီးမှသာ မျှဝေခြင်းပြုလုပ်ကြပါရန်

**နေပြည်တော် စက်တင်ဘာ ၃**

လူမှုကွန်ရက် စာမျက်နှာများဖြစ်သည့် Facebook၊ Twitter နှင့် You Tube စသည်တို့တွင် အခြားနိုင်ငံများ၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်၊ သတင်း၊ ဓာတ်ပုံနှင့် ရုပ်သံများအား မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသယောင် သတင်းမှားများ ဖြန့်ချိနေသည်ကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ယနေ့ညပိုင်းတွင် သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ချက်တွင် တူရကီ ဒုတိယဝန်ကြီးချုပ်သည် အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဓာတ်ပုံများကို လူမှုကွန်ရက် Twitter တွင်တင်၍ မဟုတ်မမှန် သတင်းများဖြန့်ဝေခဲ့ရာ သိရှိသူများက မဟုတ်မှန်ကြောင်း ပြောကြားကြသကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ တူရကီသံအမတ်ကြီးကိုလည်း ခေါ်ယူပြောကြားခဲ့ရာ မှားယွင်းတင်မိကြောင်း Twitter တွင် ပြန်လည်ဖော်ပြပြီး သတင်းမှားအား ဖြုတ်ချခဲ့ကြောင်း။

ထို့အတူ AFP သတင်းဌာနသည် ရခိုင်ဒေသသတင်းများ ရေးသားရာတွင် ဓာတ်ပုံများ မှားယွင်းဖော်ပြခဲ့သဖြင့် မှားယွင်းကြောင်း ဝန်ခံရှင်းလင်းခဲ့ရပြီး သတင်းဓာတ်ပုံအမှန်များ ပြန်လည်အသုံးပြုထားပြီးဖြစ်ကြောင်း။

ထိုကဲ့သို့ မှားယွင်းဖော်ပြမိကြောင်း ပြန်လည်ဖော်ပြခဲ့ကြသော်လည်း မဟုတ်မမှန်သတင်းများ၊ ဓာတ်ပုံများ ဖြန့်ချိခဲ့သည့်အတွက် မြန်မာနိုင်ငံအစိုးရ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှာ ထိခိုက်နစ်နာစေခဲ့ရကြောင်း။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook၊ Twitter နှင့် You Tube စသည်တို့တွင် သတင်းအချက်အလက်များကို မှန်၊ မမှန် စိစစ်ပြီးမှသာ မျှဝေခြင်းပြုလုပ်ကြပါရန်နှင့် လူမှုကွန်ရက်တွင် ပျံ့နှံ့နေသော သတင်းမှားများကို အထူးသတိပြုကြပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

**မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်နေ့တွင် ရုံတင်ပြသမည့် နေခြည်မှာရွှေရည်လောင်း ဇာတ်ကားကြီး အထူးပွဲပြသ**

စာမျက်နှာ - ၅

**ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာများ ထောက်ပံ့သွားမည်**

စာမျက်နှာ - ၈

**မောင်တောမြို့နယ်တွင် နယ်စပ်ခြံစည်းရိုးများဖျက်ဆီး၍သွားလာနေပြီး တိုင်းရင်းသားကျေးရွာများ မီးရှို့ဖျက်ဆီးခံရ**

စာမျက်နှာ - ၁၀

**ပင်လည်ဘူးမြို့၌ ရာသီကူးပြောင်းဖျားနာသည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး**

စာမျက်နှာ - ၁၁



ဘူးသီးတောင်မြို့တွင် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ယာယီပိတ်ထားသည့် ကျောင်းအား တွေ့ရစဉ်။

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် မောင်တောခရိုင်၌ ကျောင်းများယာယီပိတ်ထား

**မောင်တော စက်တင်ဘာ ၃**

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသရှိ အခြေခံပညာကျောင်းပေါင်း ၄၁၈ ကျောင်းကို ယာယီပိတ်ထားရကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

"လက်ရှိအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မောင်တောဒေသမှာရှိတဲ့ အခြေခံပညာကျောင်းအားလုံးကို ယာယီပိတ်ထားပါတယ်။ ဒီလိုပိတ်ထားတာကလည်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ညွှန်ကြားချက်နဲ့ ကျွန်တော်တို့ပိတ်ထားတာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ မောင်တောမြို့နယ်တွင် ၁၈၃ ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် ၂၁၂ ကျောင်း၊ ရသေ့တောင်မြို့နယ်တွင် ၂၃ ကျောင်း စုစုပေါင်း ၄၁၈ ကျောင်းဖြစ်ကြောင်း သိရသည်။

နယ်မြေအခြေအနေကြောင့် စာသင်ကျောင်းများ ယာယီပိတ်ထားသော်လည်း အခြေအနေတည်ငြိမ်အေးချမ်းလာပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပိတ်ရက်များကို အစားထိုးသင်ကြားပေးသွားရန် စီစဉ်ထားကြောင်း၊ ယခုပညာသင်နှစ်တွင် မောင်တောဒေသရှိ အခြေခံပညာကျောင်းအားလုံး၌ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူဦးရေ ၈၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ✳**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# လူတိုင်းလူတိုင်း မင်္ဂလာတရားနှင့်အညီ

လောကတွင် "ဗြဟ္မစိုရ်တရားလေးပါး" ထွန်းကားပြန့်ပွားမှ ထိုလောကသည် စိတ်နှလုံးအေးချမ်းသာယာပြီး နေချင်စဖွယ်ကောင်းပေမည်။ လောကကြီး ချမ်းသာကြောင်း အကြောင်းတရားများတွင် ဗြဟ္မစိုရ်တရားလေးပါးအပြင် "သိင်္ဂါလောဝါဒ"ဟုခေါ်တွင်သော လူတို့လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များလည်းရှိသည်။

လူတို့လိုက်နာအပ်သောကျင့်ဝတ်များမှာ သားသမီးကျင့်ဝတ် ငါးပါး၊ မိဘကျင့်ဝတ် ငါးပါး၊ တပည့်ကျင့်ဝတ် ငါးပါး၊ ဆရာကျင့်ဝတ် ငါးပါး၊ လင်ကျင့်ဝတ် ငါးပါး၊ မယားကျင့်ဝတ် ငါးပါး၊ မိတ်ဆွေကျင့်ဝတ် ငါးပါး၊ ကျေးဇူးခံကျင့်ဝတ် ငါးပါး၊ အလုပ်ရှင်ကျင့်ဝတ် ငါးပါး၊ အလုပ်သမားကျင့်ဝတ် ငါးပါး၊ ဒါယကာကျင့်ဝတ် ငါးပါး၊ ရဟန်းကျင့်ဝတ် ငါးပါးနှင့် နာယကကျင့်ဝတ် ငါးပါးဟူ၍ရှိသည်။

ထို့အပြင် လူမျိုးမရွေး၊ ဘာသာမရွေး ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာကျင့်သုံးထိုက်သည့် ၃၈ ဖြာသော ကြီးပွားချမ်းသာရေး မင်္ဂလာတရားများလည်းရှိသည်။ ထိုမင်္ဂလာတရား ၃၈ ဖြာမှာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားသဖြင့် ဗုဒ္ဓဘာသာဝင်များနှင့်သာ သက်ဆိုင်သည်ဟုမမှတ်ယူထိုက်ပေ။ ဤကြီးပွားချမ်းသာရေး မင်္ဂလာတရားများကို ခြုံငုံသုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး စသည့် အမျိုးဘာသာသာသနာရေးကိစ္စများ အားလုံးပါဝင်လေသဖြင့် လူသားအားလုံး လိုက်နာကျင့်သုံးအပ်ပေသည်။

ထို ၃၈ ဖြာ မင်္ဂလာတစ်ပါးစီ၏အဓိပ္ပာယ်အကျဉ်းမျှကို သေချာစေ့ငု လေ့လာကြည့်ရှုမည်ဆိုပါက လူတိုင်းလူတိုင်း လိုက်နာကျင့်သုံးလက်ခံထိုက်သည်ကို တွေ့ရမည်ဖြစ်သည်။ (၁) လူမိုက်တို့ကို မဆည်းကပ်ရခြင်း၊ (၂) ပညာရှိ လူလိမ္မာတို့ကို မှီဝဲဆည်းကပ်ရခြင်း၊ (၃) ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ (၄) သင့်တင့်လျောက်ပတ်သောအရပ်၌နေခြင်း၊ (၅) ရှေးရှေးကာလက ပြုခဲ့ဖူးသော ကောင်းမှုရှိခြင်း၊ (၆) မိမိစိတ်ကို ကောင်းစွာထိန်းသိမ်းခြင်း၊ (၇) အကြားအမြင်ဗဟုသုတရှိခြင်း၊ (၈) စက်မှုလက်မှုအတတ်ကို တတ်ခြင်း၊ (၉) ကျင့်ဝတ်စည်းကမ်းများကို သင်ယူခြင်း၊ (၁၀) ကောင်းသောစကားကို ပြောဆိုတတ်ခြင်း၊ (၁၁) မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း၊ (၁၂) သားသမီး၊ ဇနီးမယားတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ (၁၃) သူတစ်ပါးကို မထိခိုက်သောအလုပ်ကို ပြုလုပ်ရခြင်း၊ (၁၄) လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ (၁၅) တရားနှင့်အညီ ကျင့်ဆောင်ခြင်း၊ (၁၆) ဆွေမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း၊ (၁၇) အပြစ်ကင်းသောအလုပ်၊ အများအကျိုးပြုသောအလုပ်တို့ကို လုပ်ဆောင်ခြင်း၊ (၁၈) မကောင်းမှုကို ကြိုတင်ဆုံးဖြတ်၍ ရှောင်ကြဉ်ခြင်း၊ (၁၉) ကျူးလွန်ခွင့်ကြုံပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း၊ (၂၀) အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂၁) ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊ (၂၂) ရိုသေထိုက်သူတို့ကို ရိုသေခြင်း၊ (၂၃) မာန်မာနမရှိခြင်း၊ (၂၄) နှစ်သိမ့်ရောင့်ရဲခြင်း၊ (၂၅) သူပြုဖူးသောကျေးဇူးကိုသိခြင်း၊ (၂၆) အခါအားလျော်စွာ တရားနာယူခြင်း၊ (၂၇) သည်းခံခွင့်လွှတ်ခြင်း၊ (၂၈) ဆုံးမစကားနားထောင်လွယ်သူဖြစ်ခြင်း၊ (၂၉) ရဟန်းသံဃာတော်တို့ကို ဖူးမြော်ရခြင်း၊ (၃၀) အခါအားလျော်စွာ တရားဆွေးနွေးရခြင်း၊ (၃၁) အကုသိုလ်စိတ်များ ခေါင်းပါးအောင် ခြိုးခြံစွာကျင့်ရခြင်း၊ (၃၂) မဂ်ဖိုလ်ရအောင် မြတ်သောအကျင့်ကို ကျင့်ရခြင်း၊ (၃၃) သစ္စာလေးပါးတို့ကို သိခြင်း၊ (၃၄) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ (၃၅) လောကဓံနှင့်ကြုံသောအခါ စိတ်ဓာတ်မတုန်လှုပ်ခြင်း၊ (၃၆) စိုးရိမ်ကြောင့်ကြမှုမရှိခြင်း၊ (၃၇) တပ်မက်မှုမရှိခြင်း၊ (၃၈) ကိလေသာဘေးရန်မရှိခြင်း တို့ဖြစ်သည်။

ယင်း ၃၈ ဖြာသော မင်္ဂလာတရားများကိုကြည့်လျှင် လူတိုင်းလူတိုင်း လိုက်နာကျင့်ကြံအားထုတ်အပ်သည့် ကိုယ်ကျင့်တရားများဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ဘာသာတရားနှင့် ပတ်သက်အပ်သူမဟုတ်ပါမူလည်း ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေးဆိုင်ရာ မင်္ဂလာတရားများကို လိုက်နာကျင့်သုံးအားထုတ်ခြင်းဖြင့် မိမိနှင့် မိမိလောက အေးချမ်းသာယာလှပအောင် ဆောင်ကြဉ်းနိုင်ပေသည်။ ထို့ကြောင့် စိတ်မချမ်းမြေ့ဖွယ်ပေါ်များလာသောလောကတွင် စိတ်ချမ်းမြေ့ဖွယ်ရာများ တိုးပွားလာအောင် တတ်နိုင်သည့်မင်္ဂလာများကို တတ်နိုင်သမျှကျင့်သုံးအပ်ပါသည်။ ॥

# ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပန္နက်တော်တင်အခမ်းအနားကျင်းပ



**ဆီဆိုင် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဆီဆိုင်မြို့ရှိ ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ အောင်ချမ်းသာရပ်ကွက် ဆီဆိုင်-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးဘေး မြေနေရာ၌ ရှမ်းပြည်နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ရတနာပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါ ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးအောင်လွင်နှင့် ဆီဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာတွင် ရတနာပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကြောင်း သိရသည်။

ယခုတည်ဆောက်မည့် ဆီဆိုင်မြို့ရှိ ဝန်ထမ်းအိမ်ရာသည် (၆၁×၅၁) ပေအကျယ် လေးခန်းတွဲ၊ လေးထပ် အဆောက်အအုံဖြစ်ပြီး Great Horizon Construction Group Co.,Ltd. က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရှမ်းပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဆီဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Great Horizon Construction Group Co.,Ltd. မန်နေဂျင်း ဒါရိုက်တာနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး (ဆီဆိုင်)**

❐

# ကျေးရွာနေပြည်သူများ သောက်သုံးရေ အလွယ်တကူရရှိတော့မည်

**နေပြည်တော် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)တို့ ပူးပေါင်းဆောင်ရွက်ပြီး စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဆယ်မာအူးလ်အွန်ဒုံ စီမံကိန်း ဒုတိယနှစ် လုပ်ငန်းစီမံချက်များအဖြစ် နေပြည်တော်အတွင်း ကျေးရွာ ၄၀ တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရွာသာကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကော်မတီအနေဖြင့် ကျေးရွာနေပြည်သူများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဝင်ငွေတိုးတက်ရရှိရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများနှင့်အတူ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ဂါလန် ၆၀၀၀ ဆံ့ ရေလှောင်ကန်တစ်ကန်နှင့် ဂါလန် ၃၀၀၀ ဆံ့ ရေစင်တစ်ခု တည်ဆောက်ပေးထားပြီး ကျေးရွာနေပြည်သူများအား အိမ်အရောက်စနစ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွက် ကျေးရွာနေပြည်သူတွေ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍအနေနဲ့ ဟောပြောပွဲတွေအပြင် လေ့လာရေးခရီးတွေ ပို့ဆောင်ပေးတယ်။ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍမှာတော့ အရှည်ပေပေါင်း ၃၁၀၀ ရှိပြီး အကျယ် ၁၅ ပေရှိတဲ့ ရိုသာကျောက်ချောလမ်းတစ်ခု၊ အိမ်ခြေ ၁၅၀ ကို ရေပေးဝေနိုင်ရေးအတွက် ရေလှောင်ကန်တစ်ကန်နှင့် ရေစင်တစ်ခု၊ ဝင်ငွေတိုးတက်ရရှိရေး ကဏ္ဍအတွက်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများအတွက် တစ်ဦးလျှင် တစ်သိန်းခွဲနှုန်း ထုတ်ချေးပေးပါတယ်။ မနှစ်က (က)အဆင့်ရလို့ ကျပ်သိန်း ၂၇၀ ကျော် ထပ်ရတယ်။ ခန်းမတည်ဆောက်ဖို့နဲ့ လမ်းကပ်တုံးပြုလုပ်ခြင်းနဲ့ အခြားစီမံကိန်းလုပ်ငန်းတွေမှာ ထည့်သွင်းအသုံးပြုသွားမှာပါ" ဟု ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းဥက္ကဋ္ဌ ဦးကျော်ထွန်းက ပြောသည်။

"ရေလှောင်ကန်နဲ့ ရေစင်တစ်ခုကိုတော့ တည်ဆောက်ပေးထားပြီးဖြစ်လို့ ကျေးရွာနေပြည်သူတွေအနေနဲ့ မကြာမီအချိန်အတွင်းမှာပဲ သောက်သုံးရေများ အိမ်အရောက်ရရှိနိုင်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကိုယ့်ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအပြင် ရွာမှာရှိတဲ့ပြည်သူအားလုံး အသိပညာဖွံ့ဖြိုးရေးကိုလည်း အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စီမံကိန်းတာဝန်ရှိသူ ဦးမြင့်အေးက ပြောကြားသည်။

ကျေးရွာတစ်ရွာလျှင် ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းအတွက် ကျပ်သိန်း ၂၇၀ ကျော်ရရှိပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၄၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၅၀ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ငါးရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုရမည်ဖြစ်ကြောင်း၊ အဆင့်သတ်မှတ်ချက်များလည်းရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် ချပြလုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **(သန့်မောင်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဖားကန့် စက်တင်ဘာ ၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု နန့်စမ်း-၂ ကျေးရွာနှင့် လယ်ပြင်ကျေးရွာတို့ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို စက်တင်ဘာ ၂ ရက် နံနက် ၈ နာရီက ဖားကန့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးသန်းနှင့်အဖွဲ့က လိုက်လံကြည့်ရှု စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေး၊ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ အာဟာရ ပြည့်ဝစေရေး၊ သီးနှံအရည်အသွေးနှင့် အထွက်နှုန်း မြင့်မားစေရေးတို့အတွက် ကျေးရွာနေပြည်သူများအား ဆွေးနွေးဟောပြောခဲ့ကြပြီး သိရှိလိုသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးသန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဇော်လင်း၊ သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မော်မော်ဝင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာ ဉာဏ်လင်းအောင်တို့ လိုက်ပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မင်းမင်းဦး)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

ကြေးမုံ နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အားပေး

**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲကို မြို့နေရာများသတ်မှတ်ကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

ယခု Level 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲများကို တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်မြို့၊ ရန်ကုန် ပွဲစဉ် (၁)၊ ရန်ကုန်ပွဲစဉ် (၂) တို့ကိုကျင်းပခဲ့ပြီး အဆိုပါမြို့များမှ ဒေသလက်ရွေးစင်များ ရွေးချယ်ခဲ့ပြီးဖြစ်သည်။

အလားတူ Level 1 အဆင့် ဒေသလက်ရွေးစင်ရွေးချယ်ပွဲကို စက်တင်ဘာ ၃ရက် ညပိုင်းက နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း) ၌ ကျင်းပခဲ့ရာ ပထမ အေးသဇင်မောင်၊ ဒုတိယ ကျော်ဆုဟိန်း၊ တတိယ အောင်စိုးဦး တို့ကို ရွေးချယ်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးခဲ့ကြသည်။ မန္တလေးမြို့၏ Level 1 အဆင့် ဒေသလက်ရွေးစင် ရွေးချယ်ပွဲကို စက်တင်ဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် (၂၀၁၇) သီချင်းဆိုပြိုင်ပွဲများကို အဆိုပါပြိုင်ပွဲ ကျင်းပသည့် ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) မှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ MRTV Facebook စာမျက်နှာဖြစ်သည့် www.facebook.com/mrtvwebmediaportal နှင့် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တို့မှလည်း တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

ထို့အပြင် ဂီတချစ်ပရိသတ်များအနေဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်(၂၀၁၇) သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပမည့် မြို့နေရာ၊ နေ့ရက်၊ အသံစစ်ဆေးမည့်နေ့ရက်၊ အကဲဖြတ်ဒိုင်များ အစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် Peace Music Festival Facebook စာမျက်နှာ www.facebook.com/peacemusicfestival တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။





ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲများကို သတ်မှတ်မြို့များ၌ ကျင်းပလျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးဂီတပွဲတော် မိသားစုနှင့် စေတနာရှင်၊ အလှူရှင်များက ပြိုင်ပွဲကျင်းပရာမြို့များရှိ တိုက်ပွဲရှောင်(ယာယီ)စခန်းများ၊ IDP စခန်းများ၊ ပရဟိတလုပ်ငန်းများဆောင်ရွက်ရာနေရာဌာနများသို့ သွားရောက်၍ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်၊ ခင်စုစုလှိုင်)**

# မကွေးတိုင်းဒေသကြီး ကမ်းဆင့်လက်များပရဟိတလှုပ်ရှားမှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး အလှူငွေများပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် စက်တင်ဘာ ၂ ရက် ညနေပိုင်းတွင် မကွေးဆေးတက္ကသိုလ်အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် မကွေးဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများပါဝင်သော ကမ်းဆင့်လက်များပရဟိတအဖွဲ့၏ ကျေးလက်ကျန်းမာရေး အသိပညာပေးနှင့် ပရဟိတလှုပ်ရှားမှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယနေ့လူငယ်များကို အနာဂတ်နိုင်ငံအတွက် လက်ဆင့်ကမ်း အမွေပေးရန်ဖြစ်သဖြင့် ယခုအချိန်ကတည်းက ပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို သိရှိရန်လိုအပ်ပါကြောင်း၊ မကြာမီ နိုင်ငံ့ဝန်ထမ်းအဖြစ်လည်း တာဝန်ယူကြရမည်ဖြစ်သဖြင့် အရည်အချင်းပြည့်ဝအောင်၊ ပြည်သူ၏ ယုံကြည်မှုကိုရရှိအောင်၊ ပြည်သူများ၏ လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မဆိုင်းမတွ တုံ့ပြန်ဆောင်ရွက်ပေးတတ်သည့် ဝန်ထမ်းအမူအကျင့်ကောင်းများကို ယခုအချိန်ကတည်းက လေ့ကျင့်ဆောင်ရွက်နေကြခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ယနေ့ကျင်းပသောအခမ်းအနားနှင့် ဆက်စပ်လျက် မွေးကင်းစကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မကြာသေးမီက ဖွင့်လှစ်ခဲ့သော သင်တန်းဆင်းမကွေးတိုင်းဒေသကြီးကိုယ်စားပြု ဒေသခံလူငယ်များနှင့်လည်း မိတ်ဆက်ပေးလိုပါကြောင်း၊ ရှေ့ဆက်လက်တွဲကူညီပြီး ပညာပေးလုပ်ငန်းများကို အတူတကွ ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် ကမ်းဆင့်လက်များအဖွဲ့ လူငယ်များ၏ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီရန်ဖြစ်ကြောင်း မှာကြားသည်။

အခမ်းအနားသို့ မကွေးဆေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)ပါမောက္ခ ဒေါက်တာသန်းမြင့်၊ မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်ဇော်၊ စွန့်ပစ်ကလေးငယ်များ ကာကွယ်တားဆီးရေးအဖွဲ့ အဖွဲ့ဝင် သားဖွားမီးယပ်ဆရာဝန် ပါမောက္ခ ဒေါက်တာမြသီတာနှင့် အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်က စတင်တည်ထောင်ခဲ့သော ကမ်းဆင့်လက်များအဖွဲ့အတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နာဂရိုးရာယဉ်ကျေးမှုများလေ့လာရန် ကမ္ဘာလှည့်ခရီးသည် ၄၈ ဦး ဟုမ္မလင်းမြို့သို့ ရောက်ရှိ

**ဟုမ္မလင်း စက်တင်ဘာ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပိုမိုသိရှိစေရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းလိုင်စင်ရ Myanmar Cruises Ltd. ၏ စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် Mr. Haim Amir အပါအဝင် ၄၈ ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟုမ္မလင်းလေဆိပ်သို့ ရောက်ရှိသည်။ ယင်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် နန်ဖွတ်မှော်ရပ်ကွက် ဟုမ္မလင်း နာဂစာပေနှင့် ရိုးရာယဉ်ကျေးမှုကွင်း၌ နာဂရိုးရာ အကပဒေသာများနှင့် ရိုးရာအဝတ်အစားများကို လေ့လာကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ နာဂရိုးရာ အကအလှပဒေသာပြပွဲတွင် ဟုမ္မလင်းမြို့နယ် နာဂရိုးရာယဉ်ကျေးမှုကော်မတီနာယက ဦးထွန်းရွှေ ဦးဆောင်ပြီး ဒေသခံပြည်သူများက နာဂမူကြို ကလေးငယ်အက၊ မကူရီအမျိုးသား အမျိုးသမီးအက၊ ပါရာအမျိုးသား အမျိုးသမီးအက၊ တန်ကွန်အမျိုးသား အမျိုးသမီးအက တို့ဖြင့် နိုင်ငံခြားသားများနှင့် ဒေသခံပြည်သူများအား စုပေါင်းကပြဖျော်ဖြေခဲ့ပြီး အကအဖွဲ့များအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ကမ္ဘာလှည့်ခရီးသွားများသည် ဟုမ္မလင်းဆိပ်ကမ်းမှတစ်ဆင့် အပျော်စီးရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားပြီး ရန်ကုန်၊ ဟုမ္မလင်း၊ မော်လိုက်ဆင်စခန်းတို့သို့ စက်တင်ဘာ ၉ ရက်အထိ လေ့လာကြမည်ဖြစ်ပြီး ခရီးစဉ်လမ်းတစ်လျှောက်ရှိ ဒေသများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့များကို လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**





# အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Retno LP Marsudi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၁၁ နာရီက မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး Dr. Ito Sumardi နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် BRICS နိုင်ငံများ ကြိုးပမ်းရန် တရုတ်သမ္မတတိုက်တွန်း



**ရှားမင် စက်တင်ဘာ ၃**

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဖူကျင့်ပြည်နယ် အရှေ့တောင်ပိုင်း ရှားမင်မြို့တွင် စက်တင်ဘာ ၃ ရက်က ပြုလုပ်သည့် BRICS စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား မူဝါဒရေးရာမိန့်ခွန်းပြောကြားခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တာကျင်းပမည့် စီးပွားရေးဖိုရမ်သည် စက်တင်ဘာ ၃ ရက်မှ ၅ ရက်အထိ ကျင်းပမည့် နဝမအကြိမ် BRICS ထိပ်သီးအစည်းအဝေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

BRICS အဖွဲ့သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်သည့် စီးပွားရေးထွန်းသစ်စ ကမ္ဘာ့နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် သမ္မတရှီက BRICS နိုင်ငံများအား တိုက်တွန်းသည်။

မိမိတို့၏ BRICS နိုင်ငံများသည် နိုင်ငံတကာလုံခြုံရေးစနစ်အတွက် ပါဝင်ဆောင်ရွက်ကြရန် ကတိကဝတ်ပြုထားကြကြောင်း သမ္မတရှီက ပြောကြားသည်။

မိမိတို့၏ အဖွဲ့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များ၊ အခြေခံမူများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကောင်းမွန်မှုကို အလေးပေးကာ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဝါဒကို အခိုင်အမာထောက်ခံကြောင်း၊ ဒီမိုကရေစီကို မြှင့်တင်အားပေးကာ ဗိုလ်ကျစိုးမိုးရေးဝါဒကို ဆန့်ကျင်ကြောင်း ၎င်းက ပြောကြားသည်။

ဘူမိ နိုင်ငံရေးဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်ရန် BRICS နိုင်ငံများအား မိမိတိုက်တွန်းကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းဒေသနှင့် ရုရှားနိုင်ငံအကြား နိုင်ငံတကာကုန်သွယ်မှုသည် ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာသန်း ၅၆၀ ရှိကာ ယခင်နှစ်ကထက် ၂၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်ဒေါ်လာသန်း ၂၂၀ ရှိကာ ယခင်နှစ် ထက် ၅၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်ဒေါ်လာသန်း ၇၀ ကျော်ရှိကာ ယခင်နှစ်ကထက် ၂၂၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ရှင်ကျန်းဝေဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်အူရုံကီ အကောက်ခွန်ဗျူရိုက ပြောကြားသည်။

ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်း ဖော်ဆောင်မှုအရ ရုရှားနိုင်ငံ၊ အာရှအလယ်ပိုင်းဒေသများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နိုင်ငံ အနောက်ဘက်ဆုံးဒေသဖြစ်သော ရှင်ကျန်းဝေဂါဒေသတွင် နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးလာကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**

## ရွှေ့ပြောင်းနေထိုင်သူများအရေး သမ္မတထရန့် မူဝါဒတစ်ရပ် ထုတ်ပြန်မည်

**ဝါရှင်တန် စက်တင်ဘာ ၃**

လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံတွင် ရောက်ရှိနေကြသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်ပြီး ၎င်း၏မူဝါဒတစ်ရပ်ကို ကြေညာမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။

၂၀၁၂ ခုနှစ်က သမ္မတအိုဘားမားအစိုးရချမှတ်ခဲ့သည့် အစီအစဉ်တစ်ရပ်အရ အမေရိကန်နိုင်ငံရှိ အခြေခံကျောင်းများတွင် တက်ရောက်နေကြသူ(သို့မဟုတ်) ဘွဲ့ဒီဂရီတစ်ခုခုရရှိပြီးသည့် အသက်(၃၀)အောက် ရွှေ့ပြောင်းနေထိုင်သူများသည် ပြည်နှင်ဒဏ်ပေးခြင်းမှ ယာယီကင်းလွတ်ခွင့်ရရှိသည့်အပြင် ယာယီအလုပ်လုပ်ပိုင်ခွင့်လိုင်စင်ကိုပါ ရရှိကြသည်။

သမ္မတထရန့်သည် တရားဝင်ရွှေ့ပြောင်းနေထိုင်ခြင်းကိစ္စရပ်အပေါ် အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရက်ချ်ဆန်ဒါစ်က မီဒီယာသို့ ပြောကြားခဲ့သည်။

အကယ်၍ သမ္မတထရန့်အနေဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းကိစ္စရပ်များကို ပီပြင်စွာကိုင်တွယ်ပါက ရွှေ့ပြောင်းနေထိုင်သူ လူငယ်ဦးရေ ၈၀၀၀၀၀ ကျော်သည် ပြည်နှင်ဒဏ်ပေးခြင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

သို့သော် အိုင်တီအလုပ်အမှုဆောင်များ၊ ဒီမိုကရက်တစ် ဥပဒေပြုအမတ်များနှင့် ရီပတ်ဘလစ်ကန်ခေါင်းဆောင်များက သမ္မတထရန့်၏ ရွှေ့ပြောင်းနေထိုင်သူများအပေါ် ပြည်နှင်ဒဏ်ပေးမည်ဆိုသည့် မူဝါဒကို ဆန့်ကျင်လျက်ရှိကြသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများသည် အမေရိကန်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ပတ်သက်လျက်ရှိသည်ဟု ၎င်းတို့က ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

## လာမည့် ၁၀ နှစ်တာကာလ စစ်ဘက်သုံးယာဉ်များနှင့် ကိရိယာများလိုအပ်ချက် အိန္ဒိယဒုံးစနစ်တည်ဆောက်ရေး အကြီးအကဲပြော

**အမ်မာဒါဘတ် စက်တင်ဘာ ၃**

အိန္ဒိယနိုင်ငံသည် လာမည့် ၁၀ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ဖိုးအထိ စစ်ဘက်သုံးယာဉ်များနှင့် ကိရိယာအမျိုးမျိုးဝယ်ယူရန် လိုအပ်မည်ဟု ခန့်မှန်းရကြောင်း ဘရာမို့စ်ဒုံးစနစ် တည်ဆောက်ရေးဌာနအကြီးအကဲလည်းဖြစ်၊ ထင်ပေါ်ကျော်ကြားသော နည်းပညာရှင်တစ်ဦးလည်းဖြစ်သူ ဒေါက်တာ ဆူဒီးမစ်ရှ်ရာက ပြောကြားသည်။

ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့သည် ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ကာကွယ်ရေးဆိုင်ရာ ကိရိယာများထုတ်လုပ်နိုင်မည့် အခွင့်အလမ်းရရှိလာစေရန် နည်းပညာအကူအညီပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ အကြီးအကဲ မစ်ရှ်ရာက ပြောကြားသည်။ မစ်ရှ်ရာသည် ဘရာမို့စ် လေကြောင်းအာကာသဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ် ရာထူးများတွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ဘရာမို့စ်လေကြောင်းအာကာသဌာနသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ဖက်စပ်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အိန္ဒိယနှင့် ရုရှားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လာမည့် ၁၀ နှစ်တာကာလတွင် ကာကွယ်ရေးဆိုင်ရာ ကိရိယာများကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ ဖိုးအထိ ဖြည့်တင်းပေးရန်ရှိနေကြောင်း၊ ဤဖော်ပြပါ ကိန်းဂဏန်းမှာ လက်တွေ့ကျကျ တွက်ချက်ရာမှ ပေါ်ထွက်လာသော ကိန်းဂဏန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ကာကွယ်ရေးလုပ်ငန်းသုံး ယာဉ်များနှင့် ကိရိယာအမျိုးမျိုး ထုတ်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးတစ်ရပ် ရရှိလာမည်ဖြစ်ကြောင်း မစ်ရှ်ရာက ပြောကြားသည်။

စစ်လေယာဉ်များ၊ သံချပ်ကာကားများ၊ သေနတ်များနှင့် စစ်ဘက်သုံးကိရိယာများကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၅၀ အထိ ကျခံသုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်ဘက်သုံးယာဉ်များ၊ လက်နက်များနှင့် ကိရိယာများအတွက် မိမိတို့ အမြောက်အမြား ထုတ်လုပ်သွားရန်လည်းကောင်း၊ ဝယ်ယူဖြည့်တင်းရန် လည်းကောင်း ရှိနေကြောင်း ၎င်းက ပြောကြားသည်။

**ပီတီအိုင်။**





## ဆဌမအကြိမ် နျူကလီးယားစမ်းသပ်မှု မြောက်ကိုရီးယားပြုလုပ်ခဲ့သည်ဟု ကြေညာ

**ဆိုးလ် စက်တင်ဘာ ၃**

မြောက်ကိုရီးယားနိုင်ငံသည် ဆဌမအကြိမ် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို စက်တင်ဘာ ၃ ရက်က ပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာသည်။ တိုက်ချင်းပစ်ပဲ့ထိန်းဒုံးတစ်စင်းက သယ်ဆောင်သွားနိုင်ရန် ရည်ရွယ်ချက်တစ်ရပ်ဖြင့် ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးကို အောင်မြင်စွာ စမ်းသပ်နိုင်သည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ရေးသားဖော်ပြသည်။

ယခုပြုလုပ်သည့် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုမှာ ပြုလုပ်ခဲ့ဖူးသမျှ အဏုမြူလက်နက်စမ်းသပ်မှုများအနက် အင်အားအပြင်းထန်ဆုံးဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ မဟာမိတ်နိုင်ငံများနှင့် တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ စမ်းသပ်ရေးစခန်းအနီး၌ လူလုပ်မြေငလျင်တစ်ခု၏ တုန်ခါမှုဖြစ်ပေါ်ခဲ့ကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်က ပြုလုပ်ခဲ့သည့် အလားတူစမ်းသပ်မှုအတွင်း ဖြစ်ပေါ်ခဲ့သောတုန်ခါမှုထက် ၁၀ ဆခန့်ပိုမိုအင်အားပြင်းထန်ကြောင်း ဂျပန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# မြန်မာစာအဖွဲ့ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာစာအဖွဲ့ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာစာအဖွဲ့ရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။

မြန်မာစာအဖွဲ့ရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာစာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားဘာသာစကားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် မြန်မာစာအဖွဲ့ရုံးသည် မြန်မာစာတစ်ခုတည်းအတွက် မဟုတ်ဘဲ တိုင်းရင်းသားဘာသာစကား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မူလတန်းပညာသင်ယူတတ်မြောက်သည့်အခါ အရေး၊ အဖတ်၊ အတွက်များကို ကျွမ်းကျင်စွာ တတ်မြောက်ရန်လည်း အရေးကြီးကြောင်း၊ ယနေ့ဖွင့်လှစ်သည့် မြန်မာစာအဖွဲ့ရုံး အဆောက်အအုံသစ် ဖွင့်လှစ်နိုင်သည့်အတွက် မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားများ ဖွံ့ဖြိုးတိုးတက်ရေး အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာဘာသာစကား၊ မြန်မာစာပေ၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားဘာသာစကားများ အစွန့်ရှည်တည်မြဲနိုင်ပါစေကြောင်း အမှာစကားပြောကြားပြီး မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်အေးက ဝမ်းမြောက်ပီတိစကားပြောကြားသည်။

ယင်းနောက် VIKING MYANMAR CONSTRUCTION Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်အောင်က မြန်မာစာအဖွဲ့ရုံး အဆောက်အအုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်က လက်ခံရယူကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် အခြေခံပညာ ဒုတိယတန်းဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီဝင်များ၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေး အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဒုတိယတန်းဘာသာရပ် ကျောင်းသုံးဖတ်စာအုပ်များ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီပြုစုနိုင်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်နေ့တွင် ရုံတင်ပြသမည့် နေခြည်မှာရွှေရည်လောင်း ဇာတ်ကားကြီး အထူးပွဲပြသ

**ရန်ကုန် စက်တင်ဘာ ၃**


ဆရာ လယ်တွင်းသားစောချစ်


ဒါရိုက်တာ ဇော်မြင့်ဦး


သရုပ်ဆောင် ကျော်ထက်အောင်


သရုပ်ဆောင် အေးမြတ်သူ

မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်ဟူသော ကျောင်းကောင်စီသီချင်းသည် နေခြည်မှာရွှေရည်လောင်း ရုပ်ရှင်ဇာတ်ကားကြီး၏ အသက်ဟုပင် ဆိုရမည်။ ပညာရေးအတွက် ပညာပေးဇာတ်ကားဖြစ်သည့် ယင်းဇာတ်ကားကြီးသည် စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည့် မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ပွဲတော်အတွက် ရိုက်ကူးခဲ့သည့် ဇာတ်ကားငါးကားမှ တစ်ကားအပါအဝင်လည်း ဖြစ်သည်။

အဆိုပါဇာတ်ကားကြီးသည် အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး လယ်တွင်းသားစောချစ် ရေးသားခဲ့သည့် ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးဝတ္ထုကို အခြေခံကာ ဇာတ်ညွှန်း ဆုသြချယ်၊ ဒါရိုက်တာဇော်မြင့်ဦးနှင့် တွဲဖက်ဒါရိုက်တာ အောင်သြဘာတို့က ရိုက်ကူးပုံဖော်ထားပြီး မင်္ဂလာရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ဇာတ်ကားတွင် ကျော်ထက်အောင်နှင့် အေးမြတ်သူတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး ကျော်ကျော်၊ နန်းမြတ်ဖြိုးသင်း၊ ချမ်းမေမြတ်နိုးနှင့် အခြားဝါရင့်အနုပညာရှင်များနှင့် ကလေးသရုပ်ဆောင်များလည်း ပါဝင်သရုပ်ဆောင်ထားသည်။

ယနေ့နံနက် ၇ နာရီက အဆိုပါရုပ်ရှင်ဇာတ်ကားကြီး၏ အထူးပွဲပြသမှုကို သမ္မတရုပ်ရှင်ရုံ၌ပြုလုပ်ခဲ့ရာ ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များ၊ ရိုက်ကူးခဲ့သည့် ဒါရိုက်တာနှင့် အထူးသဖြင့် ဝတ္ထုကို ရသမြောက်အောင် အသက်သွင်းပေးခဲ့သည့် စာရေးဆရာကြီး လယ်တွင်းသားစောချစ်တို့နှင့်တွေ့ဆုံပြီး ဇာတ်ကားဖြစ်မြောက်အောင် ကြိုးစားခဲ့သည်များကို မေးမြန်းခဲ့ပါသည်-

**အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး လယ်တွင်းသားစောချစ်**

ဒီဇာတ်လမ်းလေးက ပညာရေးနဲ့ပတ်သက်လို့ ဆရာအလယ်တန်းကျောင်းဆရာဘဝက ဖြစ်ရပ်လေးကို ပြန်ရေးထားတဲ့ ဝတ္ထုပါပဲ။ ဒီစာအုပ်လေးက စာပေဗိမာန်ပြိုင်ပွဲဝင်တဲ့အချိန်မှာ ပထမဆုရတဲ့ စာအုပ်ဖြစ်ပြီး အမျိုးသားစာပေဆုထပ်ရပါတယ်။ ၂၀၁၅ ခုနှစ်ကတော့ အင်္ဂလိပ်လို ဘာသာပြန်ပါတယ်။ The Gardener Men The Flower အဲဒီမှာ အာဆီယံစာပေဆု ထပ်ရပါတယ်။ ဒီဝတ္ထု ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးကိုပဲ အင်္ဂလန်နိုင်ငံက လန်ဒန်တက္ကသိုလ်မှာ မြန်မာစာသင်တဲ့ကျောင်းသားတွေအတွက် ပြဋ္ဌာန်းသင်ကြားတယ်လို့ ဆရာထင်တယ်။ အခုဆို ပြဋ္ဌာန်းတာ နှစ်လေးဆယ်လောက်ရှိပြီ။

အခုအခါမှာ ဝန်ကြီးဒေါက်တာဖေမြင့်က ဒီမိုကရေစီရုပ်ရှင်ပွဲတော်လုပ်ချင်တယ်။ လုပ်တော့ ဒီဝတ္ထုလေးကို ရိုက်ချင်တယ်ပြောတယ်။ သူတို့ပြောတဲ့အထဲမှာလည်းပါတယ်လို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောတယ်။ အမျိုးသားတွေ ကျောင်းဆရာလုပ်တာနည်းတယ်။ အမျိုးသားတွေ ကျောင်းဆရာလုပ်ရအောင် သူ့ကို ဒီစာအုပ်လေးရှာပေးဆိုတော့ ဝန်ကြီးဒေါက်တာဖေမြင့်ကလည်း ရှာပေးတယ်။ သူတို့တွေတိုင်ပင်ကြပြီး ဒါလေးကို ရုပ်ရှင်ရိုက်ဖို့ ဆရာ့ကိုခွင့်တောင်းတယ်။ ဟာ. . ရိုက်ပါ။ ဒီဝတ္ထုလေးကိုရိုက်ဖို့ ကြိုးစားနေတာလည်း ကြာပြီ။ ဟိုအရင်က ဒါရိုက်တာမောင်တင်ဦးက ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးဆိုပြီး ရိုက်ခဲ့ဖူးတယ်။ ရိုက်ခဲ့တော့ သူကလည်း အရေးအခင်းပြီးခါစ ကျောင်းတွေမဖွင့်သေးခင် ဒီကားကိုရိုက်ဖို့လုပ်တော့ ကျောင်းတွေမဖွင့်သေးတော့ အခြားဇာတ်လမ်းပြောင်းရိုက်လိုက်ရတယ်။ ခေါင်းစဉ်က ဒီခေါင်းစဉ်ဖြစ်သွားတယ်။

အခုဆရာတို့ တကယ်ရိုက်တဲ့အခါကျတော့ ပျဉ်းမနားမောင်နီသင်းရဲ့ နေခြည်မှာ ရွှေရည်လောင်း ငါတို့စာသင်ကျောင်း ကဗျာလေးရှိတယ်။ ဒီခေါင်းစဉ်လေးကိုပဲ သရုပ်ဆောင် ကျော်ထက်အောင်က စိတ်ကူးရတယ်လို့ ပြောပါတယ်။

ဒါနဲ့ပဲ ဆရာတို့ ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးအစား နေခြည်မှာရွှေရည်လောင်းလို့ ပြောင်းလိုက်တာပါပဲ။ ဇာတ်လမ်းကတော့ ကျောင်းဆရာနဲ့ တပည့်တွေပါ။ လူ့အဖွဲ့အစည်းတစ်ခုကို လူတွေ၊ လူတွေအားလုံးပူးပေါင်းပြီး ကောင်းအောင်လုပ်ကြတယ်ဆိုတဲ့ အချက်လေးပါပဲ။ ရွာလေးတစ်ရွာကို အခြေပြု တပည့်တွေနဲ့ ဆရာတွေ၊ ရွာသားတွေ ချစ်ချစ်ခင်ခင်နဲ့ စည်းလုံးပြီး ပညာရေးကောင်းအောင် ကြိုးပမ်းကြပုံလေးပါ။

ဆရာ့အနေနဲ့ လူ့အဖွဲ့အစည်းမှာ နေရာတိုင်း နေရာတိုင်း၊ ဒေသတိုင်း ဒေသတိုင်းမှာ လူတွေအဲဒီလိုပူးပေါင်းပြီး ကောင်းစေချင်တယ်။ ပရဟိတပါပဲ။ ပရဟိတဆိုပေမယ့်လို့ တမင်လုပ်ရတဲ့ ပရဟိတတော့ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းအတွက် ကျောင်းဆရာ အတ္တဟိတ၊ မေတ္တာ စေတနာထားတဲ့အခါကျတော့ ကလေးတွေ၊ ရွာသူ ရွာသားတွေအတွက် ပရဟိတဖြစ်တာပေါ့။ ဒီမိုကရေစီဆိုတာလည်း အဲဒီလိုပါပဲ။ အများနဲ့ ပတ်သက်တာလေးတွေကို ပူးပေါင်းပြီး အများကောင်းအောင် လုပ်တဲ့အခါကျတော့ ပရဟိတပါပဲ။ လူ့လောက နေရာတိုင်း၊ နေရာတိုင်းမှာလည်း အဲဒီလိုလေးတွေရှိရင်တော့ ပျော်စရာသိပ်ကောင်းမှာပါ။

**ဒါရိုက်တာ ဇော်မြင့်ဦး**

ဒီဇာတ်ကားက ပြည်သူ့အကျိုးပြု ဇာတ်ကားတစ်ကားပါ။ ဇာတ်လမ်းရဲ့ ရည်ရွယ်ချက်ကလည်း ကောင်းတယ်။ ဇာတ်လမ်းကိုလည်း ခေတ်နဲ့လိုက်ဖက်အောင် နည်းနည်းပြန်ပြင်ထားပါတယ်။ ဝတ္ထုမှာက ဘိုမနဲ့ ဖွေးဖွေးကာရိုက်တာက ပုံမှန်ပဲပေ့ါနော်။ ရုပ်ရှင်ပြန်ရိုက်တဲ့ အခါကျတော့ ခွဲထုတ်လိုက်ရတာတွေရှိတယ်။ ကျန်တာကတော့ ဝတ္ထုထဲက အတိုင်းပါပဲ။ သရုပ်ဆောင်အားလုံးကလည်း အတတ်နိုင်ဆုံးကြိုးစားထားကြတဲ့အတွက် ဒီဇာတ်ကားကို ကျွန်တော့်အနေနဲ့ တော်တော်လေး အားရပါတယ်။

**သရုပ်ဆောင် ကျော်ထက်အောင်**

ကျွန်တော် ဒီဇာတ်ကားမှာ ပါဝင်ခွင့်ရလို့ အင်မတန်ဝမ်းသာပါတယ်။ ဆရာကြီးရဲ့နေရာကနေ သရုပ်ဆောင်ရတဲ့အတွက်လည်း အင်မတန်မှ ဂုဏ်ယူပါတယ်။ ဝတ္ထုကို ကျွန်တော်အရင်တည်းက ဖတ်ထားတယ်။ ကြိုက်လည်းကြိုက်တယ်။ စာဖတ်နေရင်းနဲ့တောင် မျက်ရည်ပေါက်ကြီးငယ်ကျအောင် ဖြစ်ခဲ့ရတယ်။ ကျောင်းဆရာ ဇာတ်ရုပ်ဆိုတာ ဒီဇာတ်ကားထဲမှာ ပြောထားသလိုပဲ အမျိုးသားကျောင်းဆရာတွေ အင်မတန်မှရှားပါးနေတာ ဒီနေ့ထိတိုင်ပဲလေ။ ကျွန်တော့်အနေနဲ့ ကျောင်းဆရာ ဇာတ်ရုပ်မှာ ကျောင်းဆရာတွေက နာသုံးနာနဲ့ တကယ်လုပ်နေရတယ်ဆိုတာကို ရသမြောက် သိခဲ့ရတယ်။ ဒီဇာတ်ကားထဲကနေ ဆရာပေးချင်တဲ့၊ ပြောချင်တဲ့အကြောင်းအရာကို ထိထိမိမိပေးနိုင်ခဲ့တယ်။ ဒါကြောင့် ဆရာလယ်တွင်းသားစောချစ်ကိုတောင် နာမည်ပေးခဲ့ပါတယ်။ ဆရာက တကယ်မဟော်သဓာပါပဲလို့။

**သရုပ်ဆောင် အေးမြတ်သူ**

ဒီလိုသဘာဝဆန်တဲ့ ဇာတ်ရုပ်တွေကို ရိုက်ရတာ အေးမြတ်သူ အလွန်သဘောကျတယ်။ ဒီဇာတ်ကားက ဆရာကြီးလယ်တွင်းသားစောချစ်ရဲ့ ဝတ္ထုကို ပြန်ရိုက်တာဖြစ်တဲ့အတွက်လည်း ပိုပြီးတော့ တာဝန်ကြီးပါတယ်။ ဒီဇာတ်ကားမှာ အေးမြတ်သူက ဘိုမဆိုတဲ့ ဇာတ်ရုပ်နေရာမှာ သရုပ်ဆောင်ထားတာပါ။ ဘိုမရဲ့စရိုက်ပီပြင်ဖို့ သေချာလေးပြင်ဆင်ထားတယ်။ ဒီဇာတ်ကားအတွက် မိတ်ကပ်လုံးဝမလိမ်းဘူး။ အဝတ်အစားဆိုလည်း ခပ်နွမ်းနွမ်းပဲ ဝတ်ထားတယ်။ ဒီဇာတ်ကားကို ကြည့်လိုက်တာနဲ့ ရသတစ်ခုခုတော့ ခံစားကြရလိမ့်မယ်လို့ ယုံကြည်တယ်။ ပါဝင်ကြတဲ့ သရုပ်ဆောင်တွေအားလုံးကလည်း ကြိုးစားထားကြတဲ့အတွက် လာကြည့်မယ့်ပရိသတ်တွေလည်း နှစ်သက်ကြမယ်လို့ ထင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဒီမိုကရေစီပွဲတော်ကို နိုင်ငံနှင့်လူမျိုး၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာ မြင့်မားစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် နိုင်ငံတကာက ခံယူလုပ်ဆောင်သည့် ဒီမိုကရေစီကျင့်စဉ်နှင့် စိတ်ထားများ တိုးပွားရင့်သန်စေရေး အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍လည်းကောင်း ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြပွဲ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# အသက်ကြီးသူများ သတိထား၊ ချော်လဲကျရင် အရိုးကျိုးမယ်

**တင်မောင်အေး(ကန့်ဘလူ)**

ယခုနှစ်ဆန်းက မြန်မာပြည်ကို အလည်ပြန်ရင်း ရန်ကုန်သို့ရောက်တုန်းရောက်ခိုက်မှာ စာရေးသူတို့၏ ဇာတိမှ အသက်ရာကျော်ဘွားဘွားတစ်ဦးထံ သွားရောက်ကန်တော့ခဲ့ပါသည်။

ပြီးခဲ့သောတစ်နှစ်ကျော် စာရေးသူသွားရောက်ကန်တော့ခဲ့စဉ်က ဘွားဘွား၏ကျန်းမာရေးအခြေအနေများနှင့် များစွာကွာခြားသွားသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်မိခဲ့ရသည်။

ဘွားဘွားအသက်(၁၀၃)နှစ်ပြည့်သောမနှစ်က အမှတ်မထင် ချော်လဲကျသဖြင့် ပေါင်ထိပ်ရိုးကျိုးပြီး အိပ်ရာပေါ်မှာလဲနေရရှာပြီဖြစ်သည်။

လွန်ခဲ့သောတစ်နှစ်ကျော်က ဘွားဘွားသည် အသက်ရာကျော်ရှိသော်လည်း သူ့ဘာသာလွတ်လွတ်လပ်လပ်သွားနိုင်လာနိုင်ဆဲ။ သူ့အတွက်လိုအပ်သော အခြေခံနိစ္စဓူဝကိစ္စများကို လုံးဝအကူအညီမလိုဘဲ သူ့ဘာသာလုပ်နိုင်နေဆဲ။ စာရေးသူတို့ အလည်ရောက်လာသဖြင့် အိမ်အနောက်ဘက်မှ သူ့ဘာသာလမ်းလျှောက်ထွက်လာပြီး ဧည့်ခန်းက ကုလားထိုင်တွင် ခြေနှစ်ဖက်ကိုကျို့ကျို့လေးတင်ထိုင်ကာ ဧည့်ခံစကားပြောခဲ့သည်များအား ယနေ့တိုင်မြင်ယောင်နေမိပါသေးသည်။

ထို့မျှမကသေး။ ဘွားဘွား၏မှတ်ဉာဏ်နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်း (Cognitive Functions) တို့မှာ အသက်အရွယ်နှင့်မလိုက်အောင်ပင် ထက်ထက်မြက်မြက်ရှိနေဆဲဖြစ်ကြောင်းကိုလည်း စာရေးသူတွေ့ရှိခဲ့ရပါသည်။ စာရေးသူအား မည်သူဖြစ်ကြောင်း နာမည်နှင့်တကွ ပြောပြနိုင်ရုံမက မိဘအမည်များနှင့် စာရေးသူ၏မိခင်ဘက်မှ ညီအစ်ကိုမောင်နှမ ၁၁ ဦး၏ အမည်များကို ကြီးစဉ်ငယ်လိုက် အမှားအယွင်းလုံးဝမရှိဘဲ ပြောပြနိုင်လေရာ စာရေးသူတို့ တအံ့တဩကြီးဖြစ်လျက်ဝမ်း မြောက်ဝမ်းသာဖြစ်ခဲ့ကြရသည်။

သို့သော် ယခုနှစ်ဆန်းကမူ အိပ်ရာပေါ်လဲနေသောဘွားဘွားသည် စာရေးသူကိုပင် မမှတ်မိနိုင်ရှာလေတော့။ သူ့ဘာသာမဆိုထားနှင့် ဘေးလူအကူအညီနှင့်ပင် လမ်းကောင်းစွာမလျှောက်နိုင်ရှာလေတော့။ ပေါင်ထိပ်ရိုးကျိုးခြင်းသည် အသက်ကြီးသူတစ်ဦး၏ ရုပ်ပိုင်းနှင့် မှတ်ဉာဏ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အား သည်မျှအထိ ရက်ရက်စက်စက်ဆွဲချပစ်နိုင်ကြောင်းကို သတိသံဝေဂရမိပါသည်။

ပေါင်ထိပ်ရိုးကျိုးသူ ၁၀ ယောက်တွင် ကိုးယောက်မှာ အသက်(၆၀)နှင့်အထက် ဖြစ်ကြပါသည်။ အသက်ကြီးသူများသည် များသောအားဖြင့် ချော်လဲကျလေ့ရှိတတ်ကြ၏။

ယင်းသို့ချော်လဲကျခြင်းနှင့် အရိုးကျိုးခြင်းတို့မှာ အောက်ပါတို့ကြောင့် အဓိကဖြစ်ရလေသည်။

၁။ အရိုးပွဆတ်ခြင်း (Osteoporosis)
၂။ မျက်စိအမြင်အား မှုန်ဝါးချို့ယွင်းခြင်း (Impaired vision)
၃။ အစာအာဟာရ မပြည့်ဝခြင်း (Malnutrition)
၄။ အထွေထွေနှင့် ကြွက်သားများ အားနည်းခြင်း
၅။ ခန္ဓာကိုယ်ချိန်ဆထိန်းကျောင်းနိုင်မှု (Balance, Equilibrium) မကောင်းခြင်း
၆။ ဦးနှောက်၊ အာရုံကြောနှင့် ကြွက်သားများအကြား ပူးပေါင်းဆောင်ရွက်နိုင်စွမ်း (Coordination) ကျဆင်းလာခြင်း
၇။ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း (Decreased physical activity)
၈။ ဆေးဝါးအချို့သုံးစွဲရသဖြင့် ခေါင်းမူးဝေခြင်း

ယူနိုက်တက်ကင်းဒန်း(UK)တွင် အသက်အရွယ်ကြီးရင့်သူများ ဆေးရုံတက်ကြရခြင်းအကြောင်းများကို လေ့လာကြည့်သောအခါ ပေါင်ထိပ်ရိုးကျိုးခြင်း (Fracture neck of femur – NOF) ဖြစ်သဖြင့် ဆေးရုံတက်ရခြင်းသည် ဒုတိယအများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်ဆို၏။ အသက်(၅၀)နှင့်အထက် အသက်ကြီးသူများတွင် အမျိုးသမီး ၁၁ ရာခိုင်နှုန်းနှင့် အမျိုးသား ၃ ရာခိုင်နှုန်း ဖြစ်တတ်ကြသည်။

လူများ၏ ပျမ်းမျှအသက်အရွယ် (Average age) နှင့် လူ့သက်တမ်း (Life Expectancy) တိုးလာ၊ ရှည်လာသည်နှင့်အမျှ ပေါင်ထိပ်ရိုးကျိုးသူ အရေအတွက်မှာလည်း များလာခဲ့ရသည်။ အမေရိကန်နိုင်ငံတွင် ယခုအခါနှစ်စဉ်ပေါင်ထိပ်ရိုးကျိုးသူ ၂၅၀၀၀၀ မှ ၂၈၀၀၀၀ အထိရှိပြီး ၂၀၄၀-၅၀ ခုနှစ်များသို့ ရောက်သောအခါ ပေါင်ထိပ်ရိုးကျိုးသူပေါင်း ငါးသိန်းအထိရှိလာကြမည်ဟု ခန့်မှန်းထားလေသည်။ ထိုသို့သောလူနာများအား ပြုစုကုသပေးရန် အမေရိကန်နိုင်ငံအနေဖြင့် နှစ်စဉ်ဒေါ်လာ ရှစ်ဘီလီယံကျော်ကုန်ကျမည်ဖြစ်သည်။

သို့ဖြစ်ရာ အသက်ကြီးသူများတွင်ဖြစ်လေ့ဖြစ်ထရှိသော ဤအမျိုးအစားအရိုးကျိုးခြင်းသည် တိုးတက်ပြီးနိုင်ငံများတွင် အဖြစ်များရုံမက မသန်စွမ်းဖြစ်မှု၊ သေဆုံးရမှုနှင့် လူမှုစီးပွားရေးထိခိုက်မှုတို့ကို သိသိသာသာဖြစ်စေကြောင်း (Reginster et al. 1999) နှင့် အရိုးကျိုးပြီး တစ်နှစ်အကြာတွင် လူနာသေဆုံးနှုန်းမှာလည်း ၂၃ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း (Schurch et al. 1996) သိရှိရပါသည်။

ပေါင်ထိပ်ရိုးကျိုးခြင်းသည် များသောအားဖြင့် မတ်တတ်ရပ်အနေအထားမှာဖြစ်ဖြစ်၊ လမ်းလျှောက်နေရင်းဖြစ်ဖြစ်၊ အိပ်ရာမှ အထိုင်အထပြုလုပ်ရာမှာပဲဖြစ်ဖြစ် ချော်လဲကျသောကြောင့်ဖြစ်ရလေသည်။ ပေါင်ရိုး၏ အပေါ်ပိုင်း လေးပုံ တစ်ပုံနေရာတွင် ကျိုးခြင်းဖြစ်သည်။



**မတ်တတ်အနေအထားဖြင့် ချော်လဲကျရာမှ ပေါင်ထိပ်ရိုးကျိုးသွားသော အသက်(၈၀)အရွယ် အဘွားတစ်ဦး၏ ဓာတ်မှန်။**
**(Intertrochantric fracture)**

ချော်လဲကျခြင်းသည် အလွန်နာကျင်မှုဝေဒနာကို ခံစားရတတ်ပြီး ခြေထောက်လုံးဝမထောက်နိုင်တော့ခြင်းတို့သည် ပေါင်ထိပ်ရိုးကျိုးသည့် ထင်ရှားသော လက္ခဏာများဖြစ်ကြသည်။ လူနာအား အရေးပေါ်ဌာနသို့ခေါ်သွားလျက် ဆရာဝန်က ဓာတ်မှန်ရိုက်ကြည့်ခြင်းဖြင့် အရိုးကျိုးကြောင်း သိနိုင်လေသည်။

ပေါင်ထိပ်ရိုးကျိုးသောလူနာများသည် ခွဲစိတ်ကုသရသည်ဖြစ်စေ၊ မခွဲစိတ်ရသည်ဖြစ်စေ အကြောအဆစ်ဆိုင်ရာကုသမှုများ (Physiotherapy treatment) ကို စောစီးစွာပြုလုပ်ရန်လိုအပ်ပါသည်။ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးများသည် လူနာများကို အောက်ဖော်ပြပါလှုပ်ရှားလေ့ကျင့်ကုသမှုများပြုလုပ်ရန် အကြောအဆစ်ကုဌာန (Physiotherapy Department) များသို့ စေလွှတ်တတ်ပါသည်။ ဌာနတွင်ရှိသော အကြောအဆစ်ကုပညာရှင် (Physiotherapist) များက စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သော လေ့ကျင့်ကုသမှုများကို ပြုလုပ်ပေးကြမည်ဖြစ်သည်။

၁။ ခြေ၊ လက်နှင့် ခန္ဓာကိုယ် (trunk) ကြွက်သားများ အားနည်းသွားခြင်းမှ ဟန့်တားလျက် ပိုမိုသန်စွမ်းလာစေရန်၊
၂။ အဆစ်လှုပ်ရှားမှုများ ချောမွေ့ခိုင်မာကောင်းမွန်လာစေရန်၊
၃။ လမ်းလျှောက်ခြင်း၊ အထိုင်အထပြုလုပ်ခြင်း အစရှိသော သွားလာလှုပ်ရှားမှုများ ပြုလုပ်နိုင်စေရန်၊
၄။ အဆုတ်နှင့် နှလုံးတို့အား ရောဂါထွေမှုများမှ ကြိုတင်ကာကွယ်ရန်၊

အသက်ရွယ်ကြီးသူများချော်လဲကျကာ ပေါင်ထိပ်ရိုးကျိုးရခြင်းသည် အဖြစ်များလေ့ရှိပြီး လူနာများ မိသားစုဝင်များနှင့် နိုင်ငံတော်ကိုပါ ပြုစုစောင့်ရှောက်ရေးနှင့် ကုသရေးတို့အတွက် လူအင်အား အချိန်နှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ရလေသည်။

သို့ဖြစ်ပေရာ အသက်ကြီးသူများ အလွယ်တကူ ချော်လဲကျခြင်းမဖြစ်စေရန် အောက်ဖော်ပြပါ ဆောင်ရန်ရှောင်ရန်များကို အထူးဂရုပြုကြရန်လိုအပ်ပါသည်။

၁။ ခလုတ်တိုက်ခြင်းဖြစ်စေနိုင်သော ဝါယာကြိုး၊ ခြေသုတ်အဝတ်၊ ကြမ်းပေါ်ရှိအဖုအထစ် အစရှိသည်များကို ဖယ်ရှားပစ်ရန်၊
၂။ မျက်စိအာရုံမကောင်းသော၊ ခေါင်းမူးဝေတတ်သော၊ လမ်းကောင်းစွာမလျှောက်နိုင်သော အသက်ကြီးသူများအား အိမ်တွင်းအိမ်ပသွားလာရာတွင် အမြဲလက်တွဲကာ ဖေးကူပေးရန်၊
၃။ ကျန်းမာရေးနှင့်ညီညွတ်ပြီး ချော်လဲမကျနိုင်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ (exercises and physical activity) မှန်မှန်ပြုလုပ်ပေးရန်၊
၄။ အရိုးပွဆတ်ခြင်း ရှိ မရှိ ဆရာဝန်နှင့်ပြသတိုင်ပင်ရန်

အသက်ကြီးသူ ဘိုးဘိုး ဘွားဘွားများ ချော်လဲကျခြင်းမှ လုံးဝကင်းဝေးပြီး ဘေးကင်းကျန်းမာစွာ ရှိကြစေရန် ဝိုင်းဝန်းဂရုစိုက်ကူညီကြပါစို့။ ။

## လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံ ပါဝင်သော သုံးသပ်အစည်းအဝေးပြုလုပ်

**မြိတ် စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြု စီမံကိန်း စတုတ္ထနှစ် နှစ်ပတ်လည်မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ခြင်း အစည်းအဝေးနှင့် ဆောင်ရွက်မှု အကောင်းဆုံးဆုချီးမြှင့်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကျွန်းရတနာခန်းမ၌ စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဘေဘီသန်းက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျွန်းစုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းက အစည်းအဝေး၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းဦးက ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်၊ စတုတ္ထနှစ်လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ကျွန်းစုမြို့နယ် လူထုဗဟိုပြုစီမံကိန်း ကျေးရွာကော်မတီများ ကိုယ်စား ဒေါ်မိုးနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ကော်မတီဝင်များက ကဏ္ဍအလိုက် အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ ဆွေး နွေးခြင်းနှင့် အမှတ်ပေးအဖွဲ့များမှ အကောင်းဆုံး ကျေးရွာအုပ်စုနှင့် ကျေးရွာများအား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများက အကောင်းဆုံးကျေးရွာအုပ်စု သုံးအုပ်စုနှင့် ကျေးရွာ သုံးရွာတို့အား ရွေးချယ်ခဲ့ကြပြီး စီမံကိန်း စတုတ္ထနှစ်အတွင်း အကောင်းဆုံးကျေးရွာအုပ်စုတွင် ပထမဆုကို ရေကန်တောင်ကျေးရွာအုပ်စု၊ ဒုတိယဆုကို ကတ္တလူကျေးရွာအုပ်စု၊ တတိယဆုကို စခန်းသစ်ကျေးရွာအုပ်စုနှင့် ကျေးရွာတွင် ပထမဆုရ စခန်းသစ်ကျေးရွာ၊ ဒုတိယဆုရ လင်မလိုကျေးရွာ၊ တတိယဆုရ ပဲ့တိုင်ကျေးရွာတို့အား တနင်္သာရီတိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဘေဘီသန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်းနှင့် ကျွန်းစုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ပထမနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၄၉ ရွာတွင် လုပ်ငန်းပေါင်း ၁၄၃ ခုကို ငွေကျပ်သန်း ၅၄၇ ဒသမ ၁၂၈ ဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် ဒုတိယနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၂ ရွာတွင် လုပ်ငန်းပေါင်း ၁၇၂ ခုကို ငွေကျပ် ၁၃၄၀ သန်းဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ တတိယနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၃ ရွာ၌ လုပ်ငန်းပေါင်း ၁၇၀ ကို ငွေကျပ်သန်း ၁၅၈၀ ဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်၊ စတုတ္ထနှစ်စီမံကိန်းကာလ၌ ကျေးရွာပေါင်း ၁၆၃ ရွာတွင် လုပ်ငန်းပေါင်း ၁၇၄ ခုကို ငွေကျပ် ၁၆၀၆ သန်းဖြင့် လမ်း၊ တံတား၊ ရေ၊ မီးနှင့် အခြေခံအဆောက်အအုံများကို အောင်မြင်စွာဖြင့် ဆောင်ရွက်ပြီးစီး၍ ကျေးရွာများရှိ ဒေသခံပြည်သူများအတွက် အကျိုးခံစားနေရပြီဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## မြို့သန့်ရှင်းသာယာလှပရေး ချုံနွယ်များရှင်းလင်း

**တမူး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များရှင်းလင်းခြင်းကို စက်တင်ဘာ ၂ ရက် နံနက် ၇ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တမူးမြို့သန့်ရှင်းသာယာလှပရေးအတွက် အလေ့ကျပေါက်ရောက်နေသော သစ်ပင်ချုံနွယ်များခုတ်ထွင်ခြင်း၊ မြက်များရှင်းလင်းခြင်း၊ အမှိုက်များကောက်ခြင်းတို့ကို တမူးခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင် ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို နန့်ဖာလုံဈေးပတ်ဝန်းကျင်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မိုက်ခရိုလေလား အသေးစားလား

**လေ့လာသူတစ်ဦး**

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အဓိကကျလျက်ရှိပေသည်။ သို့ဖြစ်ရာ ယနေ့နိုင်ငံတော်အစိုးရသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ပေးလျက်ရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီတွင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဦးဆောင်ပါဝင်လျက် SMEs များ ဖွံ့ဖြိုးရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အကြီးစားစီးပွားရေးလုပ်ငန်းများ၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ အသေးစားစက်မှုလက်မှုလုပ်ငန်းများပါ တစ်ပြိုင်နက်လိုက်ပါ ဖွံ့ဖြိုးလျက်ရှိသည်။ ယနေ့မြန်မာနိုင်ငံတွင်မူ နိုင်ငံတကာကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း မရှိသေးသလို ပြည်တွင်းအကြီးစား စက်မှုလက်မှုလုပ်ငန်းကြီးများလည်း ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပါ။ သို့ဖြစ်၍ မြန်မာ့အသေးစား စီးပွားရေးလုပ်ငန်းများက မြန်မာ့မူ၊ မြန်မာ့ဟန် ကိုယ်ထူးကိုယ်ချွန်ဖြင့် အစိုးရ၏အထောက်အပံ့ အလွန်အားနည်းစွာဖြင့် ကြိုးစားရှင်သန်လျက်ရှိနေကြရသည်။

ယနေ့အချိန်အထိ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ဖော်ဆောင်ပေးမှု မည်သည့်ဟာမျှ လုံလောက်စွာရနိုင်သည်ဟု မျှော်လင့်မရသည့်အခြေအနေ ဖြစ်ပေသည်။ ယခုတလော ကြားသိရသည်မှာ JICA အစီအစဉ်ဖြင့် လုပ်ငန်းတစ်ခုလျှင် အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ CB Bank မှ တစ်ဆင့် SMES များအား ချေးငွေပေးမည်ဟူ၏။ သို့ရာတွင် နီးစပ်ရာ ဦးရာလူများပင် ရနိုင်ပေမည်။ အဆိုပါချေးငွေမှာ သာမန်လူများ၊ အသေးစားစီးပွားရေးလုပ်ငန်းငယ်များအတွက် ချေးယူခွင့်ရရန် လက်လှမ်းမမီနိုင်ပါ။ သို့ဖြစ်ရာ ယနေ့ အခြေအနေများအရ မြန်မာ့အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာဖို့ ဘာတွေလုပ်ပေးသင့်ပါသလဲ။ လုပ်နိုင်တာကို စလုပ်တာကပိုလွယ်တယ်ဟု ဆိုရိုးစကားရှိပါသည်။ အတန်ငယ်ရှုပ်နေတာလေးများ ရှင်းပေးရုံမျှဖြင့်ပင် မိုက်ခရိုဟုဆိုရမည်လား၊ အသေးစားလုပ်ငန်းငယ်များဟု ဆိုရမည်လားမသိသော စီးပွားရေးလုပ်ငန်းငယ်များသည် ဖွံ့ဖြိုးလာနိုင်ပါသည်။ ဒါဆိုဘာတွေက ရှုပ်နေသည်ကို လေ့လာကြည့်ပါလျှင်-

**အသေးစားစီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှာ ဘယ်လိုအဓိပ္ပာယ်သတ်မှတ်ကြပါသလဲ**

စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် အသေးစားစီးပွားရေး လုပ်ငန်းဆိုသည်မှာ-

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၅၀ ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသောလုပ်ငန်း၊

(၂) လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၃၀၀ ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ်သန်း၅၀၀ ထက်မပိုသောလုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ ၃၀ ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ထက်မပိုသောသို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက်မပိုသော လုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သောလုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၆) အထက်ပါအပိုဒ်ခွဲငယ်(၁၊ ၂၊ ၃၊ ၄နှင့် ၅)တို့မှအပအခြားလုပ်ငန်း တစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက်မပိုသောလုပ်ငန်း ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြဋ္ဌာန်းထားသော အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် အသေးစားစက်မှု လက်မှုလုပ်ငန်းဆိုသည်မှာ-

မိသားစုဝင်ငွေများဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်း ထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် မြင်းကောင်ရေ သုည ဒသမ ၂၅ နှင့်အထက်၊ ၅ ကောင်အားနှင့်အောက် အသုံးပြုသည့် အလုပ်သမား ကိုးဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမားသုံးဦးနှင့်အထက် ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား ပါသည်။

စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော စက်မှုဥပဒေတွင်-

(က) မိုက်ခရိုစက်မှုလုပ်ငန်းဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အမြဲတမ်းဝန်ထမ်း ငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ ဝန်ထမ်းဦးရေ အမြဲတမ်း ၁၅ ဦးထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါသည့် မတည် ရင်းနှီးငွေ ကျပ်သန်း ၅၀ ထက်မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင် မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်။

(ခ) အသေးစားစက်မှုလုပ်ငန်းဆိုသည်မှာ ဝန်ထမ်းဦးရေ အမြဲတမ်း ၁၅ ဦး အထက်မှ ၅၀ အထက်မပိုသော သို့မဟုတ် မြေတန်ဖိုးမပါဝင်သည့် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀ အထက်မှ ငွေကျပ်သန်း ၅၀၀ ထက် မပိုသော ကုန်ထုတ်လုပ်ငန်းနှင့် ပြုပြင်မွမ်းမံသည့်လုပ်ငန်းကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့် ဆိုထားပါသည်။

အထက်ပါဝန်ကြီးဌာန နှစ်ခု၏ ဥပဒေပြဋ္ဌာန်းချက်များ၌ပင် မိုက်ခရို/ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ပတ်သက်၍ အမျိုးမျိုးဖြစ်နေကြောင်း တွေ့ရမည် ဖြစ်ပါသည်။

ဤသို့ဖြင့် ဝန်ကြီးဌာနအသီးသီးက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုလျက် ဥပဒေအသီးသီးထုတ်ပြန်ကာ အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးကို ကြိုးကြပ်ဆောင်ရွက်လျက်ရှိနေကြပေသည်။ သို့ဖြစ်ရာ အသေးစား စက်မှုလက်မှုလုပ်ငန်းရှင်များဘဝသည် လက်တွေ့နယ်ပယ်တွင် ဘယ်ဌာန ကိုသွား၍ မှတ်ပုံတင်ရမည်မသိ၊ ဘယ်သူ့အကူအညီ တောင်းခံရမည်မသိဖြင့် လုံးချာလိုက်လျက်ရှိကြရသည်။

အသေးစားစီးပွားရေးလုပ်ငန်းငယ်များကို ဝန်ကြီးဌာနအမျိုးမျိုးက ဥပဒေအမျိုးမျိုးထုတ်၊ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုသတ်မှတ်နေခြင်းက ၎င်းတို့ ဌာနများ၏ လုပ်ပိုင်ခွင့်ရရှိရေးသက်သက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်တန် ရာပေသည်။

အမှန်တကယ် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက် ပေးနိုင်ရန်အတွက် ဤသို့ ရှုပ်ထွေးလျက်ရှိသော အမျိုးမျိုးသော ဥပဒေများ၊ အဓိပ္ပာယ်များကို တိတိကျကျ ပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်ပါသည်။ အမျိုးမျိုးသော ဦးစီးဌာနများ ကွဲပြားနေခြင်းကိုလည်း တိကျသော တာဝန်ခွဲ ဝေပေးမှုများ၊ လုပ်ပိုင်ခွင့်သတ်မှတ်ပေးခြင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် စီမံခန့်ခွဲဆောင်ရွက်ပေးသင့်လှပါသည်။

**ဥပဒေများ များပြားရှုပ်ထွေးနေခြင်းအား ရှင်းလင်းပေးသင့်**

ယနေ့အခါ အစိုးရဌာနအသီးသီးက ၎င်းတို့ဌာနနှင့် သက်ဆိုင်သည့်ပြဋ္ဌာန်း လိုသည့် ဥပဒေများကို ရှေ့နေချုပ်ရုံး၏ အကြံဉာဏ်ရယူကာ လွှတ်တော်သို့ တင်ပြအတည်ပြုပြဋ္ဌာန်းလျက်ရှိပေသည်။ ထိုသို့ဆောင်ရွက်သည့်အခါ၌ အစိုးရဌာနအသီးသီးသည် ၎င်းတို့ဌာန လုပ်ပိုင်ခွင့်ရရှိရေးကို အဓိကဦးတည်ကာ ၎င်းတို့ဆောင်ရွက်လိုသည့် လိုလားချက်အပေါ်တွင်သာ အခြေခံပြီး အခြား သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းခြင်း၊ ရှေ့နေချုပ်ရုံးသည်လည်း တင်ပြလာသော ဥပဒေများအပေါ် ဥပဒေနှင့် ညီ၊ မညီ၊ ဥပဒေစကားရပ်များ မှန်၊မမှန်သာ စိစစ်ပေးနိုင်သဖြင့် ဥပဒေအကြံဉာဏ် တောင်းခံလာသည့် ဌာနများ၏ ဥပဒေများနှင့် အခြားဝန်ကြီးဌာနများ၏ ဥပဒေငြိစွန်းခြင်း၊ လွှမ်းမိုးခြင်း၊ ထပ်နေခြင်း၊ ရှုပ်ထွေးနေခြင်းများရှိ၊ မရှိကို အချိန်ယူစိစစ်ပေးနိုင်မှု မရှိခြင်းတို့ကြောင့် ဝန်ကြီးဌာနများက ထုတ်ပြန်သော ဥပဒေများသည် အခြားသောဝန်ကြီးဌာနများက ထုတ်ပြန်သောဥပဒေများနှင့် ဆက်စပ်မှုမရှိခြင်း၊ လွှမ်းမိုးထားခြင်း၊ လိုက်လျောညီထွေမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပေသည်။ သို့ဖြစ်ရာ အသေးစားစီးပွားရေးလုပ်ငန်းငယ်များ သည် ဝန်ကြီးဌာန နှစ်ခုက ဥပဒေသုံးမျိုးထုတ်ပြန် ကြပ်မတ်ဆောင်ရွက်သော အခါ မည်သည့်ဥပဒေကို လိုက်နာရမှန်းမသိဖြစ်လျက်ရှိပေသည်။ ဥပဒေတစ်ခု ထုတ်ပြန်ဆောင်ရွက်ခြင်းသည် ပြည်သူ့အကျိုးငှာ ဖြစ်သင့်ပြီး ဌာန၏ လုပ်ပိုင်ခွင့်ရရှိရေးကို ဦးမတည်သင့်ပါ။

**FDA နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အခက်အခဲက ဘာတွေလဲ**

ယနေ့အခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန FDA သည် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဥပဒေများ ပြဋ္ဌာန်းလျက် ပြည်သူများကျန်းမာရေးအတွက် ကာကွယ် စောင့်ရှောက်ပေးလျက်ရှိရာ ဈေးကွက်အတွင်းရှိ စားသောက်ကုန်၊ လူသုံး ကုန်၊ အလှကုန်များအား ဈေးကွက်အတွင်းသို့ ရှောင်တခင် ဝင်ရောက်စစ် ဆေးခြင်းများဆောင်ရွက်ခြင်း၊ သုံးစွဲရန်မသင့်သော ပစ္စည်းများ၊ အစား အသောက်များအား ထုတ်ပြန်ကြေညာပေးခြင်းများ ဆောင်ရွက်လျက်ရှိ ပါသည်။ ပြည်သူ့ကျန်းမာရေးအတွက် များစွာကြိုဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် FDA ၏ ထောက်ခံချက်ရရှိရေးမှာ တစ်နိုင်တစ်ပိုင်ထုတ်လုပ်နေ သော အသေးစားစီးပွားရေးလုပ်ငန်းငယ်များအတွက် များစွာအခက်အခဲ ဖြစ်လျက်ရှိသည်။ ငွေကြေးမတတ်နိုင်ခြင်း၊ FDA ဝန်ထမ်းအနည်းငယ်၊ ဓာတ်ခွဲခန်းအနည်းငယ်များဖြင့် တစ်နိုင်ငံလုံးရှိ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်များကို ကျန်းမာရေးနှင့်ညီ၊ မညီ ဓာတ်ခွဲစစ်ဆေးပေးနေရခြင်းမှာ ဝန်နှင့်အား မမျှသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းငယ်များ မဆိုထားနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများပင် ထောက်ခံချက်ရရှိရန် လပေါင်းများစွာ စောင့်စားနေရလျက်ရှိသည်။ သို့ဆိုလျှင် မည်သို့ဆောင်ရွက်သင့်သနည်း။ FDA ၏ နည်းစနစ်နှင့်အညီ FDA အသိအမှတ်ပြုဓာတ်ခွဲခန်းများ ဖော်ဆောင်ပေးခြင်း၊ ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ ဓာတ်ခွဲခန်း များအား FDA က အသိအမှတ်ပြုပေးခြင်းများ ဆောင်ရွက်ပါလျှင် အသေးစားစီးပွားရေးလုပ်ငန်းငယ်များအတွက် အချိန်ကုန်၊ ငွေကုန် သက်သာပြီး ဖွံ့ဖြိုးမှုပိုမိုမြန်ဆန်လာကာ ပြည်သူများလည်း ဘေးအန္တရာယ် ကင်းရှင်းသော ပစ္စည်းများ ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။

**အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရန်မှာ ပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုသည် လွန်စွာအရေးကြီး**

နိုင်ငံအနှံ့ အသေးစားစီးပွားရေးလုပ်ငန်းမည်မျှရှိသည်ကို ခန့်မှန်းရန် မလွယ်ပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေး စားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းအရ ၈၆၄၂ ခု၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ထုတ်ပြန်သော စာရင်း အရ ၃၁၅၈၃ ခု စုစုပေါင်း ၄၀၂၂၅ ခု ရှိသည်ဟုသာ သိရသည်။ ဥပဒေနှင့် အညီ တရားဝင်မှတ်ပုံတင်ရန် ဆောင်ရွက်ခြင်း မရှိသေးသော လုပ်ငန်း အများအပြား ကျန်နေဦးမည်ဟု ထင်မြင်ယုံကြည်ရပါသည်။ စာရင်းအင်း အချက်အလက် မရှိသောအခါ ၎င်းတို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖြေရှာ ရန် ခက်ခဲလှသည်။ လိုအပ်သော အရင်းအနှီးချေးငွေ မည်သို့ပေးရမည်နည်း။ မည်သည့်လုပ်ငန်း၊ မည်သည့်ဒေသ၊ မည်သူ့ကို ဦးစားပေးရမည်နည်း။ နည်းပညာ ဘယ်သူ့ကို ဘယ်လိုဖြန့်ဖြူးပေးရမည်နည်း အဖြေမရှိပါ။ သို့ဖြစ်ရာ အသေးစားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အစိုးရဌာန များနှင့် ပူးပေါင်းဆောင်ရွက်ရန် များစွာအရေးကြီးလှပါသည်။

**မိုက်ခရိုလုပ်ငန်းများအား နိုင်ငံတော်အစိုးရ၏ အားပေးထောက်ပံ့မှုလိုအပ်**

ယနေ့အခါ မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်း များ (SMEs) ဖွံ့ဖြိုးရေးကို နိုင်ငံတော်က အားပေးမြှင့်တင်လျက်ရှိသော်လည်း မိုက်ခရို (Micro)ခေါ်ရမည်လား၊ အသေးစားအိမ်တွင်းစီးပွားရေးလုပ်ငန်း များခေါ်ရမည်လားမသိသော စီးပွားရေးလုပ်ငန်းငယ်များကို အစိုးရ အဆက်ဆက်၌ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်အဆင့် အစီအစဉ်များဖြင့် အားပေးမြှင့်တင်မှု နည်းပါးလျက်ရှိသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၀၀၀ ကျော်ရှိသည်ဆိုပါက ကျေးရွာတိုင်းတွင် အသေးစား စီးပွားရေးလုပ်ငန်းငယ်များရှိကြသဖြင့် ၎င်းတို့ကဏ္ဍမြှင့်တင်ပေးခြင်းဖြင့် ကျေးလက်မှသည် မြို့ပြမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ အသေးစားမှသည် အလတ်စား၊ အကြီးစားဆီသို့ တက်လှမ်းနိုင်မည်ဖြစ် ပါသဖြင့် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်အဆင့် အစီအစဉ်များတွင် ထည့်သွင်းမြှင့်တင်ပေးသင့်ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းငယ်များ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် အလတ်စား၊ အကြီးစားများကဲ့သို့ ငွေကုန်ကြေးကျမများနိုင်ပါ။ ထိုက်သင့်သော ငွေကြေးထောက်ပံ့မှု၊ နည်းပညာအကူအညီပေးမှု၊ ဈေးကွက်ဖော်ဆောင်ပေးမှု အတန်အသင့်သာ လိုအပ်ပါသည်။ အသိပညာပေးမှုအနည်းငယ်သာ လိုအပ်ပါသည်။

**အစိုးရဌာနအားလုံး ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်ဖွံ့ဖြိုးရေးဆီသို့**

အစိုးရဌာနအသီးသီးသည် ပြည်သူ့အကျိုးငှာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မိမိဌာနများက ပြည်သူ့ အကျိုးဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းနယ်ပယ်၊ လုပ်ငန်းပမာဏနှင့် မိမိတွင်ရှိသည့် ပညာရှင်အင်အား၊ လူအင်အားများ၊ ဆောင်ရွက်ပေးနိုင် စွမ်းတို့ကို ယှဉ်ထိုး၍ မိမိဌာနက စွမ်းနိုင်သည့် ပမာဏကိုသာ တာဝန်ယူ ဆောင်ရွက်သင့်လှပါသည်။ အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းမရှိဘဲ ဆောင်ရွက်ပါက နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကိုပါ ထိခိုက်နစ်နာ နိုင်ပါသည်။ သို့ဖြစ်ပါ၍ မိမိဌာနကသာ အဓိကဖြစ်ရေး ဦးမတည်ဘဲ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပြည်သူ့အကျိုးအမှန်တကယ် ဆောင်ရွက်နိုင်သော ဌာနကိုသာ လုပ်ပိုင်ခွင့်တာဝန်ပေးအပ်ခြင်း၊ တိကျသောတာဝန်ခွဲဝေပေးအပ်မှုများ ဆောင်ရွက်သင့်လှပါသည်။ သို့မှသာ ဥပဒေအရ ရှုပ်ထွေးမှု မဖြစ်စေဘဲ အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး လာမည်ဖြစ်ပါသည်။ အလားတူ အခြားသော နယ်ပယ်ကဏ္ဍ အသီးသီး အတွက်လည်း ပေါင်းစပ်ညှိနှိုင်းရ ခက်ခဲသော၊ လုပ်ရခက်ခဲနေသော ဥပဒေ များ၊ ရှုပ်ထွေးနေသော ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်သင့်လှပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးကျော်ဆွေ ကျီးကန်းပြင်မှ တပ်ဖွဲ့ဝင်နှင့်မိသားစုများ၊ စစ်တွေမြို့ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသလျက်ရှိသော ဒဏ်ရာရတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းတို့အား ထောက်ပံ့ငွေများပေးအပ်



**မောင်တော စက်တင်ဘာ ၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ခေတ္တရဲချုပ်၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးတို့နှင့်အတူ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး (ကျီးကန်းပြင်)တွင် ပတ်ဝန်းကျင်ကျေးရွာများမှ တိမ်းရှောင်လာသူ တိုင်းရင်းသားများနှင့် ကျီးကန်းပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲတွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်နှင့် မိသားစုများအားရင်းနှီးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး ကျဆုံးတပ်ဖွဲ့ဝင်များ၊ ဒဏ်ရာရတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဒဏ်ရာရတပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးတို့အား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ အလိုတော်ပြည့်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အရိယာဝံသအား သွားရောက်ဖူးမြော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာများ ထောက်ပံ့သွားမည်



**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂ ရက် ညနေပိုင်းက စစ်တွေမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ ပြည်ကြီးမဏ္ဍိုင်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ငွေကျပ် ငါးသိန်း ထောက်ပံ့ခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လမ်းမတော်မြောက်ရပ်ကွက်ရှိ လမ်းမတော်ကျောင်းတိုက်တွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရမှ စစ်တွေမြို့ပေါ်၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်နှင့် စားနပ်ရိက္ခာပြတ်တောက်မှုမရှိစေရန် အတွက် လိုအပ်သော စားနပ်ရိက္ခာများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက် အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် မောင်တောဒေသခံများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာကြသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ ဒေသခံများနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အရေးပေါ်လိုအပ်လျက်ရှိသော စားနပ်ရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အရိယာဝံသ အမှူးပြုသည့် တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်ကြသည့် သံတွဲမြို့ ပရဟိတ ဖောင်ဒေးရှင်း၊ သပြေချိုင်ကမ်းဝေးရေယာဉ်အဖွဲ့၊ မင်းဇာနည်ကုမ္ပဏီမိသားစု၊ လေးကျွန်းသူ ဖောင်ဒေးရှင်း (ရန်ကုန်)၊ ညောင်ဦးမြို့ အလိုတော်ပြည့်ကျောင်းဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင် အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက် စသော စားနပ်ရိက္ခာများနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြပြီး စစ်တွေမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်စိုးက လက်ခံရယူကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပစ္စည်းများပေးအပ်မှုနှင့် ပတ်သက်ပြီး အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်က "ဘုန်းကြီးတို့အနေနဲ့ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ် သုံးမြို့နယ်က နေရပ်စွန့်ခွာတိမ်းရှောင်လာသူတွေကို အဆင်ပြေအောင် လူမှုကယ်ဆယ်ရေးအတွက် သာမက အမျိုးသားရေးစိတ်ဓာတ်ကိုပါ အခြေခံထားပြီး ကူညီစောင့်ရှောက်ပေးနေတာဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မှာလည်း ဘုန်းကြီးတို့ စုပေါင်းအလှူခံမှုတွေ ပြုလုပ်ပြီး ဝေးလံခေါင်ဖျားတဲ့ မောင်တောနယ်စပ်ဒေသမှာ ပိတ်မိနေတဲ့ တိုင်းရင်းသားတွေဆီရောက်အောင် တပ်မတော်က ရဟတ်ယာဉ်တွေစီစဉ်ပြီး ပို့ဆောင်ပေးနေပါတယ်။ ဒီနေ့မှာ မောင်တော ဘူးသီးတောင်နဲ့ ရသေ့တောင်မှာ ရှိနေတဲ့ ဒုက္ခသည်တွေကို လှူဒါန်းထောက်ပံ့တာဖြစ်ပါတယ်"ဟု မိန့်ကြားသည်။

ထောက်ပံ့လှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင် ဦးသိန်းဌေးက "ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို တပ်မတော်ဘက်ကလည်း လုပ်သင့်တာတွေ လုပ်နေကြတယ်။ အစိုးရပိုင်းကလည်း လုပ်သင့်တာတွေ လုပ်ပေးနေသလို ကျွန်တော်တို့ပြည်သူတွေအနေနဲ့လည်း အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်ဖြစ် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီစိတ်ဓာတ်နဲ့ပဲ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကြောင့် ဒုက္ခရောက်နေကြတဲ့ တိုင်းရင်းသားပြည်သူတွေကို ဝိုင်းဝန်းကူညီထောက်ပံ့လှူဒါန်းပေးနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် မောင်တောဒေသမှာ နေ့ညမအား လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်ဖွဲ့ဝင်တွေအတွက်လည်း သူတို့ကို အားပေးထောက်ခံတဲ့အနေနဲ့ အသင့်စားသုံးနိုင်တဲ့ ရိက္ခာတွေကို လှူဒါန်းခဲ့ပါတယ်။ ဒီနေ့ အခမ်းအနားမှာ စေတနာရှင် အလှူရှင်တွေအပါအဝင် စုပေါင်းလှူဒါန်းတဲ့ ထောက်ပံ့ပစ္စည်းတန်ဖိုးကတော့ ငွေကျပ်သိန်းပေါင်း ၈၀၀ ကျော်ရှိပါတယ်"ဟု ပြောသည်။



အလိုတော်ပြည့်ကျောင်းတိုက်သို့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့မှ နေရပ်စွန့်ခွာတိမ်းရှောင်လာသူများ ပြီးခဲ့သည့် သုံးရက်ခန့်က စတင်ရောက်ရှိလာခဲ့ကြပြီး လက်ရှိတွင် လူဦးရေ စုစုပေါင်း ၃၅၀ ကျော်နေထိုင်ခိုလှုံလျက်ရှိကာ ၎င်းတို့၏ စားဝတ်နေရေး အစစအရာရာ အဆင်ပြေစေရန် အတွက် ဆရာတော်ကြီးမှ ဦးဆောင်ပြီး ကူညီစောင့်ရှောက်ပေးထားသည့်အပြင် ပြည်နယ်အစိုးရအဖွဲ့မှလည်း ဆန်နှင့် အခြား လိုအပ်သည်များ ဝယ်ယူနိုင်ရန် ငွေကြေးထောက်ပံ့မှုများကို စီစဉ်ပေးထားကြောင်း သိရသည်။

**တင်မောင်လွင်၊ မင်းထက်အောင်**
**ဓာတ်ပုံ-မောင်မွှေး**

**❂ ကျောဖုံးမှ**

အင်ဒိုနီးရှားနဲ့ တစ်ပွဲတည်းအတွက် ပြင်ဆင်နေတာ မဟုတ်ဘဲ ပြိုင်ပွဲတစ်ခုလုံးအတွက် ပြင်ဆင်နေတာပါ"ဟု ပြောသည်။ မြန်မာအသင်းနှင့် ကစားရမည့် အင်ဒိုနီးရှားအသင်းနည်းပြချုပ် အင်ဒရေက "ကျွန်တော်တို့က လာမယ့်နှစ်မှာ အိမ်ရှင်လုပ်မယ့် အာရှ ယူ-၁၉ ပြိုင်ပွဲအတွက် အဓိကပြင်ဆင်နေတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အကောင်းဆုံးလူစာရင်းနဲ့ ယှဉ်ပြိုင်မှာဖြစ်ပေမယ့် အတွေ့အကြုံရဖို့ကို အဓိကဦးတည်ပါတယ်။ ဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ငါးလလောက်ရခဲ့ပြီး ခြေစမ်းပွဲတွေလည်း ကစားခဲ့ပါတယ်။ မြန်မာအသင်းနဲ့ အဖွင့်ပွဲက ခက်ခဲမှာပါ"ဟု ပြောသည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ပွဲကို စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

❖

# မောင်တောဒေသတိုင်းရင်းသားများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နှစ်လစာစားနပ်ရိက္ခာများ ကူညီထောက်ပံ့

**စစ်တွေ စက်တင်ဘာ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒုက္ခရောက်နေကြသည့် မောင်တောခရိုင်အတွင်းရှိ ကျေးရွာများမှ တိုင်းရင်းသားများအတွက် နှစ်လစာစားနပ်ရိက္ခာဖူလုံစေရေးအတွက် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျေးရွာများသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် လိုက်လံပို့ဆောင် ကူညီထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၂၅ ရက် အခင်းစတင်ဖြစ်ပွားပြီးချိန်မှ စတင်၍ မောင်တောဒေသတွင်းရှိ တိုင်းရင်းသားများထံ ကာလတိုအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးမှအစ လိုက်လံကူညီထောက်ပံ့ပေးမှုများနှင့်အတူ ဒေသခံတိုင်းရင်းသားများကို အားပေးနှစ်သိမ့်ခဲ့သည်။

ဩဂုတ် ၃၁ ရက်မှ စတင်ကာ ဒေသခံတိုင်းရင်းများ နေထိုင်သည့် ကျေးရွာများ၊ စုရပ်များသို့ နိုင်ငံတော်အနေဖြင့် ယခင်ကတည်းက စီစဉ်ထားရှိသော နှစ်လစာဆန်၊ ဆီ၊ ကြက်သွန်၊ အာလူးနှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးမှုများကို မိုးလေဝသအခြေအနေကောင်းရှင်းမှုပေါ်မူတည်၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် နေ့စဉ် လိုက်လံပို့ဆောင်ကူညီထောက်ပံ့ပေးခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် မောင်တောဒေသကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများသည် ယခုအခါ ၎င်းတို့အသက်မွေးဝမ်းကျောင်းပြုလုပ်သော လယ်၊ ယာမြေများကိုပင် သွားရောက်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ ကျေးရွာများအတွင်း၌ မိသားစုအလိုက် စုရုံးနေထိုင်လျက်ရှိသည်။ တချို့ကျေးရွာများရှိ တိုင်းရင်းသားများမှာ ဝန်းကျင်မြို့များဖြစ်သော ဘူးသီးတောင်နှင့်စစ်တွေမြို့ပေါ်ရှိ စုရပ်စခန်းများတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသည်။

ယနေ့တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံတိုင်းရင်းသားကျေးရွာများဖြစ်သော မောင်တောဒေသတွင်းရှိ ရွှက်ညိုတောင်ကျေးရွာ၊ တမန်းသားကျေးရွာနှင့် လောင်းတုံကျေးရွာများရှိ ဒေသခံတိုင်းရင်းသားမိသားစုဝင်များအား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူးနှင့် ဆေးဝါးများကို သွားရောက်ကူညီထောက်ပံ့ပေးခဲ့သည်။

ကူညီထောက်ပံ့ပေးခဲ့သော ရွှက်ညိုတောင်ကျေးရွာ၌ အိမ်ခြေ ၄၃ လုံးရှိပြီး ဒေသခံတိုင်းရင်းသားအများစုနေထိုင်ကြသည်။ တစ်ဖန် တမန်းသားကျေးရွာ၌ အိမ်ခြေ ၁၁၅ လုံးရှိပြီး ရခိုင်၊ ဒိုင်းနက်၊ သက်နှင့် ဟိန္ဒူဘာသာဝင်များ အများဆုံးနေထိုင်လျက်ရှိပြီး လောင်းတုံကျေးရွာတွင် မြို၊ သက်၊ ဒိုင်းနက်၊ ဗမာနှင့် ရခိုင်လူမျိုးများ နေထိုင်ကြကာ အိမ်ခြေ ၁၀၅ လုံးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**




**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ရွှက်ညိုတောင်ကျေးရွာ ဒေသခံတိုင်းရင်းသားများအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးစဉ်။** (သတင်းစဉ်)

# အကြမ်းဖက်သမားများလက်မှ လွတ်မြောက်လာသော ဟိန္ဒူဘာသာဝင်အမျိုးသမီး မကော်မာလာ

**ဆောင်းပါး. . ရဲခေါင်ညွန့်**

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၏ ပြင်ပလူနာကုသဆောင် လူနာခုတင်ပေါ်တွင် အသက် (၂၅) နှစ်အရွယ် ဟိန္ဒူဘာသာဝင် မကော်မာလာတစ်ယောက် လဲလျောင်းနေကာ သူ၏နံဘေးတွင် အသက် (၅၀) အရွယ် အမျိုးသမီးကြီးတစ်ဦးနှင့် အသက် သုံးနှစ်ခွဲအရွယ် ကလေးငယ်တစ်ဦးတို့ လူနာစောင့်အဖြစ် ရှိနေသည်။

သတင်းမီဒီယာသမားများ သူ့နံဘေးရောက်ချိန်တွင်တော့ သူနာပြုဆရာမ နှစ်ဦး၏ အကူအညီဖြင့် မကော်မာလာက လူနာခုတင်ပေါ်တွင်ထိုင်ကာ စကားပြောလိုက်သည်။

"ကျွန်မရဲ့ မိသားစုတွေ ပါသွားတယ်။ ကျွန်မရဲ့ မိသားစုမှာ ကျွန်မယောက်ျားရယ်၊ ကျွန်မရဲ့ ကလေးတစ်ယောက်ရယ် အသတ်ခံရပါတယ်။ နောက် ကျွန်မရဲ့ ယောက်မနဲ့ သူ့ရဲ့ယောက်ျားရယ် စုစုပေါင်း ခြောက်ယောက် အသတ်ခံခဲ့ရပါတယ်။ အဲဒီအထဲမှာ ကျွန်မကဒဏ်ရာရပြီး လွတ်လာတာ" ဟိန္ဒူဘာသာစကားဖြင့် ပြောခြင်းဖြစ်သော်လည်း သူနာပြုဆရာမက မကော်မာလာပြောပြသည့် စကားများကို ဘာသာပြန်ပေးသည်။

ဩဂုတ် ၂၆ ရက် ည ၁၁ နာရီခန့်တွင် မကော်မာလာနှင့် ဟိန္ဒူဘာသာဝင် မိသားစု ၁၀ ဦးသည် မြင်းလွတ်မြို့မှ မောင်တောမြို့သို့ ပြန်လာစဉ် မြို့သူကြီးကျေးရွာအနီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားနေသဖြင့် ဆောက်လုပ်ဆဲ မောင်တောခရိုင်တရားရုံးပေါ်သို့ တက်ပြေးပုန်းရှောင်ခဲ့သည်။

ထိုသို့ ပုန်းရှောင်စဉ် ကြိုတင်ရောက်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဟိန္ဒူဘာသာဝင်အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် ကလေးသုံးဦးတို့မှာ နေရာတွင်ပင် သေဆုံးခဲ့ရသည်။

မကော်မာလာနှင့် အခြားအမျိုးသမီးတစ်ဦး၊ ကလေးငယ်နှစ်ဦးမှာ လွတ်မြောက်ခဲ့သော်လည်း ပစ်ခတ်မှုကြောင့် မကော်မာလာမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

မကော်မာလာက "အဲဒီဆောက်လက်စအဆောက်အအုံထဲမှာ ကြိုတင်ပြီးရောက်နေတဲ့ အစွန်းရောက်အကြမ်းဖက်သမား ၁၀၀ ကျော်လောက် ရှိပါတယ်။ ကျွန်မတို့ အဲဒီထဲကို ဝင်ပြီးပုန်းတဲ့အချိန်မှာ အကြမ်းဖက်သမားတွေက လာပြီးတော့ပစ်တာပါ"ဟု ဆိုသည်။

ဆောက်လက်စအဆောက်အအုံပေါ်တွင် ရောက်ရှိနေသည့် ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် အမည်းရောင်ဘောင်းဘီ၊ အင်္ကျီနှင့် ခေါင်းစွပ်များစွပ်ထားပြီး တချို့တစ်ဝက်မှာ ပုံမှန်အဝတ်အစားများသာ ဝတ်ဆင်ထားသည်ဟု အနည်းငယ်လှုပ်ရှား၍ ရနိုင်သည့် ညာဘက်လက်တစ်ဖက်ကို လှုပ်ရှားကာ ဟိန္ဒူဘာသာစကားဖြင့် သတင်းမီဒီယာများ၏ မေးမြန်းမှုကို မကော်မာလာက သွက်သွက်ကလေး ဖြေကြားပေးနေသည်။



"တချို့တစ်ဝက်က လက်ထဲမှာ တုတ်တွေ၊ ဓားတွေ၊ တချို့ကသေနတ်တွေနဲ့ သူတို့အားလုံးမှာ လက်နက်တွေပါတယ်" ဟု ပြောသည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် မကော်မာလာ၏ ရှေ့တွင်ပင် သူ၏အမျိုးသားနှင့်သား အပါအဝင် သူ၏ဆွေမျိုးများကို သေနတ်နှင့်ပစ်၊ ဓားနှင့် ခုတ်ခြင်းများကို ပြုလုပ်ခဲ့ပြီး မကော်မာလာအားလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

မကော်မာလာအား အကြမ်းဖက်သမားများက သေပြီဟုယူဆကာ ထားခဲ့ခြင်းဖြစ်ပြီး မကော်မာလာနည်းတူ တရားရုံးအတွင်းရှိ စည်ပိုင်းအတွင်းသို့ ဝင်ရောက်ပုန်းအောင်းနေခဲ့သည့် အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်နှစ်ဦးလည်း လွတ်မြောက်ခဲ့သည်ဟု အစွန်းရောက်အကြမ်းဖက်သမားများ၏ အသက်အန္တရာယ်မှ လွတ်မြောက်လာပုံကို မကော်မာလာက ပြောပြသည်။

"ကျွန်မကိုသေနတ်နဲ့ပစ်တော့ ဘယ်ဘက်ရင်အုံကိုမှန်တယ်။ ဒဏ်ရာရပြီး သေပြီလို့ယူဆပြီးထားခဲ့တာပါ။ စည်ပိုင်းထဲဝင်ပုန်းနေတဲ့ ကလေးနှစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်လည်း လွတ်သွားပါတယ်။ ကျွန်မရယ်၊ အခုဒီကလေးလေးရယ်၊ နောက်အမျိုးသမီးတစ်ယောက်ရယ်၊ နောက်ထပ်ကလေးတစ်ယောက်ရယ် ပါပါတယ်။ အားလုံးပေါင်းကလေးနှစ်ယောက်ပါပါရင် လေးယောက်လွတ်လာတာပါ"ဟု မကော်မာလာက နံဘေးတွင် ထိုင်နေသည့် အသက်သုံးနှစ်ခွဲအရွယ် သားငယ်ကိုကြည့်ရင်း ပြောသည်။

မကော်မာလာသည် အစွန်းရောက်အကြမ်းဖက်သမားတို့ သတ်ဖြတ်မှုမှ လွတ်မြောက်လာသော်လည်း သူ့မိသားစုများကို ဆုံးရှုံးခဲ့ရပေပြီ။

မကော်မာလာအား ဆေးကုသပေးနေသည့် ဆရာဝန်ကြီးက "ဘယ်ဘက် နို့အုံကိုသေနတ်က ရှပ်ထိသွားတာပါ။ နို့အုံက ပြတ်သွားတယ်။ ဒီအတွက်ကြောင့် ဘူးသီးတောင်ဆေးရုံကို ရောက်လာတာ ဖြစ်ပါတယ်။ ဆရာဝန်တွေနဲ့ ဆရာမတွေက ကုသပေးနေတယ်။ အခုအချိန်မှာ သူ့ရဲ့ဒဏ်ရာတွေ ပိုမိုတိုးတက်ကောင်းမွန်အောင် စစ်တွေဆေးရုံကို ဒီနေ့ပဲလွှဲပေးမယ်"ဟု ဆိုသည်။

ဆောက်လက်စ နှစ်ထပ်ဆောင် မောင်တောမြို့ ခရိုင်တရားရုံးသည် တိတ်ဆိတ်လျက်ရှိနေပြီး အဆောက်အအုံ၏ တစ်ဖက်တစ်ချက်တွင် သေနတ်ကိုင်ကာ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေသည့် ရဲတပ်ဖွဲ့ဝင်များ ရှိနေသည်။ ခရိုင်တရားရုံး၏ ရှေ့ဆင်ဝင်အောက်တွင်မူ အနီရောင် Surf ကားတစ်စီးရပ်ထားပြီး ကား၏ ရှေ့နောက်နှင့် ဘေးဘက်မှန်အားလုံး ရိုက်ခွဲခံထားရသည်။ ကားမှန်စများက ကွန်ကရစ်ခင်းထားသည့် လမ်းမပေါ်မှာ ပြန့်ကျဲလျက်--။

ဩဂုတ် ၂၆ ရက်က ဆောက်လက်စခရိုင်တရားရုံးတွင် အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသော ဟိန္ဒူဘာသာဝင်များ၏ ရုပ်အလောင်းကိုသယ်ဆောင်ခဲ့သူ မောင်တောမြို့နယ်ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက "ဟိန္ဒူမိသားစုဝင်ခြောက်ဦး အသတ်ခံရတာမှာ ကလေးငယ်တွေပါတယ်။ တော်တော်သနားဖို့ ကောင်းတယ်။ အသက် ၅ နှစ်၊ ၇နှစ်၊ ၉ နှစ် ကလေးတွေ သေဆုံးသွားတယ်။ ရက်ရက်စက်စက်ပါပဲ"ဟု ပြောသည်။

ဩဂုတ် ၂၅ ရက်မတိုင်မီအထိ မောင်တောမြို့ပေါ်တွင် အသားအရောင်၊ ဘာသာစကား မတူညီသည့် ဈေးရောင်း၊ ဈေးဝယ်များ၊ ကျောင်းသား ကျောင်းသူများဖြင့် သွားလာလှုပ်ရှား စည်ကားနေခဲ့သည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ရဲကင်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ဌာနချုပ်တို့ကို တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူများ၏ အသက်များဆုံးရှုံးခဲ့ရသည်။ ARSA အစွန်းရောက်အကြမ်းဖက်သမားများကား တည်ငြိမ်အေးချမ်းရန် အစပြုနေသော ရခိုင်ပြည်နယ်ကို ထပ်မံဖျက်ဆီးခဲ့ပေသည်။

အကြမ်းဖက်တိုက်ဖျက်ရေးသည် ကမ္ဘာ့မိသားစုဝင်ပြည်သူများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ စသည်တို့အားလုံး၏ ဘုံအကျိုးစီးပွားဖြစ်သည့်အတွက် အစွန်းရောက်အကြမ်းဖက်သမားများနှင့် ၎င်းတို့နှင့် ပတ်သက်သည်များကို ဆန့်ကျင်တိုက်ဖျက်သွားရန် အထူးပင်အရေးကြီးပါသည်။

သို့အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအပြင် တစ်နိုင်ငံလုံးက အကြမ်းဖက်အန္တရာယ်မှ တုံ့ပြန်ချေမှုန်းနိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြရတော့မည် ဖြစ်သည်။

ဟိန္ဒူဘာသာဝင် အမျိုးသမီးမကော်မာလာတစ်ယောက် ဘူးသီးတောင်ပြည်သူ့ဆေးရုံ ပြင်ပလူနာဆောင်၏ ဆေးရုံခုတင်ထက်တွင် ကျန်ခဲ့လေပြီ။ မကော်မာလာ၏ မျက်လုံးများကား အသက်ရှင်ကျန်နေသေးသည့် သုံးနှစ်ခွဲအရွယ် သူ၏သားငယ်အား စိုက်ကြည့်လျက်-------။

# မောင်တောမြို့နယ်တွင် နယ်စပ်ခြံစည်းရိုးများ ဖျက်ဆီး၍ သွားလာနေပြီး တိုင်းရင်းသားကျေးရွာများ မီးရှို့ဖျက်ဆီးခံရ



**နေပြည်တော် စက်တင်ဘာ ၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်အတွင်း နယ်စပ်ခြံစည်းရိုးများဖျက်ဆီး၍ သွားလာခြင်း၊ နံ့သာတောင်ကျေးရွာရှိ ဂြိုဟ်နံဘုရားမှ ဆင်းတုတော်များ၏ ဦးခေါင်းတော်များအား ဖြတ်ခြင်း၊ ဘုန်းကြီးကျောင်း၊ ပရဟိတစာသင်ကျောင်းနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာ တစ်ဝိုက်သို့ နယ်မြေစိုးမိုးရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်ရန် သွားရောက်စဉ် နယ်စပ်ခြံစည်းရိုးကာရံထားသည့် သံဆူးကြိုးများ ပျက်စီးနေမှုကို မီးတိုက်ချောင်းဝကင်းစခန်းနှင့် ကွမ်းသီးပင်ချောင်းဝကင်းစခန်းကြားတွင် ပေ ၁၂၀ ခန့်၊ မီးတိုက်ချောင်းဝကင်းစခန်းနှင့် ကွမ်းသီးပင်ချောင်းဝကင်းစခန်းကြားတွင် ၃၂ ပေ ခန့် တွေ့ရှိရပြီး ယင်းနေရာများမှ ဖျက်ဆီး၍ ချောင်းပေါက်ဝများအတိုင်း တစ်ဖက်နိုင်ငံသို့ အလွယ်တကူ ဝင်ထွက်သွားလာနေသည့် အနေအထားများဖြစ်ကြောင်း။

ထို့ပြင် နံ့သာတောင်ကျေးရွာရှိ ဂြိုဟ်နံဘုရားမှ ဆင်းတုတော်အားလုံး၏ ဦးခေါင်းတော်များဖြတ်ထားပြီး ဘုန်းကြီးကျောင်း၊ ပရဟိတစာသင်ကျောင်းနှင့် တိုင်းရင်းသားနေအိမ် ၃၇ လုံးအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသည့် ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း

**မောင်တော စက်တင်ဘာ ၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ရခိုင်တိုင်းရင်းသား ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များ ခေတ္တခိုလှုံနေသည့် မောင်တောမြို့နယ် ဝေလာတောင်ကျေးရွာသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ သွားရောက်ပြီး ကျန်ရစ်သူမိသားစုဝင်များအား ထောက်ပံ့ငွေတစ်ဦးလျှင် နှစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ငွေတစ်ဦးလျှင် သုံးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၅ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ခရီးစဉ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည့် ရခိုင်တိုင်းရင်းသား ဒိုင်းနက်လူမျိုးငါးဦး၏ ကျန်ရစ်သူမိသားစုဝင်များအား တွေ့ကြုံခဲ့ရသည့် အဖြစ်ပျက်များကို တွေ့ဆုံမေးမြန်းတင်ပြလိုက်ရပါသည်။



ဦးသာလှ



မောင်ဘမောင်

**ဦးသာလှ(ဒိုင်းနက်လူမျိုး၊ ရန်ကာစေတီကျေးရွာ)**

ကျွန်တော်တို့ရွာက အိမ်ခြေ ၁၁ လုံးရှိပါတယ်။ အားလုံးဒိုင်းနက်လူမျိုးတွေချည်းပဲ နေကြပါတယ်။ အကြမ်းဖက်မှုဖြစ်ပွားတော့ ရွာကလူတွေ ကြောက်လန့်ပြီး ထွက်ပြေးကြပါတယ်။ အိမ်ထောင်စုငါးစုက နယ်မြေသစ်ဘက်ကို ထွက်ပြေးကြပါတယ်။ ကျွန်တော်တို့က ဝေလာတောင်ကျေးရွာဘက်ကို ပြေးလာကြပါတယ်။ ကျွန်တော်တို့မှာ လူပေါင်း ၂၂ ယောက်လောက်ပါတယ်။ လမ်းတစ်ဝက်လောက်မှာ အကြမ်းဖက်သမား ၁၀၀ လောက်က ဝိုင်းပြီးဓားတွေနဲ့ ခုတ်ကြတယ်။ ဒဏ်ရာရတဲ့သူတွေလည်းရတယ်။ ငါးယောက်လောက် သေသွားတယ်။ ကျွန်တော့်မိန်းမရယ်၊ ချွေးမရယ်၊ သားရယ်၊ မြေးရယ် လေးယောက် သေသွားပါတယ်။ လုံခြုံရေးတွေအကူအညီနဲ့ ချွေးမနဲ့မြေးရဲ့ အလောင်းက ပြန်ရတယ်။ သားနဲ့မိန်းမအလောင်းက ပျောက်နေတယ်။ ရှာလို့မတွေ့သေးဘူး။ သေဆုံးသွားတဲ့ ကျွန်တော့်မိသားစုအတွက် အစိုးရက တစ်ဦးကို ငွေကျပ်ငါးသိန်းနှုန်းနဲ့ ထောက်ပံ့ထားပါတယ်။

**မောင်ဘမောင်(ဒိုင်းနက်လူမျိုး၊ အောင်ဖေကျေးရွာ)**

အကြမ်းဖက်သမားတွေ သတ်လို့သေသွားတာက ကျွန်တော့်ညီဝမ်းကွဲ မောင်သိန်းလှပါ။ ကျွန်တော့်ညီက ခမောက်ဆိပ်သွားရင်း ဩဂုတ် ၂၅ ရက်က အနိုဗလီကျေးရွာနားက လမ်းဘေးမှာ အသတ်ခံခဲ့ရပါတယ်။ အလောင်းကို သွားရှာချင်ပေမယ့် လုံခြုံရေးစိတ်မချရလို့ သွားမရှာရဲသေးပါဘူး။ အခု အောင်ဖေကျေးရွာနဲ့ သက်ရွာက ဒီဝေလာတောင်ကျေးရွာက ဘုန်းကြီးကျောင်းမှာ အားလုံးစုပြီး လာနေကြပါတယ်။ စားရေးသောက်ရေးကတော့ အစိုးရက ရိက္ခာတွေပို့ပေးထားလို့ အဆင်ပြေပါတယ်။ လုံခြုံရေးအတွက်လည်း ရဲတပ်ဖွဲ့ဝင်တွေ ချထားပေးပါတယ်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ မြန်မာ့မြေပေါ်မှ ပျောက်ကွယ်သွားရေးအတွက် နိုင်ငံသားအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့် အချိန်အခါသမယဖြစ်ပါကြောင်း ဒိုင်းနက်လူမျိုးများ၏ ရင်နင့်စရာ၊ ကြေကွဲစရာခံစားချက်များကို အသိပေးရေးသားတင်ပြလိုက်ရပါသည်။

**သတင်းအဖွဲ့**

**❖ မန်းရတနာပုံလေကြောင်းလိုင်းမှ**

ပြည်တွင်းမှာခရီးသွားပြီဆိုရင် လုံခြုံစိတ်ချမှုကို အထူးဂရုစိုက်ကြပါတယ်။ ဒါကြောင့် ဒီအိုင်အိုဆာလက်မှတ် ရရှိလိုက်တာဟာလည်း နိုင်ငံခြားခရီးသွားဝန်ဆောင်မှုကို များစွာ တိုးတက်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အဆိုပါဂုဏ်ပြုပွဲ၌ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီး(IATA)မှ ကိုယ်စားလှယ်က အိုင်အိုဆာလက်မှတ်အား မန်းရတနာပုံလေကြောင်းလိုင်း၏ တာဝန်ရှိသူထံ ပေးအပ်သည်။

"ဒီ အိုင်အိုဆာလက်မှတ်ရတဲ့ လေကြောင်းလိုင်းက လေယာဉ်ဝန်ထမ်းတွေရဲ့ အဆင့်အတန်းဟာ လက်ရှိပျံသန်းရေးဆိုင်ရာ မတော်တဆဖြစ်ပွားမှုက သူများတကာထက် သုံးဆလျော့နည်းပါတယ်။ တစ်ကမ္ဘာလုံးမှာဖြစ်တဲ့ ပျံသန်းရေးဆိုင်ရာ မတော်တဆမှု ၃၀၀ မှာ အိုင်အိုဆာ လက်မှတ်ရတဲ့လေကြောင်းလိုင်းတွေက များသောအားဖြင့် မတော်တဆမှု ၁၀၀ လောက်သာ ပျမ်းမျှဖြစ်ပါတယ်။ ဒီလက်မှတ်ရနေလို့ လုံးလုံးမဖြစ်ဘူးဆိုတာတော့ မရှိပါဘူး။ မတော်တဆမှုဆိုတာ အခြေအနေအမျိုးမျိုးပေါ်မှာ မူတည်ပါတယ်။ ဒါပေမယ့် လက်ရှိထက် သုံးဆလျော့နည်းပါတယ်။ ဒါကိုလည်း နိုင်ငံခြားသားခရီးသွားတွေက ကောင်းကောင်း သိကြပါတယ်။ သူတို့ရဲ့ ယုံကြည်မှုကလည်း အရင်ကထက်အားကောင်းလာမယ်လို့ မျှော်လင့်ပါတယ်"ဟု မန်းရတနာပုံလေကြောင်းလိုင်းမှ CEO ဦးအုန်းမြင့်က ပြောသည်။

လက်ရှိအနေအထားအရ ပြည်တွင်းလေကြောင်းလိုင်း ကိုးခုရှိရာ မန်းရတနာပုံလေကြောင်းလိုင်းအနေဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီး(IATA)၏ ပျံသန်းရေးလုံခြုံစိတ်ချရမှုဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ်(IOSA)လက်မှတ်ကို ဇွန် ၅ ရက်တွင် ပထမဆုံးရရှိခဲ့ကြောင်း သိရသည်။

ထိုလက်မှတ်ရရှိမှုသက်တမ်းကာလ သည် နှစ်နှစ်ဖြစ်ပြီး မန်းရတနာပုံလေကြောင်းလိုင်းအနေဖြင့် ATR 72-600 လေယာဉ်နှစ်စင်းဖြင့် ရန်ကုန်မြို့တွင် အခြေပြုကာ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ တာချီလိတ်၊ လားရှိုး၊ မြစ်ကြီးနား၊ စစ်တွေ၊ သံတွဲ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းနှင့် ကျိုင်းတုံမြို့ အစရှိသော ပြည်တွင်း ခရီးစဉ်များသို့ ပြေးဆွဲနေကြောင်း သိရသည်။

ယခုအခါတွင် မန်းရတနာပုံလေကြောင်းလိုင်းအနေဖြင့် IOSA လက်မှတ်ရရှိပြီး နှစ်နှစ်တာကာလအတွင်း ပြည်တွင်းမြို့ကြီး ၁၄ မြို့တွင် ပျံသန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ထောင်နှင့်ချီသော လေကြောင်းလိုင်းများအနက် IOSA လက်မှတ်ရရှိသော လေကြောင်းလိုင်းများသည် အာရှပစိဖိတ်ဒေသ ၆၅ ခု၊ တရုတ်နှင့် အာရှမြောက်ပိုင်းဒေသ ၃၈ ခု၊ ဥရောပတွင် ၁၆၄ ခု၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် ၆၇ ခုနှင့် အမေရိကတိုက်တွင် ၉၃ ခုသာ ရရှိထားကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ(ပွင့်သစ္စာ)**

# မီးလင်းရေး၊ မြစိမ်းရောင်နှင့် ရေပေးရေးလုပ်ငန်းများ စစ်ဆေး

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော NEP ဆိုလာ မီးလင်းရေး၊ မြစိမ်းရောင်စီမံကိန်းနှင့် ပြည်သူ့ကျေးလက်၊ ယူနီဆက်အစီအစဉ်ဖြင့် ဆောင်ရွက်သော အိမ်တိုင်ရာရောက် ရေမီတာသုံးရေပေးရေးစနစ်ဆောင်ရွက်ထားရှိသည့် ကျေးရွာများသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ဦးစီးမှူး ဦးနေဦးတို့သည် စက်တင်ဘာ ၂ ရက်တွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းခဲ့ရာတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး ဦးဆောင်ကာ ကျေးရွာရှိဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ကျေးရွာလမ်းမီးတိုင်များ၊ လူနေအိမ်များအထိ ဆိုလာစနစ် မီးလင်းရေးတပ်ဆင်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်း၍ ဌာနတာဝန်ရှိသူများအား ဆောင်ရွက်ချက်များမှ လိုအပ်သည်များကို ညွှန်ကြားခဲ့ကြောင်း သိရသည်။



ဘားအံမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုလာမီးလင်းရေးအတွက် ကျေးရွာ ၄၆ ရွာ၊ အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးစနစ် သုံးရွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားတိုးတက်ရေး မြစိမ်းရောင်စီမံကိန်းဖြင့် ၄၆ ရွာတို့အား ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

**❋ ရွှေ့ဖုံးမှ**

ဘူးသီးတောင်မြို့(၄)ရပ်ကွက်နေ ကျောင်းသားမိဘတစ်ဦးဖြစ်သူ ဦးကျော်အေးမောင်က "ကျွန်တော့်သမီးက အခုပဥ္စမတန်းမှာ တက်ရောက်ပညာသင်ကြားလျက် ရှိပါတယ်။ ကျောင်းတွေပိတ်ထားတဲ့အတွက် ကျွန်တော့်သမီးရဲ့ ပညာရေးကို စိုးရိမ်မိတယ်။ ကျွန်တော်တို့ဒေသမှာ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွေဖြစ်တိုင်း ကျောင်းတွေ ခဏခဏပိတ်ထားရတယ်။ ရေရှည်မှာ ဒီမှာရှိတဲ့ကလေးတွေရဲ့ ပညာရေးအတွက် ရင်လေးမိတယ်။ ဒီဖြစ်စဉ်ဖြစ်ပွားပြီး ဩဂုတ် ၂၆ ရက်မှာ ကျောင်းတွေ ပိတ်လိုက်တယ်။ ဘယ်လောက်အထိ ကြာမယ်ဆိုတာတော့ မသိရသေးပါဘူး"ဟု ၎င်း၏ခံစားချက်ကို ပြောပြသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် မောင်တောဒေသ၌ အခြေခံပညာကျောင်းအချို့ကို သီတင်းတစ်ပတ်မျှသာ ပိတ်ထားခဲ့ရပြီး ယခုဖြစ်ပွားသည့်ဖြစ်စဉ်တွင် စာသင်ကျောင်းအားလုံးကို ပိတ်ထားရကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်၊ မင်းထက်အောင်**
**ဓာတ်ပုံ-လှကျော်(ပြန်/ဆက်)**

# အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**မြင်းမူ စက်တင်ဘာ ၃**

မြင်းမူမြို့နယ် မကျီးကန်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)မှ တစ်ဆင့်တိုး အလယ်တန်း ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ တက်ရောက်ဖွင့်လှစ်ခဲ့သည်။

ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရေးမှူး ဦးမြတ်ကျော်ကျော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် ဒေါ်နီလာလွင်၊ တိုင်းဒေသကြီး ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်းက တိုးမြှင့်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။



ယင်းနောက် အလယ်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီခိုင်က ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စစ်ကိုင်းရွှေဟင်္သာကျောင်းတိုက်ဆရာတော် ဦးစက္ကိန္ဒ၊ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် မန္တလေးမြို့မှ အလှူရှင်များက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုတိုးမြှင့် ဖွင့်လှစ်ခဲ့သော မကျီးကန်ကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၈၁ ဦး ပညာသင်ကြားလျက်ရှိပြီး မြင်းမူမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်း ၁၂ ကျောင်းကို အဆင့်တိုးဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

# ကျေးရွာသုံးထင်းစိုက်ခင်းများမှ ထင်း၊ တိုင်နှင့် မျှောများကို ဒေသခံများအား အခမဲ့ဖြန့်ဝေပေး

**ဝမ်းတွင်း စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်နှင့် မျှောတိုင်များ ဖြည့်ဆည်းပေးရန်အတွက် မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ နှစ်စဉ် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိရာ တဲစုကျေးရွာအနီး မယ်ညိုတောင်ကြိုးဝိုင်းအတွင်း ၂၀၀၉ ခုနှစ်က စိုက်ပျိုးခဲ့သည့် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်း၊ တိုင်နှင့် မျှောတိုင်များအား စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက တဲစုကျေးရွာရှိ ဒေသခံပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

ကျေးရွာသုံးထင်းစိုက်ခင်းကို ၂၀၀၉ ခုနှစ်တွင် မယ်ညိုတောင်ကြိုးဝိုင်းအတွင်း ၁၂၅ ဧက တည်ထောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အဆိုပါစိုက်ကွင်းအတွင်းမှ ထင်း၊ တိုင်နှင့် မျှောများကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။ အကျိုးပြုကျေးရွာများဖြစ်သည့် တဲစုကျေးရွာရှိ အိမ်ထောင်စု ၁၂၀ သို့ ထင်း ၉၅ တန်၊ တိုင် ၁၆၅ လုံးနှင့် မျှော ၈၉၆ လုံးတို့ကို ဖြန့်ဝေပေးနိုင်ခဲ့သည်။

ဝမ်းတွင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာသုံး စိုက်ခင်း ဧက ၉၀ နှင့် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်းအဖြစ် အပင် ၅၀၀၀ တို့ကို မယ်ညိုတောင်ကြိုးဝိုင်းအတွင်း တည်ထောင်စိုက်ပျိုးလျက်ရှိရာ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ယခုခုတ်လှဲဖြန့်ဝေသည့်စိုက်ခင်းမြေနေရာတွင် ကျေးရွာသုံးစိုက်ခင်း ဧက ၁၀၀ ကို တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငါးနှစ်ပြည့်ပြီးပါကလည်း အဆိုပါစိုက်ခင်းအား အကျိုးပြုကျေးရွာများသို့ ထပ်မံလွှဲပြောင်းဖြန့်ဝေသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးအရာရှိ ဦးစောဂျင်မိနိဟက်စ်လပ်စ်က ပြောကြားသည်။

ထို့နောက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်း -၁ က ထင်း၊ တိုင်နှင့် မျှောများ လွှဲပြောင်းပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တဲစုကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဌေးလှိုင် (ဝမ်းတွင်း)**



# ပင်လည်ဘူးမြို့၌ ရာသီကူးပြောင်းဖျားနာသည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေး

**ပင်လည်ဘူး စက်တင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် စာပေ သင်ကြားနေကြသော ကျောင်းသား ကျောင်းသူလေးများ ရာသီကူးပြောင်းချိန် ရိုးရိုးရာသီတုပ်ကွေး အအေးမိ နှာစေးချောင်းဆိုး ဖျားနာပြီး ကျောင်းမတက်နိုင်သည့် ကျောင်းသား ကျောင်းသူ ၅၀ ရှိကြောင်း သိရှိရ၍ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းနု၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အိအိဖြိုးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၃၁ ရက်က ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးမကောင်းသည့် ကျောင်းသား ကျောင်းသူများအား စမ်းသပ်စစ်ဆေးမှုများ၊ ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများအတွက် သွေးဖောက်စစ်ဆေး၍ လိုအပ်သည့် ဆေးကုသမှုများ ပြုလုပ်ပေးကာ ကျေးရွာအတွင်းရှိ ကျန်းမာရေးမကောင်းသည့် လူနာများကိုလည်း ဆေးကုသမှုများ ပြုလုပ်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျန်းမာရေးမကောင်းသည့် ကျောင်းသား ကျောင်းသူများအား မုန့်၊ အိုဗာတင်းနှင့် အာဟာရဖြစ်စေသည့် အစားအစာများကို ပေးဝေခဲ့ကြောင်း သိရသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးနှင့်ပတ်သက်၍ အနေအထိုင်အစားအသောက်၊ ဆောင်ရန် ရှောင်ရန်နှင့် ဖျားနာနေသည့် အရေးကြီးလူနာရှိပါကလည်း နီးစပ်ရာဆေးခန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ အမြန်ဆုံး လာရောက်ပြသ စမ်းသပ်စစ်ဆေးကုသမှုများ ပြုလုပ်ကြရန်တို့ကို အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# ယာဉ်ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး စစ်ဆေးပညာပေး

**မော်လမြိုင် စက်တင်ဘာ ၃**

ယာဉ်များကျော်တက်ရာ၌ ရှေ့မှယာဉ်သည် နောက်မှကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း အချက်ပြရာတွင် ယာဉ်၏လက်ယာဘက် မီးဖြင့် အချက်ပြမှုမှန်ကန်စွာအသုံးပြုနိုင်ရေးအတွက် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများကို မွန်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ် ရဲတပ်ဖွဲ့၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပြည်နယ်ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်မှုကော်မတီတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက်က မော်လမြိုင်မြို့နယ်အတွင်း အဝေးပြေးဂိတ်များ၊ အဝေးပြေးလမ်းမကြီးများ၊ မြို့တွင်း/မြို့ပြင်လမ်းများ၌ မီးအချက်ပြမှုမှန်ကန်စွာ အသုံးပြုနိုင်ရေး စစ်ဆေးခြင်း၊ အမှန်ပြုပြင်ပညာပေးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၁၂၀၀ လွှဲပြောင်းပေးအပ်

**ထန်တလန် စက်တင်ဘာ ၃**

၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ် ဟားခါးခရိုင် ထန်တလန်မြို့နယ်ရှိကျေးရွာငါးရွာ လေးယူနစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၂၀၀ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက ထန်တလန်မြို့နယ် ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတမ်အောင်က ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အာဟာရပြည့်ဝရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ သီးနှံများ၏ တစ်ဧကအထွက်နှုန်းမြင့်မားရေး၊ အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ လူမှုဘဝတိုးတက်မြင့်မားရေးနှင့် မိသားစု ဝင်ငွေတိုးတက်ပြီးစီးပွားရေးတွက်ခြေကိုက်စေရေးအတွက် မိမိတို့ဌာနနှင့် သက်ဆိုင်သောမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ စသည့် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာများရှိ ကိုယ်စားလှယ်များအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းစီဖြင့် ကျေးရွာငါးရွာ လေးယူနစ်အတွက် စုစုပေါင်းငွေကျပ်သိန်း ၁၂၀၀ ကို အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲတွင် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တောင်သူများ စုစုပေါင်း ဦးရေ ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဩဂုတ်လအတွင်း ယာဉ်မတော်တဆမှု ၄၀ ဖြစ်ပွား၊ ကိုးဦးသေဆုံးပြီး ၂၇ ဦးဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဩဂုတ်လအတွင်း ယာဉ်မတော်တဆမှု ၄၀ ဖြစ်ပွားခဲ့ပြီး သေဆုံးသူကိုးဦးရှိကာ ဒဏ်ရာရရှိသူ ၂၇ ဦးရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်း အဆင့်မြှင့်တင်ပေးခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်သတိပေးခြင်း၊ လမ်းပြုပြင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အမြန်လမ်းရဲတပ်ဖွဲ့ကလည်း အမြန်လမ်းတစ်လျှောက် ကျေးရွာများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဝေငှပညာပေးခြင်း၊ သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အရှိန်နှုန်းတိုင်းကိရိယာများအသုံးပြု၍ ဖမ်းဆီးအရေးယူခြင်း၊ ခါးပတ်ပတ်မောင်းနှင်ခြင်းမရှိသော ယာဉ်မောင်းနှင့် ခရီးသည်များအား ပညာပေး၍ ပညာပေးကာလကျော်လွန်ချိန်တွင် စစ်ဆေးအရေးယူခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်သူများအား စစ်ဆေးအရေးယူခြင်းများကို နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီက ထုတ်ပြန်ထားသော စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးအရေးယူခြင်း၊ ယခုအခါ အမြန်လမ်းမကြီးများတွင် ယာဉ်ကျော်တက်မှု အချက်ပြမီးပြသပုံများကို တစ်လပညာပေးကာလပြီးမြောက်၍ စက်တင်ဘာ ၁ ရက်မှစတင်၍ အချက်ပြမီးများယွင်းပြသသောယာဉ်များကိုလည်း ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ဤကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များဖြစ်ပွားမှုလျော့နည်းပပျောက်ရန် အဘက်ဘက်မှ ပညာပေးဆောင်ရွက်နေသော်လည်း ယာဉ်မောင်းသူများ၏ မဆင်မခြင်ပေါ့ဆစွာမောင်းနှင်မှုကြောင့်လည်းကောင်း၊ လမ်းကြောင့်လည်းကောင်း၊ ရာသီဥတုကြောင့်လည်းကောင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကြောင့်လည်းကောင်း၊ အမြန်လမ်းမကြီးပေါ် တက်ရောက်ခွင့်မရှိသည့် အနှေးယာဉ်များကြောင့်လည်းကောင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ ဩဂုတ်လအတွင်း ယာဉ်မတော်တဆမှု ၄၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သို့ပါ၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ်လကုန်အထိ အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုပေါင်း ၃၆၆ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၇၅ ဦးနှင့် ဒဏ်ရာရရှိသူ ၅၈၃ ဦးရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားအချင်းချင်း လူသတ်မှုဖြစ်ပွား

**စမွတ်ပရာကန် စက်တင်ဘာ ၃**

ထိုင်းနိုင်ငံ စမွတ်ပရာကန်မြို့ရှိ အလုပ်ခွင်တစ်ခုတွင် မြန်မာအချင်းချင်း အခန်းမှန်အားခွဲ၍ လင်မယားနှစ်ဦးအား လက်ပြန်ကြိုးတုပ်ခေါ်သွားပြီး လူအများစုဖြင့် သတ်ဖြတ်ခဲ့သည့် မှုခင်းတစ်ရပ် စက်တင်ဘာ ၁ ရက် ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စမာဖော်န်၊ စွယ်ထန(၁၀)၊ ရတနချွတ်(၁၂)၊ ငါးထပ်တိုက်၊ ဘန်ဖီ၊ စမွတ်ပရာကန်တွင် နေထိုင်သူ ကိုသက်ကိုကို(၂၂)နှစ်နှင့် ဇနီး မမြမြစန်းတို့ကို တစ်ရွာတည်းသား မောင်ဘိုဘို(ခ)မောင်ကိုကိုနှင့် အပေါင်းအပါ ငါးဦးတို့က စက်တင်ဘာ ၁ ရက် ည ၁၂ နာရီခန့်တွင် ၎င်းတို့ နေထိုင်ရာ ငါးထပ်တိုက် အခန်းတံခါးမှန်များကို တုတ်၊ ဓားများဖြင့် အတင်းရိုက်ဖျက်ဖွင့်ကာ အခန်းထဲသို့ ဝင်ရောက်ကာ လင်မယားနှစ်ဦးကို ကြိုးတုပ်ဖမ်းဆီးပြီး အနီးရှိ ဘောလုံးကွင်းသို့ခေါ်ဆောင်၍ အလုပ်ရုံ အုတ်တံတိုင်းကျော်ကာ တံတိုင်းဘေး ရေကန်နားတွင် ခင်ပွန်းဖြစ်သူ သက်ကိုကိုအား တုတ်များ၊ ဓားများဖြင့် ထိုးခုတ်နေစဉ် ဇနီးဖြစ်သူ မမြမြစန်းသည် ရေကန်အတွင်းခုန်ဆင်းကာ ကျူပင်များအကြား ပုန်းလျှိုထွက်ပြေးလွတ်မြောက်ခဲ့ပြီး ထိုင်းအခြေစိုက် မြန်မာအလုပ်သမားကူညီပေးရေးအဖွဲ့ (AAC) အကူအညီဖြင့် သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခြင်းဖြစ်သည်။

စုံစမ်းဖော်ထုတ်ချက်အရ လူသတ်မှုကျူးလွန်သူများသည် သေဆုံးသူ၏ အိတ်များ၊ ပတ်စပို့စာအုပ်များအား ယူဆောင်သွားကြကြောင်း၊ သေဆုံးသူ အလောင်းအား သယ်ယူသွားသည်ကို ဇနီးဖြစ်သူ တွေ့မြင်နေရသော်လည်း မည်သည့်နေရာတွင် ပစ်ထားခဲ့သည်ကို မသိသေးကြောင်း၊ ပြစ်မှုကျူးလွန်သူများကို အဓိကစေခိုင်းသူတစ်ဦးအား ဖမ်းဆီးထားပြီး ကျန်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း ထိုင်းနိုင်ငံမှလာသည့် သတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂၅ စီး၊ သွင်းကုန် ၃၇၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆ စီး၊ သွင်းကုန် ၁၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးကျပ် ၃၄ ဒသမ ၇၅၉ သန်းခန့်)သိမ်းဆည်းရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂ ရက်တွင် သတင်းအရ



မူဆယ်သို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၇/၅)မိုင် စံလောင်းရွာအနီး၌ မသင်္ကာဖွယ် ရပ်တန့်ထားသော Subaru Sambar Mini Truck ယာဉ်တစ်စီးအား တွေ့ရှိ၍ စခန်းသို့ ခေါ်ဆောင်စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်စိမ်း ၃၃၈ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၂၅ ဒသမ ၄ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးကြိုးပစ်မှုကြောင့် ကျွဲရှစ်ကောင်သေဆုံး

**ဖောင်းပြင် စက်တင်ဘာ ၃**

ဖောင်းပြင်မြို့နယ် ရွှေထီးကုန်းအုပ်စု ကောင်းမောင်းကျေးရွာနေ ဒေသခံ ဦးစိန်ဝင်းက "ကျွန်တော်တို့ နေ့ခင်း ကျွဲကျောင်းနေတုန်း မိုးရွာတာနဲ့ ကျွဲတွေထားပြီး ရွာပြန်ခဲ့ကြတာပါ။ ဒီနေ့သွားကြည့်တော့ ကျွဲတွေ ခန္ဓာကိုယ်မှာ အစက်အပေါက်ရာတွေနဲ့ သေဆုံးနေတာကိုတွေ့ရပါတယ်။ သက်ဆိုင်ရာကလည်း အတည်ပြုပြီးပါပြီ။ မနေ့ည ၁၂ နာရီခန့်က ကျွန်တော့် ကျွဲတစ်ကောင်အပါအဝင် အခြားပိုင်ရှင် ငါးဦးရဲ့ ကျွဲခုနစ်ကောင် ရေစိမ်နေတုန်း မိုးသည်းထန်စွာရွာသွန်းလို့ မိုးကြိုးထိမှန်ပြီး ကျွဲရှစ်ကောင်သေဆုံးခဲ့ပါတယ်" ဟု ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် စက်တင်ဘာ ၂ ရက်က စံချိန်တင်မိုးရွာသွန်းမှုနှင့်အတူ ညအချိန်ခန့်က မိုးကြိုးပစ်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ မိုးရေချိန် ၁၅ လက်မ ရွာသွန်းမှုကြောင့် ဖောင်းပြင်မြို့နယ်အတွက် ထူးခြားစံချိန်တင် မိုးရေချိန်ဖြစ်ခဲ့ကြောင်း သိရသည်။

**ဖောင်းပြင်(ပြန်/ဆက်)**



# မော်ကျွန်းအချုပ်ခန်းဖောက်ပြေးလာသည့် တရားခံပြေးတစ်ဦးအား နဂါးတောင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိ

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ နဂါးတောင်စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၂ ရက်က ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် မော်ကျွန်းမြို့မရဲစခန်း အချုပ်ခန်း ဖောက်ပြေးလာသည့် တရားခံပြေးတစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မော်ကျွန်းမြို့မရဲစခန်း အချုပ်ခန်းအား ဖောက်ပြေးလွတ်မြောက်လာသည့်အချုပ်တရားခံ ၁၀ ဦးမှာ နယ်စပ်ဒေသသို့ ထွက်ခွာတိမ်းရှောင်လာကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့ဖြင့် ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကြာအင်းဆိပ်ကြီးမြို့မှ ဘုရားသုံးဆူမြို့သို့ ကားလမ်းအတိုင်းဆိုင်ကယ်ဖြင့် လမ်းကြုံလိုက်ပါလာသည့် ရဲသွေးအောင်(ခ)ငွေးလွင် အမှတ်(၂)ရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ မော်ကျွန်းမြို့နေသူအား စစ်ဆေးရာမှ ရဲသွေးအောင်သည် မော်ကျွန်းမြို့မရဲစခန်းမှ စစ်ဆေးဆဲ တရားခံတစ်ဦးဖြစ်ပြီး မော်ကျွန်းမြို့မရဲစခန်း အချုပ်ခန်းအားဖောက်၍ ထွက်ပြေးတိမ်းရှောင်လာသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ ဘုရားသုံးဆူမြို့မရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်ကာ အသေးစိတ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာရဲစခန်းသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# မူဆယ်မြို့ အမက(၃)ကျောင်းလမ်းတွင် မိုင်းတစ်လုံးပေါက်ကွဲ

**မူဆယ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ တောင်ရပ်ကွက် အမက(၃) ကျောင်းလမ်းနေ ဦးသိန်းဇော်၏ အိမ်ရှေ့တွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံတစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီတွင် မိမိအိမ်ရှေ့မှ ဖြတ်သန်းမောင်းနှင်သွားသော ဆိုင်ကယ်တစ်စီးပေါ်မှ လူတစ်ဦးသည် ကြွပ်ကြွပ်အိတ် အမည်းရောင်ဖြင့် ထုပ်ပိုးထားသော အထုပ်ငယ်တစ်ထုပ်ပစ်ချခဲ့ပြီး အချိန်အနည်းငယ်အကြာတွင် ပေါက်ကွဲခြင်းဖြစ်သည်ဟု အိမ်ရှင်ဦးသိန်းဇော်က ပြောသည်။ အခင်းဖြစ်ပွားရာနေရာသို့ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးညွန့်နှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် တစ်စုံတစ်ရာ ထိခိုက်မှုမရှိဘဲ ပုံမှန်သွားလာရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခုဖြစ်စဉ်ကြောင့် မြို့ပေါ်ရပ်ကွက်များတွင် ပုံမှန်ထက် လုံခြုံရေးပိုမိုချထားဆောင်ရွက်မည်ဖြစ်ပြီး မြို့ဝင်မြို့ထွက်နေရာများတွင် ပိတ်ဆို့စစ်ဆေးမှုများလည်း ဆောင်ရွက်နေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

**ဆရာမောင်(မူဆယ်)**

# ဂန္ထဝင်တွေက ဂန္ထဝင်တွေလိုနေကြလို့ ဝေဖန်မှုကိုတုံ့ပြန်လိုက်တဲ့ အိုဇေးလ်







မေလဲ့သင်း
စုစည်းသည်

အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်က အာဆင်နယ်အသင်း၏ လတ်တလော ရလဒ်ဆိုးများကြောင့် သူ့အပေါ် ဝေဖန်မှုများကို လက်သင့်ခံသော်လည်း အာဆင်နယ်ကစားသမားဟောင်းများအနေဖြင့် ဝေဖန်မှုများကိုရပ်တန့်ပြီး အသင်းအပေါ် ထောက်ခံမှုပြုရန်သာ လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း သူ၏ အင်စတာဂရမ်စာမျက်နှာထက်ရေးသားကာ ပြန်လည်တုံ့ပြန်သွားခဲ့သည်။ အိုဇေးလ်က အာဆင်နယ်နှင့် စာချုပ်သက်တမ်း ၁၂ လသာ ကျန်တော့သည့် အချိန်တွင် တစ်ပတ်လုပ်ခ ပေါင် ၃၀၀၀၀၀ ဖြင့် စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းခံထားရသူဖြစ်သည်။

စာလုံးရေ ၇၀၀ ပါ ပို့စ်တစ်ခုကို အင်စတာဂရမ်စာမျက်နှာထက်တင်ပြီး"ပုဂ္ဂိုလ်ရေးအရဆိုရင်တော့ လန်ဒန်မှာ ရှိနေစဉ်အချိန်အတွင်း ဝေဖန်မှုတွေကို ကျွန်တော့်အနေနဲ့ လက်သင့်ခံပါတယ်။ ဈေးကြီးလွန်းတယ်၊ လောဘကြီးတယ်။ ဆိုးရွားတဲ့လက်ဟန်ခြေဟန်တွေနဲ့သာ ဆက်သွယ်နိုင်တယ်။ တိုက်ပွဲဝင်လိုစိတ် နည်းပါးတယ်။ ဒီအပေါ် လက်သင့်ခံပါတယ်" ဟု အစချီကာ တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး အိုဇေးလ်က "အချို့မှတ်ချက်တွေက ကျွန်တော့်ကို သေချာမသိတဲ့ အရင်အာဆင်နယ်ကစားသမားဟောင်းတွေဆီက ထွက်လာတာဖြစ်ပါတယ်။ သူတို့ ကစားခဲ့တဲ့ အချိန်တွေတုန်းကလည်း အောင်မြင်တာရှိသလို မအောင်မြင်ခဲ့တာတွေလည်း ကြုံခဲ့ဖူးမှာပါပဲ။ ဒါပေမယ့် ဂန္ထဝင်တွေက ဂန္ထဝင်လို နေသင့်ပါတယ်။ အာဆင်နယ်ကစားသမားဟောင်းတွေကို ကျွန်တော် အကြံပေးချင်တာကတော့ ပြောတာတွေရပ်ပြီး ထောက်ခံမှုစပေးဖို့ ဆိုတာပါပဲ"ဟု ရေးသားခဲ့သည်။

အိုဇေးလ် တုံ့ပြန်လိုက်သူများမှာ အာဆင်နယ်ကို တောက်လျှောက်ဝေဖန်ခဲ့သူ အာဆင်နယ်ဂန္ထဝင်တိုက်စစ်မှူး သီယာရီအွန်နရီနှင့် မာတင်ကီယွန်တို့လို့ ယူဆရသည်။ အိုဇေးလ်က ပရီမီယာလိဂ်မှာ လာလီဂါ၊ ဘွန်ဒက်စ်လီဂါတို့ထက် ကြံ့ခိုင်မှုအသားပေးလိဂ်ဖြစ်သလို အသင်းငယ်များကပင် အလွန်တောင့်တင်းကြောင်း၊ နောက်နှစ်နွေတွင် ဘာဖြစ်လာမည်လဲဆိုသည်ကို မပြောနိုင်ကြောင်း ထည့်သွင်းရေးသားခဲ့သည်။ အိုဇေးလ်ကရေးသားခဲ့သည့် စာပုဒ်တွင် စာလုံးရေ ၇၀၀ ပါဝင်ပြီး သူ၏ အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့သည့်ပို့စ်ကို အားကစားမီဒီယာ အတော်များများက တိုက်ရိုက်ပြန်လည်ဖော်ပြကာ ထိပ်ပိုင်းသတင်းအဖြစ် နေရာယူထားနိုင်သည့် အကြောင်းအရာဖြစ်သည်။ ❐

## ချယ်လ်ဆီးအတွက် အကုန်ပေးဆပ်ဖို့ အသင့်ဟု မိုရာတာ ပြောပြီ

ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာက ရီးယဲလ်အစားဝင်ကစားသမားတစ်ဦးကို ပေါင်သန်း ၇၀ အထိပေးချေခေါ်ယူခဲ့တဲ့ ကွန်တီကြောင့် ချယ်လ်ဆီးအတွက် သူ့အနေဖြင့် အကုန်ပေးဆပ်သွားရန် အသင့်ပင်ဖြစ်ကြောင်း အီတလီကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသည့် ပွဲစဉ်အပြီးတွင် ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။ မိုရာတာက ကွန်တီက သူနှင့်အတူဆိုလျှင် သေလမ်းအထိပင် သွားနိုင်သည်အထိ ယုံကြည်မှုပေးခဲ့သူဖြစ်ပြီး လူစားဝင်ကစားသမားတစ်ဦးအတွက် ငွေကြေးမြောက်မြားစွာ သုံးစွဲခဲ့သည့်အပေါ် ချယ်လ်ဆီးက သူ့အပေါ်မှီတည်ပြီး ကစားကွက် ဖန်တီးပေးထားတာကို ကြည့်ပါဟုသာ တုံ့ပြန်သွားခဲ့သည်။

မိုရာတာသည် အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် ဂိုးသွင်းနိုင်ခဲ့သလို ဘန်လေအားအရေးနိမ့်သည့် ပွဲစဉ်တွင်လည်း မိုရာတာ တစ်ဂိုးသွင်းနိုင်ခဲ့သေးသည်။ မိုရာတာသည် ဂျူဗင်တပ်အသင်းတွင် ကစားရစဉ်က အဓိကကစားသမားအဖြစ် နေရာရခဲ့သော်လည်း ရီးယဲလ်က သူ့ကို ပြန်ခေါ်ယူခဲ့ပြီးနောက် နည်းပြ ဇီဒန်းလက်အောက်တွင် အရန်ကစားသမားအဖြစ်သာ ကစားခဲ့ရကာ သွင်းဂိုး၂၀ အထိ သွင်းယူပေးနိုင်ခဲ့သည်။ အစောပိုင်းက မန်ယူသို့ ရောက်ရှိနိုင်သည်ဟု သတင်းကြီးခဲ့ပေမယ့်လည်း နောက်ဆုံးတွင် ဆရာဟောင်း ကွန်တီရှိရာ ချယ်လ်ဆီးအသင်းသို့ ပေါင် သန်း ၇၀ ဖြင့် ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။

## အီတလီကို သုံးဂိုးသွင်းပြီး ရုရှားမြေကိုခြေချဖို့ အနီးစပ်ဆုံးအခြေအနေရောက်သွားပြီဖြစ်တဲ့ စပိန်



ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန် အုပ်စု( G )ရဲ့ အကောင်းဆုံးအသင်းနှစ်သင်းလို့ပြောရမယ့် စပိန်နဲ့အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြတဲ့ပွဲမှာ စပိန်က အုပ်စုတွင်း အင်အားအကြီးဆုံး ပြိုင်ဘက် အီတလီကို သုံးဂိုးပြတ်အနိုင်ကစားခဲ့တာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ဖို့ အနီးစပ်ဆုံးအခြေအနေတစ်ခုကို ရောက်ရှိပြီလို့ ဆိုရပါမယ်။ စပိန်အသင်းအတွက် သွင်းဂိုးတွေကို ရီးယဲလ်ကွင်းလယ်လူ အစ္စကိုက ပွဲချိန် ၁၃ မိနစ်နဲ့ မိနစ် ၄၀ အချိန်တွေမှာ နှစ်ဂိုးဆက် သွင်းယူပေးခဲ့ပြီး ပွဲချိန် ၇၇ မိနစ်မှာ မိုရာတာက တတိယပွဲသိမ်းဂိုးကို ထပ်မံသွင်းယူခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ ပြောစရာရှိတာက စပိန်အသင်းနည်းပြ လိုပက်တက်ဂွေရဲ့ နည်းစနစ်ပိုင်းဖြစ်ပြီး သူဟာ နည်းပြဟောင်း ဒယ်ဘော့စကေးရဲ့ နည်းစနစ်ဖြစ်တဲ့ တိုက်စစ်မှူးစစ်စစ်ကို ထုတ်မသုံးသွားဘဲ အစ္စကိုကို False Striker အဖြစ် အသုံးပြုသွားတာကိုပါ။ အစ္စကိုလို ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ ကွင်းလယ်တောင်ပံ တိုက်စစ်ကစားသမားဟာ နည်းပြ လိုပက်တက်ဂွေရဲ့ အခုသုံးမယ့်နည်းစနစ်ကို အကောင်းဆုံးပုံဖော်နိုင်မယ်ဆိုတာ သံသယရှိစရာ မလိုလောက်အောင် အခုပွဲမှာ အံဝင်ခွင်ကျကစားသွားတာကို တွေ့ရတာကလည်း စပိန်ပရိသတ်တွေအတွက် အားတက်စရာပါ။

သွင်းဂိုးနှစ်ဂိုး ရရှိပြီးတဲ့နောက် အင်နီယေစတာနေရာမှာ မိုရာတာကိုထည့်ပြီး နည်းဗျူဟာအပြောင်းအလဲ ပြန်လုပ်ခဲ့ပေမယ့်လည်း စပိန်အသင်းတိုက်စစ်ပိုင်းက ကစားအားကျသွားခြင်းမရှိဘဲ လူစားဝင်လာတဲ့ မိုရာတာက ဝင်လာပြီး ၅ မိနစ်အကြာမှာပဲ နောက်ထပ်တစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် ပွဲကပြီးသလောက် အနေအထားဖြစ်သွားပါတယ်။ အဲဒီနောက် ပွဲချိန် ၈၉ မိနစ်မှာတော့ ၂၀၁၄ ခုနှစ်နောက်ပိုင်း စပိန်လက်ရွေးစင်အသင်းရဲ့ အပယ်ခံဖြစ်ခဲ့ဖူးတဲ့ ဝါရင့်တိုက်စစ်မှူး ဒေးဗစ်ဗီလာက အစ္စကို အစားဝင်ရောက်ကစားခဲ့တာကို တွေ့ရပါတယ်။ အရင်က ယခုအစ္စကိုကစားသွားတဲ့နေရာကို ဖာဘရီဂတ်စ်က ကစားလေ့ရှိပြီး ၂၀၁၀ ကမ္ဘာ့ဖလား၊ ၂၀၁၂ ဥရောပဖလားပွဲတွေမှာ ဒီနည်းဗျူဟာ ဘယ်လောက်အလုပ်ဖြစ်ခဲ့သလဲဆိုတာ စပိန်အသင်းရရှိခဲ့တဲ့ ဆက်တိုက်အောင်မြင်မှုတွေကို ကြည့်ရင် သိနိုင်မှာဖြစ်ပါတယ်။

အီတလီကတော့ ဒီပွဲမှာ အရေးနိမ့်သွားခဲ့တာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အလားအလာနည်းသွားပြီး ရှုံးထွက်ပြန်ကန်ပွဲစဉ်အတွက်သာ မျှော်လင့်ရတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ဖလားကို ဥရောပဇုန်က အသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပြီး အုပ်စုရှစ်အုပ်စုက ထိပ်ဆုံးနေရာရရှိတဲ့ အသင်းရှစ်သင်းက တိုက်ရိုက်ခြေစစ်ပွဲအောင်မှာဖြစ်ပြီး ကျန်ဒုတိယနေရာရအသင်းတွေထဲကတော့ ရှုံးထွက်ပြန်ကန်ပွဲစဉ်တွေကတစ်ဆင့် ရုရှားမြေကို ခြေချဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။

## လီမာကို မန်ယူသို့ရောက်အောင်ခေါ်ယူပေးဦးမည်ဖြစ်ကြောင်း ပေါ့ဘာ အရိပ်အမြွက်ပြ



မန်ယူကွင်းလယ်လူ ပေါ့ဘာက သူ၏ အင်စတာဂရမ်စာမျက်နှာထက်တွင် တင်ခဲ့သည့်ပို့စ်တစ်ခုကြောင့် လီမာကိုလည်း မန်ယူအသင်းသို့ ရောက်လာအောင် ဆွဲဆောင်စည်းရုံးမည့် သဘောသက်ရောက်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ပြင်သစ်အသင်းက နယ်သာလန်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည့် ပွဲစဉ်အပြီးနောက်တစ်ရက်တွင် ပေါ့ဘာကရလဒ်ပိုင်းအတွက် ကျေနပ်ကြောင်းကို လီမာနှင့် သူ၏ပုံကိုတွဲလျက် "အေးဂျင့် ပီ(ပေါ့ဘာ နာမည်အတိုကောက်)ဟု ရေးသားကာ အင်စတာဂရမ်စာမျက်နှာထက်တင်ခဲ့ခြင်းဖြစ်သည်။

ယင်းပို့စ်ကြောင့် မန်ယူပရိသတ်များက ပေါ့ဘာ နောက်တစ်ကြိမ် ထပ်မံစွမ်းဆောင်ပြဦးမည်ဟုယုံကြည်ကာ လီမာရရှိရေးကြိုးပမ်းနေသည့် အာဆင်နယ်နှင့် လီဗာပူးကို နောက်ကောက်ချကာ မန်ယူသို့ လီမာ ရောက်လာဦးမည်ဟု မျှော်လင့်လာခြင်းဖြစ်သည်။ ပေါ့ဘာသည် လူကာကူ မန်ယူအသင်းသို့ ရောက်လာစေရန်လည်း ကူညီပေးခဲ့သူဖြစ်ပြီး ဂရစ်ဇ်မန်း၊ လီမာတို့လည်း မန်ယူအသင်းသို့ရောက်ရှိလာရန် ပေါ့ဘာ စွမ်းဆောင်ပြနိုင်ဖွယ်ရှိနေကြောင်း အဆိုပါသတင်းရင်းမြစ်ကပင် ဖော်ပြခဲ့သည်။

အာဆင်နယ်က အပြောင်းအရွှေ့နောက်ဆုံးနေ့ရက်တွင် လီမာအတွက် ပေါင် ၉၂ သန်းအထိ အသုံးပြုကမ်းလှမ်းခဲ့သော်လည်း ခေါ်ယူနိုင်ခြင်းမရှိသလို လီဗာပူးကလည်း ပေါင်သန်း ၁၀၀ အထိ အသုံးပြုခေါ်ယူရန် ဆက်လက်ပြင်ဆင်လျက်ရှိသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဝါရင့်သတင်းစာဆရာ ဒန်ကန်ကက်စတယ်က လီမာမှာ အာဆင်နယ်၊ လီဗာပူးတို့ထက် မန်ယူအသင်းသို့သာ ပြောင်းရွှေ့ချင်နေကြောင်း သူ၏တွစ်တာစာမျက်နှာမှတစ်ဆင့် ဖော်ပြခဲ့ဖူးသည်။

လီမာမှာလည်း အာဆင်နယ်အသင်းသို့ ဘာကြောင့် မပြောင်းရွှေ့သလဲဆိုတာကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း "ကျွန်တော်က မိုနာကိုကစားသမားပါ။ ကျွန်တော် ဒီနေရာမှာ အင်မတန်ပျော်ရွှင်နေပြီး ကျွန်တော့်ကလပ်အသင်းနဲ့အတူ အောင်မြင်တဲ့ ရာသီတစ်ခုကို ဆက်လက်ဖြတ်သန်းဖို့ ပြင်ဆင်နေပါတယ်။ ကျွန်တော့်အသက်မွေးဝမ်းကျောင်းဘဝကို ဆက်လက်တိုးတက်ဖို့ ရှေ့ကိုဆက်လှမ်းဦးမယ်၊ ပြီးရင်တော့ မိုနာကိုကို ပြန်လာမယ်"ဟု သူ၏ အနာဂတ်ကိစ္စရပ်အပေါ် ရှင်းလင်းစကားဆိုခဲ့သည်။ ထို့ကြောင့် လီမာမှာ အချိန်တစ်ခုရောက်လျှင် မိုနာကိုမှ ထွက်ခွာရန်ဆုံးဖြတ်ထားပြီး မည်သည့်အသင်းကို ရွေးချယ်မည်လဲဆိုသည်ကို သိချင်နေတဲ့အချိန်တွင် ပေါ့ဘာ၏ ယခုတင်လိုက်သည့်ပို့စ်ကြောင့် မန်ယူပရိသတ်များအတွက် မျှော်လင့်ချက်ရှင်သန်အားကောင်းလာခဲ့ပြီဖြစ်သည်။ ❐

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများအတွက် စာအုပ်နှင့် ခဲတံများလှူဒါန်း

**သရက် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် အတွင်း ဧရာဝတီမြစ်ရေဝင်ရောက် မှုကြောင့် ယာယီပိတ်ထားရသည့် ရေပေါ်ကျွန်းကျေးရွာစာသင်ကျောင်း၊ အုပ်ဖိုကျေးရွာ စာသင်ကျောင်း၊ ကြာကန်ကျေးရွာ စာသင်ကျောင်းနှင့် စမ်းအိုင့်ကျေးရွာ စာသင်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၅၃၄ ဦး အတွက် တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှင့် ခဲတံတစ်ဒါဇင်ကို UPG အိမ်သုတ်ဆေးကုမ္ပဏီက လှူဒါန်း ပေးခဲ့ပြီး ရေဘေးရှောင်အိမ်ထောင်စု များအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ အပါအဝင် လူသုံး ကုန်ပစ္စည်း ၄၂၀၀၀ ဖိုးခန့် ပေးအပ် လှူဒါန်းသည်။

ထို့နောက် ရေဘေးရှောင်ပြည်သူ များနေထိုင်ကြသည့် ရွှေမုဋ္ဌောစေတီ မှာရုံ နှင့် စမ်းအိုင့်ကျေးရွာများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူ များအတွက် ငွေကျပ် ၂၀၀၀၀ အပါ အဝင် လူသုံးကုန်ပစ္စည်း ၄၂၀၀၀ ဖိုးခန့် လှူဒါန်းပေးခဲ့ပြီး ကျောင်းပြန် လည်ဖွင့်သည့် စမ်းအိုင့်ကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်နှင့် ခဲတံ တစ်ဒါဇင်တို့ လှူဒါန်းပေးခဲ့သည်။



အဆိုပါ UPG အိမ်သုတ်ဆေး ကုမ္ပဏီမှ သရက်မြို့နယ်အတွင်းရှိ ရေဘေးရှောင် အိမ်ထောင်စု ၄၆၅ စုအတွက် လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၉၅၃၀၀၀၀ နှင့် ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရ သည့် စာသင်ကျောင်းလေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၃၄ ဦး အတွက် ဗလာစာအုပ်နှင့် ခဲတံ လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၉၅၄၄၄၀ နှင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၄၈၄၄၄၀ လှူဒါန်းခဲ့ကြောင်း သိရ သည်။

**ဇော်ထက်(သရက်)**



**မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော The Second Global Buddhist Congregation နှင့် The World Buddhist Sangha Summit တို့မှ အပ်နှင်းသည့် The World Buddhist Outstanding Leader Award (ပြည်တွင်း ပြည်ပသာသနာပြုထူးချွန်ဆု)ရသူ ဒေါက်တာဒေါ်နှင်းနှင်းအေး (LL.B-1986) အား ရန်ကုန်တက္ကသိုလ် ဥပဒေပညာပါမောက္ခ ဒေါက်တာ နီလာစိုးက ရန်ကုန်တက္ကသိုလ်များမွေ့ရုံ၌ စက်တင်ဘာ ၃ ရက်က ပြုလုပ် သော မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း၏ ထူးချွန်ဆုပေးပွဲတွင် ဂုဏ်ပြု ဆုပေးအပ်စဉ်။**

(ခင်မောင်သော်)

# တိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၃**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိများ၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို စက်တင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူး၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဝင်းတင်နှင့် ဒုတိယ တိုင်းဒေသကြီး ဥပဒေအရာရှိများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ဥပဒေအရာရှိများ၊ ဒုတိယခရိုင် ဥပဒေအရာရှိများ၊ မြို့နယ် ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန်နှင့် ဥပဒေအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကာ တိုင်းဒေသ ကြီး ဥပဒေအရာရှိ ဦးဝင်းတင်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပွင့်သစ္စာ)**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ နော်ပေါ်လင်းစိန် [၃/ဘအန(နိုင်)၁၃၉၉၉၂] နှင့် ဦးအောင်ကိုကိုထိုက် [၃/ဘအန(နိုင်)၁၂၀၇၉၁]တို့သည် ၁-၉-၂၀၁၇ ရက်နေ့တွင် ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များရှေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသောကြောင့် နောက်နောင် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ တစ်စုံတစ်ရာ ထိပါးနှောင့်ယှက်ခြင်းအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နော်ပေါ်လင်းစိန် [၃/ဘအန(နိုင်)၁၃၉၉၉၂]**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



**ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာအုပ်စု ရခိုင်ရိုးလေးကျေးရွာ စာကြည့် တိုက်တွင် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ စက်ရုံအလုပ်သမားများအား စက်တင်ဘာ ၃ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဝင်းက သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောစဉ်။**

(ဇာနည်မောင်)

Fortis

အသည်း၊ ကျောက်ကပ်၊ သွေးရောဂါရှင်များအတွက် သတင်းကောင်း

GREEN, GRAND CARE FOR THE PEOPLE

အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီး နှင့်

မြန်မာနိုင်ငံ Grand Hantha International ဆေးရုံကြီးတို့ ပူးပေါင်းကျင်းပသည့်

~ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ အခမ်းအနား ~

အသည်းခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Vivek Vij

ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Rajeev Sood

ရိုးတွင်းခြင်ဆီအစားထိုး နှင့် သွေးရောဂါအထူးကုဆရာဝန်ကြီး Dr. Rahul Bhargava

၉.၉.၂၀၁၇ (စနေနေ့)

မွန်းလွဲ ၂း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီ

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ

အမှတ် (၃)၊ နာနတ်တောလမ်း နှင့် ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်စာရင်းပေးရန်

အမှတ် (၈၁၀)၊ စီမ်းဂေဟာ (၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (မြပတိဘဏ်ဘေး)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၄၅၃၉ ၅၅၅ ၀၁၊ ၀၉ ၄၅၃၉ ၅၅၅ ၀၂

## တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Lot(1) - ထားဝယ်ခရိုင်၊ (၄)ခန်းတွဲ၊ (၄)ထပ်၊ ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း၊ ရေသန့်နှင့် ပြင်ပရေရရှိရေး လုပ်ငန်းဆောင်ရွက်ခြင်း

(ခ) Lot(2) - မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလမြို့၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်း

၂။ အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၃၀-၈-၂၀၁၇ ရက်

(ခ) လျှောက်လွှာပိတ်မည့်ရက်၊ အချိန် - ၂-၁၀-၂၀၁၇ ရက်၊ ညနေ ၄း၀၀ နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၃-၁၀-၂၀၁၇ရက် နံနက် ၁၀း၀၀ နာရီ

(ဃ) တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ထားဝယ်မြို့

၃။ Lot(၁)ခုလျှင် လျှောက်လွှာတစ်စောင်နှုန်း ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ၀၅၉-၂၀၂၃၅၆၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နတ်တွင်းရွာနေ ဦးညဏ်ကြည်၏ သမီး အထက(၂)ထားဝယ် ဒသမ တန်းမှ မဆုမွန်ဦးအား မစုမွန်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မစုမွန်ဦး**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အထက၊ ဒသမတန်း(D) မှ မစုစန္ဒီဇော်၏ ဖခင်အမည်မှာ ဦးခင်ဇော်လတ် [၇/ထတပ(နိုင်) ၀၂၉၃၁၄] ဖြစ်ပါကြောင်း။

**ဦးခင်ဇော်လတ်**

## ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အထက၊ ဒသမတန်း(E) မှ မနော်ခူဇာပလု၏ ဖခင်အမည်မှာ စောမောင်စီ[၃/သတန(နိုင်)၀၃၀၀ ၆၀]ဖြစ်ပါကြောင်း။

**စောမောင်စီ**

## အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက၊ ကျွဲပွဲ၊ ဒသမတန်း(E)မှ အဖအမည် ဦးရမ်းဘီစွန်း [၇/အတန(ပြု)၀၀၀၄၃၅]၏သမီး မစူဆာ သီးတို့မှာ အမည်မှန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အထက၊ ဒသမတန်း (က)မှ မောင်ကျော်မင်းနိုင်၏ ဖခင် အမည်မှန်မှာ ဦးဆန်ကူမာရ်[၇/ဖမန (နိုင်)၁၂၈၀၀၁] ဖြစ်ပါကြောင်း။

**ဦးဆန်ကူမာရ်**

ဒဂုံမြို့သစ်

အရှေ့ပိုင်း

ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊ မြောက်ပိုင်း

များရှိ မြေကွက်များကို

ဈေးကောင်း ပေးဝယ်သည်။

09-6809893

09-5120620

## မြိုင်မြို့နယ်၌ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ (OSS)အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြိုင် စက်တင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ယင်းတိုင်းတောင် Community Build Tourism ခန်းမ၌ ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ (OSS)အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေနှင့် ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက မြိုင်မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် OSS ရုံးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ Action Aid Myamarမှ ဦးအောင်မင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ ရတနာပွဲရုံ (ပခုက္ကူ)မှ ဦးတင်ဝင်းက မွန်ဂိုလီးယားနှင့် ဗီယက်နမ်နိုင်ငံတွင် OSS လေ့လာရေးခရီးစဉ်လုပ်ငန်းအကြောင်းကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက် နာယက ဦးရဲထွန်းက ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ(OSS)အလုပ်ရုံဆွေးနွေးပွဲ၏ တစ်ရက်တာ ဆွေးနွေးမည့်လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်း ပြောကြားကြသည်။

ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြိုင်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။ ထို့နောက်အုပ်စုဖွဲ့၍ ပြည်သူ့ဝန်ဆောင်မှုဆိုတာဘာလဲဟူသောခေါင်းစဉ်ဖြင့် အပြန်အလှန်ဆွေးနွေးခြင်း၊ ဒေသခံများ၏အကျိုးစီးပွားအတွက်ဆောင်ရွက်သင့်သော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများနှင့် OSS လုပ်ငန်းအောင်မြင်ရန်အတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများအကြောင်းတို့ကို အပြန်အလှန် ဆွေးနွေးအကြံပြုကြသည်။

ထိုသို့ဆွေးနွေး၍ ရရှိလာသောအကြံပြုအချက်များအား တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများထံသို့တင်ပြကြရာ တာဝန်ရှိသူများက တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးကြကြောင်းသိရသည်။ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် OSS ရုံးလုပ်ငန်းတွင်ပါဝင်နေသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ကြကြောင်း သိရသည်။

ထို့အပြင် မြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနနှင့် Action Aid Myanmar တို့ပူးပေါင်း၍ အင်းရောင်းအုပ်စု၊ စူလီပန်းကျေးရွာတွင် အုပ်စု လေးရွာ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမိတ္တူများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဆလိုင်းကိုကီး**

## ပုဗ္ဗသီရိမြို့နယ်၌ ကျန်းမာရေးအထောက်အကူပြု ဇီဝက (အခမဲ့) ဆေးခန်းဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပ ရပ်ကွက်တွင် ကျန်းမာရေးအထောက်အကူပြု ဇီဝက(အခမဲ့) ဆေးခန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက အဆိုပါဆေးခန်းရှိရာ ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဆေးခန်းဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးစိုးဝင်းက ဆေးခန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ပြောကြားသည်။ ဆက်လက်၍ ဆေးခန်းအတွက် ကုသိုလ်ရှင်များက ဆေးပဒေသာအလှူငွေနှင့် ဆေးပစ္စည်းများလှူဒါန်းရာ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဝင်များက လက်ခံရယူကြသည်။

ဆေးခန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းက “ဆေးခန်းကို ရပ်ကွက်အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ စေတနာလုပ်အားပေး လူငယ်တွေနဲ့ ဖွဲ့စည်းပြီး အဓိကရည်ရွယ်ချက်ကတော့ ရပ်ကွက်သူ ရပ်ကွက်သားတွေကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ဖြစ်ပါတယ်။ ကွန်တော်တို့ ရပ်ကွက်ဟာ အငြိမ်းစားဝန်ထမ်းတွေနဲ့ သာမန်လက်လုပ်လက်စားတွေ အများဆုံးနေထိုင်ကြပါတယ်။ ဒီဆေးခန်းဟာ ကျန်းမာရေးကဏ္ဍမှာ လိုအပ်ချက်တစ်ခုအနေနဲ့ ဖြည့်ဆည်းပေးနိုင်မှာဖြစ်တဲ့အတွက် ရပ်ကွက်နေပြည်သူတွေလည်း အတိုင်းမသိဝမ်းသာနေမှာပါ။ မတည်အလှူရှင်တွေ ဆေးပစ္စည်းလှူဒါန်းတဲ့ တန်ဖိုးဟာဆိုရင် ငွေကျပ် ၅၅ သိန်းကျော်ရှိပြီး ဆေးခန်းအတွက်လိုအပ်တဲ့ပစ္စည်း တစ်ဆယ့်ရှစ်သိန်းကျော်ဖိုး ဝယ်ယူဖြည့်ဆည်းပြီး လစဉ်ဆေးအလှူရှင်တွေနဲ့ အမြဲလည်ပတ်နိုင်အောင် စီမံထားပါတယ်။ ဆေးခန်းရေရှည်တည်တံ့နိုင်ဖို့အတွက် မြို့နယ်ကျန်းမာရေး၊ ရပ်ကွက်ကျန်းမာရေးတို့နဲ့ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဇီဝက (အခမဲ့) ဆေးခန်းကို အပတ်စဉ် တနင်္ဂနွေနှင့် တနင်္လာနေ့များတွင် ညနေ ၃ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား ကုသပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ရွှေရဲရင့်**

## ပရဟိတရန်ပုံငွေဖျော်ဖြေပွဲနှင့် အထက်မြန်မာပြည်အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပွဲ ကျင်းပ




**ချမ်းအေးသာစံ စက်တင်ဘာ ၃**

ပရဟိတရန်ပုံငွေဖျော်ဖြေပွဲနှင့် အထက်မြန်မာပြည်အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပွဲကို စက်တင်ဘာ ၂ ရက် ည ၇ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၄)လမ်းရှိ Oriental House ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့ရှိ တေးဂီတအဖွဲ့များမှ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ ယဉ်ကျေးမှုအဖွဲ့များက မြန်မာ့ရိုးရာအကဖြင့် ဖျော်ဖြေခြင်း၊ ရုပ်သေးတင်ဆက်ခြင်း၊ အထက်မြန်မာပြည်အိမ်ထောင်ရှင်အလှမယ် ၃၄ ဦးက Mrs. Royal Beauty 2017(Upper Myanmar)သတ်မှတ်ကိုယ်ဟန်ပြယှဉ်ပြိုင်ကြသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုး သမီးအားကစားအဖွဲ့ (မန္တလေးတိုင်းဒေသကြီး) မှတာဝန်ရှိသူများ၊ အလှူရှင်များ၊ Smart&Charity Organizations တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## မြေသားမိုးရေလှောင်ကန်များအတွင်း မိုးရေများအပြည့်ဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများ ဝမ်းသာပျော်ရွှင်

**ငါ့သရောက် စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဩဂုတ် ၃၀ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး အဆိုပါ မိုးရွာသွန်းမှုမှာ တစ်နာရီကျော်ခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်း ကျေးရွာများရှိ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် မြေသားမိုးရေလှောင်ကန်ကြီးများတွင် မိုးရေများ အပြည့်ဝင်ရောက်ခဲ့မှုရှိခဲ့ကြောင်းနှင့် ဒေသခံတောင်သူများ စိုက်ပျိုးယာမြေများ ထွန်ယက်စိုက်ပျိုးနိုင်သည့်အပြင် သောက်သုံးရေအတွက်ပါ အကျိုးပြုစေခဲ့ကြောင်း သိရသည်။



“ကျွန်တော်တို့ ဖြူကြီးကျေးရွာက ကျေးလက်နေပြည်သူတွေ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ဖို့အတွက် မြေသားမိုးရေလှောင်ကန်ကြီးက ဩဂုတ် ၃၀ ရက်က တစ်နာရီခန့် မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် မိုးရေအပြည့်ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ မိုးဦးကျပြီးကတည်းက ဒီလိုကန်ရေပြည့်အောင် မရွာဖူးသေးပါဘူး။ ဒါကြောင့် ရွာကတောင်သူတွေက ကန်ရေသွန်းတဲ့မိုးကို မျှော်လင့်နေကြတာပါ။ အခုတော့ မျှော်လင့်နေတဲ့ ကျေးရွာသောက်သုံးရေကန်အတွင်း မိုးရေအပြည့်ဝင်အောင် မိုးရွာသွန်းပေးလို့ ကျေးရွာမှာရှိတဲ့ ဒေသခံတွေက ဝမ်းသာပီတိဖြစ်ကြပါတယ်။ အခုလို မိုးရွာသွန်းတဲ့အတွက် ဒေသခံကျေးလက်နေပြည်သူတွေအတွက် သောက်သုံးရေအဆင်ပြေစေသလို တောင်သူလုပ်ငန်းလုပ်ကြတဲ့သူတွေအတွက်လည်း နွားစာအဖြစ် ပြောင်းသီးနှံ စိုက်ပျိုးခွင့်ရရှိတဲ့အပြင် နေ့စဉ် မိသားစုအပိုဝင်ငွေရရှိစေမယ့် ပင်ထောင်ခရမ်းချဉ်ကိုလည်း စိုက်ပျိုးခွင့်ရတဲ့အတွက် ယခုလို မိုးလိုနေတဲ့အချိန်မှာ မိုးရွာသွန်းပေးတာဟာ တောင်သူတွေအတွက် အလွန်ကိုအဆင်ပြေစေပါတယ်”ဟု အဆိုပါကျေးရွာမှ ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးတောင်သူ တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြစ်သားမြို့ကလေးစာဖတ်ခန်းတွင် ကလေးငယ်များ ပျော်ရွှင်စွာ ရောင်စုံစက္ကူပန်းပွင့်လေးများ ပြုလုပ်ကြ

**မြစ်သား စက်တင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားသော ကလေးစာဖတ်ခန်းသို့ ကျောင်းပိတ်ရက် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျောင်းသားကျောင်းသူများ လာရောက်၍ ပျော်ရွှင်စွာ ရောင်စုံစက္ကူပန်းပွင့်လေးများ ပြုလုပ်ကြကြောင်း သိရသည်။

အဆိုပါကလေးစာဖတ်ခန်း၌ ကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူများက စာကြည့်တိုက်သို့ သွားရောက်သည့်အလေ့အထ၊ စုပေါင်းဆောင်ရွက်တတ်ခြင်းနှင့် စာပေနှင့်ရင်းနှီးမှုများ ရရှိစေရန် ငယ်ရွယ်စဉ်အချိန်များမှစ၍ လေ့ကျင့်ပျိုးထောင်ပေးရန် Activity လှုပ်ရှားမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ စာကြည့်တိုက်သို့ လာရောက်သည့် ကလေးငယ်များ ပျော်ရွှင်စေရန်နှင့် တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများနှင့်အတူ ရောင်စုံစက္ကူပန်းပွင့်လေးများပြုလုပ်ခြင်း၊ စာဖတ်ဝိုင်းများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ချင်းတောင်တွင်မိုးရွာသွန်းမှုများသည့်အတွက် တောင်ပေါ်သွားမော်တော်ယာဉ်များ သတိပြုသွားလာရန်လိုအပ်

**တီးတိန် စက်တင်ဘာ ၃**
ချင်းပြည်နယ်တွင် ဇူလိုင်လဆန်းချိန်မှအစပြု၍ မိုးများရွာသွန်းမှုကြောင့်လမ်းပြိုလမ်းပျက်စီးမှုများရှိရာ ခရီးသည်တင်ယာဉ်လိုင်းများ၊ လူစီးမှန်လုံယာဉ်များ၊ ဟိုင်မွာလ်ဂျစ်ကားများနှင့် ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များပါနေ့စဉ်သွားလာမှုရှိသကဲ့သို့ အချို့ကုန်တင်ကားကြီးများမှာလမ်းမြေသားမခိုင်မာမှု၊ ကုန်ချိန်တန်ပိုတင်ဆောင်မှု၊ ကားမောင်းနှင်မကျွမ်းကျင်မှုနှင့် မိုးတွင်းကာလမိုးအဆက်မပြတ်ရွာသွန်း၍ မြူမှိုင်းများထူထပ်နေမှုကြောင့် လမ်းမြင်ကွင်းပျောက်ပြီး အန္တရာယ်များဖြစ်ပေါ်တတ်သဖြင့် ချင်းတောင်ပေါ်သွား ကားကြီးကားငယ်များအားလုံး သတိပြုမောင်းနှင်ကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်ရှိ ချင်းတောင်ပေါ်သွားကားလမ်းများသည် အောက်ခံမြေသားကြွခိုင်မှု အားနည်းပြီး ယခုကဲ့သို့ မိုးရာသီဆိုလျှင် တောင်ပြိုလမ်းပြိုကျမှုများသည့်အတွက် နှစ်စဉ်တောင်ပေါ်လမ်းအဆင့်မြှင့်တင်ရေးလမ်းမြေသားများချဲ့ထွင်ပြုပြင်ရသည့်နေရာများသည့်အပြင် အချို့နေရာများတွင် ကားလမ်းကျဉ်းမြောင်းခြင်း၊ ကားလမ်းပေါ်တွင်နွံ၊ မိုး၊ဆောင်းတစ်နှစ်ပတ်လုံး မြေအစိုဓာတ်ကြောင့် မြေသားနိမ့်ကျမှုရှိခြင်း၊ မိုင်ရှည်ရှိ့ဗွက်များပြည့်နှက်၍ ဗွက်ရုန်းသွားလာနေရသည့်အတွက် ခရီးသွားပြည်သူများမှာ ခရီးစဉ်ကြန့်ကြာမှုအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

"ချင်းတောင်ပေါ်မှာ ကားအသွားအလာများပြီး ကုန်ကားကြီးတွေလည်းသွားလာမှုများလာတော့ လမ်းပျက်စီးမှုလည်း အရင်နှစ်တွေထက်များလာတယ်။ ချင်းတောင်ပေါ်ကားလမ်းပျက်တယ်ဆိုတာက ကားလမ်းမကြီးတောင်အောက်ထဲကို အိဆင်းသွားတာပါ။ တောင်ပေါ်ကကျောက်တုံးကြီးတွေ၊ မြေတွေနိမ့်ဆင်းပြိုကျသွားတာဖြစ်တဲ့အတွက် မြေထိုးစက်နဲ့ထိုးလည်းပဲ ခဏကောင်းတာပါ။ ကုန်ကားတွေပေါ်တင်လာတဲ့ ကုန်အလေးချိန်ကြောင့်လည်း လမ်းသားအိပြီး မကြာခဏဆိုသလို ကားတိမ်းမှောက်မှုတွေ၊ ကားလဲမှုတွေလည်းဖြစ်တတ်ပါတယ်။ လူထိခိုက်မှုရှိတာနဲ့ မရှိတာပဲကွာပါတယ်။နောက်ပြီးတော့ ကားလည်းကောင်းပြီး လမ်းလည်းကောင်းပေမယ့် တချို့ယာဉ်မောင်းမကျွမ်းကျင်မှုတွေကြောင့် မဖြစ်သင့်တာဖြစ်ပေါ်တတ်ပါတယ်" ဟု ချင်းပြည်နယ်အတွင်း ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

အထူးသဖြင့် ကားအသွားအလာများသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ် မြန်မာ-အိန္ဒိယနယ်စပ် ကုန်စည်ပို့ဆောင်ရေးလမ်းမကြီးဖြစ်သည့် ကလေး-တီးတိန်- ရိခေါဒါရ် မြို့သွားကားလမ်းပေါ်ရှိ ကလေးမြို့မှ ဖလမ်းနှင့်တီးတိန်လမ်းခွဲသိုင်းငင်းကျေးရွာအကြားကားလမ်းတွင် လည်းကောင်း၊ တီးတိန်မြို့မှ သီရိ



ဥတ္တမတောင်(ခေါ်)ကနေဒီတောင်ခြေရင်းရှိ ဆိုဇန်ကျေးရွာအကြား ကားလမ်းတွင်လည်းကောင်း၊ တီးတိန်မြို့မှ ရိရေကန်သွား ရိခေါဒါရ်မြို့ အကြားကားလမ်းတွင်လည်းကောင်း မိုးရက်ဆက်ရွာသွန်းမှု ကြောင့်လမ်းပျက်စီးမှု၊ ရွှံ့နွံထူထပ်မှုများကြီးမားစွာဖြစ် ပေါ်လျက်ရှိရာလမ်းပျက်စီးသည့်နေရာများတွင် ခရီးသွား ပြည်သူများလမ်းပိတ်ဆို့မှုမရှိရအောင် သက်ဆိုင်ရာလမ်း ဦးစီးဌာနမှစက်ယန္တရားကြီးများကို အသင့်ချထားရှိပြီး အချိန်နှင့်တစ်ပြေးညီလမ်းများပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**ဇိုဟေဆာ**

# စစ်ကိုင်းတိုင်းဒေသကြီး သတင်းစာဆရာအသင်း (MJA)က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းပညာ သင်တန်းဖွင့်ပွဲကျင်းပ

**အင်းတော် စက်တင်ဘာ ၃**
မြန်မာနိုင်ငံသတင်းစာဆရာအသင်း (စစ်ကိုင်းတိုင်းဒေသကြီး MJA) က ကြီးမှူးဖွင့်လှစ်သော (ပထမအကြိမ်)အခြေခံသတင်းပညာ (ရက်တို)သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ မြန်မာ့ကျောက်မျက်လုပ်ငန်းရှင်များအသင်းရုံး(ဒုတိယထပ်)၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(စစ်ကိုင်းတိုင်းဒေသကြီး MJA)ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ် (ယဉ်ယဉ်သိန်း-နဘား)၊ စစ်ကိုင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရဲထွတ်(မောင်မျက်ရှင်-စစ်ကိုင်း)၊ စစ်ကိုင်းခရိုင်မှုခင်းသတင်းများအဖွဲ့ ဒု-ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို) တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဒေါ်လတ်လတ်စိုးတို့က အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ဆရာမဒေါ်လတ်လတ်စိုး၊ ဆရာဦးဘဦးနှင့် ဆရာမ မမ (လားရှိုး)တို့က သတင်းပညာများကို သင်ကြားပို့ချကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၃**
စက်တင်ဘာ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲအား စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းစာသင်ခန်းမများ၌ ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲ၌ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူ ၃၇ ဦးက စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ လူတိုင်းစာတတ်မြောက်ရေးကြိုးပမ်းစို့ ခေါင်းစဉ်နှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၇ ဦးက လူငယ်အနာဂတ်လှပရေး စာတတ်မြောက်ရေးမြှင့်တင်ပေး ခေါင်းစဉ်တို့ဖြင့် ဝင်ရောက်ရေးသားယှဉ်ပြိုင်ကာ မြို့နယ်ပညာရေးမှူးဒေါ်ခင်ခင်ညိုက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲများကို ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများကကြီးကြပ်ကာ ကျင်းပလျက်ရှိပြီး ဆုရကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာမြို့နယ်အလိုက် စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးလေးကြီး**

# ကျောင်းပြင်ပမုန့်ဈေးတန်းမှရောင်းသော ကြာဆံကြော်နှင့် မုန့်ဟင်းခါးစားရာမှ ကျောင်းသူ ခုနစ်ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

**စစ်ကိုင်း စက်တင်ဘာ ၃**
ကျောင်းအပြင်ဘက် မုန့်ဈေးတန်းတွင်ရောင်းချသော ကြာဆံကြော်နှင့် မုန့်ဟင်းခါးစားသောက်ရာမှ ကျောင်းသူ ခုနစ်ဦး အစာအဆိပ်သင့်မှု စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီခွဲခန့်က စစ်ကိုင်းမြို့နယ် ရွှေကြယ်ပုံကျေးရွာ အထက်တန်းကျောင်းတွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် ရွှေကြယ်ပုံကျေးရွာနှင့် တောင်မြို့ကျေးရွာတို့မှ ကိုးတန်းကျောင်းသူ ခုနစ်ဦးသည် ကျောင်းအပြင်ဘက် မုန့်ဈေးတန်းတွင် ရောင်းချသော ကြာဆံကြော်နှင့် မုန့်ဟင်းခါးကိုစားသောက်မိရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစာအဆိပ်သင့်သူ ခုနစ်ဦးအနက် ကျောင်းသူသုံးဦးကို နံနက် ၁၁ နာရီတွင် မန္တလေးဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုခံယူစေခဲ့ပြီး ကျန်သည့်ကျောင်းသူလေးဦးကို စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြောင်းသိရသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကျောင်းသူသုံးဦးသည် မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ဆားတောင်တိုက်နယ်ဆေးရုံတွင် ကုသမှုခံယူနေသော ကျောင်းသူလေးဦးသည် ညနေ ၃နာရီခွဲတွင်လည်းကောင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံမှဆင်းကာ မိမိတို့နေအိမ်အသီးသီးသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# ပင်လည်ဘူးမြို့၌တောင်သူစိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်

**ပင်လည်ဘူး စက်တင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သော တောင်သူစိုက်ပျိုးရေးပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမင်းနောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားရာ ယခုသင်တန်းသည် ရက်တိုသင်တန်းဖြစ်၍ သင်တန်းသားများအနေဖြင့် သေချာလေ့လာသင်ယူမှတ်သားပြီး သင်တန်းမှရရှိသော နည်းပညာများကို မိမိတို့စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိရှိအသုံးချ လုပ်ဆောင်သွားကြရန် ပြောကြားသည်။

၎င်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်သန်းထူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တောင်သူများ သီးနှံများကို သိပ္ပံနည်းကျကျ စိုက်ပျိုးတတ်ပြီး အထွက်နှုန်းတိုးတက်ရရှိလာစေရန်၊ ဓာတ်မြေဩဇာ သုံးစွဲမှုလျှော့ချပြီး သဘာဝမြေဩဇာကို အဓိကသုံးစွဲလာတတ်စေရန်၊ ဓာတ်မြေဩဇာကိုအချိုးညီညီ အကျိုးရှိရှိ သုံးစွဲတတ်စေရန်၊ ပိုးမွှားရောဂါများကို ကြိုတင်ကာကွယ်လာတတ်စေရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို သိရှိလိုက်နာ ဆောင်ရွက်လာတတ်စေရန်၊ ဓာတ်မြေဩဇာဥပဒေကို သိရှိနားလည်စေရန်အတွက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းတွင် စာတွေ့လက်တွေ့ဖြင့် နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

# အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်နည်း သင်တန်း အင်းတော်မြို့နယ်၌ ဖွင့်လှစ်

**အင်းတော် စက်တင်ဘာ ၃**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ အခြေခံငါးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနားကို အင်းတော်မြို့နယ် ဆည်ရွာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းနည်းပြဆရာများက ငါးကန်မြေနေရာရွေးချယ်ခြင်း၊ ရေသြဇာပြုပြင်ခြင်းနှင့် ငါးသားပေါက်ပြုစုခြင်း၊ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေနှင့် ရေချိုငါးလုပ်ငန်းဥပဒေ၊ ငါးအစာကျွေးမှုနှင့် တစ်ပိုင်တစ်နိုင်ငါးရှဉ့်မွေးမြူနည်း၊ သဘာဝနည်းဖြင့် ရွှေဝါငါးကြင်းသားဖောက်နည်း၊ မျိုးငါးရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်နည်းနှင့် ငါးမှုန်ပြုစုနည်း၊ ပြုစုကန်များ ရှင်းလင်းခြင်း၊ မျိုးငါးဆွဲခြင်းနှင့် ဆေးထိုးခြင်း၊ ငါးဥဖောက်ခြင်းဘာသာရပ်တို့ကို စာတွေ့လက်တွေ့ သုံးရက်တိုင်တိုင် သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊ ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများရရှိစေရန်၊ ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီစီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုလုပ်နိုင်စေရန်၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပူးပေါင်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးငွေဝင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကို၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၁၁၇)ကြိမ်မြောက်ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်ဖွင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ ရွှေကျောင်းကြီးတိုက် ဗုဒ္ဓမြတ်စွယ်တော်အာရုံခံတန်ဆောင်းအတွင်း၌ စက်တင်ဘာ ၂ ရက် ညနေ ၄ နာရီခွဲက (၁၁၇)ကြိမ်မြောက်၊ နှစ် (၁၂၀) ပြည့် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်ပွဲနှင့် အပူဇော်ခံရာရွှေကျောင်းဆောင် ပလ္လင်ပေါ်သို့ ပင့်ဆောင်ခြင်းအခမ်းအနား ကျင်းပသည်။

ယင်းနောက် တစ်နှစ်တာကိန်းဝပ်စံပယ်တော်မူရာဂန္ဓကုဋီရွှေတိုက်တော်အတွင်းမှ အပူဇော်ခံရာရွှေကျောင်းဆောင်ပလ္လင်တော်ထက်သို့ ဩဝါဒဆရာတော်ကြီးများ၊ ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဘုရားဖူးလာပြည်သူများက အဆင့်ဆင့်ပင့်ဆောင်ပူဇော်ကြသည်။

ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအများဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်ရန် အပူဇော်ခံရာရွှေကျောင်းပလ္လင်ထက်၌ စက်တင်ဘာ ၅ ရက်အထိ သီတင်းသုံးစံပယ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



# မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃**

အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ အားကစားလေ့ကျင့်လိုက်စားခြင်းဖြင့် ဉာဏ်ရည်ထက်မြက်ပြီး ပညာရေးပါထူးချွန်၍ ကျန်းမာသန်စွမ်းသော ကျောင်းသားလူငယ်များဖြစ်ပေါ်လာစေရေးနှင့် အခြေခံကျောင်းများတွင် အားကစားကဏ္ဍပြန့်ပွားစေရေး၊ အားကစားထူးချွန်သောလူငယ်များ ရှာဖွေဖော်ထုတ်နိုင်မှသာ နှစ်စဉ်ကျင်းပသော ASEAN Schools Games ပြိုင်ပွဲများ ASEAN University Games ပြိုင်ပွဲများသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားလက်ရွေးစင်များပါဝင်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံလေလုံ)အားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်း၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဝင် ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များမှ အမျိုးသား ၅၈ သင်း၊ အမျိုးသမီး ၂၂ သင်းတို့မှ အားကစားသမားပေါင်း ၂၇၆ ဦးတို့သည် အမျိုးသား အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ပြီးပြိုင်ပွဲအားလုံးကို(ရှုံး/ထွက်)စနစ်ဖြင့် ယှဉ်ပြိုင်စေကာ ဒုတိယအဆင့်တွင် အုပ်စုပြန်ခွဲ၍ ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်းနှင့်ပြိုင်ပွဲများကို စက်တင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် တပင်ရွှေထီးလမ်းထောင့်တွင် စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စောယုမေ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆)မှ ရဲအုပ်သိန်းဌေး၊ မူးယစ်တပ်ဖွဲ့ (၄၂)မှ ရဲအုပ်အောင်ကျော်တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။ **(၁၁၈)**

# စွန့်ဦးတီထွင်ဖွံ့ကပင် ဟောပြောပွဲနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ဘားအံ၌ကျင်းပ

**ဘားအံ စက်တင်ဘာ ၃**

ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ စွန့်ဦးတီထွင်ဖွံ့ကပင် ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲကို မြန်မာ့စွန့်ဦးတီထွင် အသိုင်းအဝိုင်းတည်ထောင်ရာ၌ ကရင်ပြည်နယ်မှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အတူတကွပါဝင်နိုင်ရန်ရည်သန်၍ ကရင်ပြည်နယ်၏ စွန့်ဦးတီထွင် လုပ်ငန်းရှင်များအားကူညီထောက်ပံ့ပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများ ဈေးကွက်ပိုမိုရရှိလာစေရန်၊ ငွေကြေးအရင်းအနှီးနှင့် စီးပွားရေးကွန်ရက်ကောင်းများရရှိလာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်လာစေရန်နှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်လမ်းများ ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး Myanmar Young Entrepreneurs Association မှ ဥက္ကဋ္ဌဦးထွန်းထွန်းနိုင်က မြန်မာနိုင်ငံစွန့်ဦးတီထွင် လုပ်ငန်းရှင်များအကြောင်းကို ရှင်းလင်းပြောကြားကာ စွန့်ဦးတီထွင်ဖွံ့ကပင်ပွဲနှင့်ပတ်သက်၍ ကရင်ပြည်နယ်မှ လူငယ်လုပ်ငန်းရှင်တစ်ဦးနှင့် MYEA ၏ Regional Development Committee ဥက္ကဋ္ဌ ဒေါက်တာဒေါ်မေပြည့်စုံကြွယ်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ထို့နောက် ကရင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် ကိုစောဘိုဘို(Senior Banker)က လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုမင်းကိုခိုင်နှင့် လူငယ်လုပ်ငန်းရှင်များ၏ (Panel Discussion) ဆွေးနွေးခြင်းနှင့် Kudos To You ၏ CEO & Founder ဖြစ်သော ကိုကောင်းငြိမ်းစိုးက အနာဂတ်ကို ကိုယ်ပိုင်တည်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ကြသည်။

အလုပ်အကိုင်ရှာဖွေလိုသော လူငယ်များနှင့် ကျွမ်းကျင်လုပ်သား ရှာဖွေလိုသော လုပ်ငန်းရှင်များကို ချိတ်ဆက်ပေးမည့်အလုပ်အကိုင်ပြခန်းများအား ဖွင့်လှစ်ထားရှိပြီး Marlarmyaing၊ SBS Delivery၊ Toyo Battery၊ Dagon International နှင့် Pro 1 (Mawlamyine) တို့မှ အလုပ်အကိုင်များ ခေါ်ယူခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ် ဝန်ကြီးများ၊ မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ စပွန်ဆာကုမ္ပဏီများ၊ ပြည်နယ်အတွင်းမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဒေသတွင်းမှ စီးပွားရေးကိုစိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးရာသီကာလရေလျှံမှုများသက်သာစေရန် ရေမြောင်းများကို ကာလရှည်အတွက် ဆောင်ရွက်ပေးသွားမည်

**ရေတာရှည် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးရာသီကာလရောက်တိုင်း ရေနုတ်မြောင်းများ ကျဉ်းမြောင်းသည့်အတွက် ရေလျှံမှုများဖြစ်ပေါ်လျက်ရှိသော ဆွာမြို့နှင့် သာဂရမြို့များတွင် ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ဆွာမြို့၊ သာဂရမြို့များတွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ကာလရှည်အတွက် အစီအမံများဖြစ်သော မြို့တွင်းရေမြောင်းများနှင့် မြို့ပြင်ရေထွက်မြောင်းများကို တူးဖော်နိုင်ရန် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

“မြို့တွင်းမြောင်းတွေက လူနေအိမ်ခြံစည်းရိုးတွေတိုးပြီးကာလာတာ၊ အမှိုက်သရိုက်တွေကို စည်းကမ်းမဲ့ စွန့်ပစ်တာတွေကြောင့် မြောင်းတွေ ကျဉ်းမြောင်းကုန်တယ်။ ရေထွက်မြောင်းတွေဆိုရင်လည်း ဒီလိုပဲ ဆွာနဲ့သာဂရအပြင် ကျန်တွေမြို့တွေကိုပါ မြို့နယ်ထွေ/အုပ်၊ မြို့နယ်မြေစာရင်းတာဝန်ရှိသူတွေနဲ့ အားလုံးဆောင်ရွက်သွားမှာပါ” ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်ဌေးက ပြောသည်။

ချောင်းငယ်မြောင်းငယ်များ ရေလျှံသည့်အခါ မြို့အတွက် လယ်ကြားမြောင်းများကို တောင်သူများက ပိတ်ဆို့ကာ လယ်စိုက်ပျိုးမှုများလုပ်ဆောင်သဖြင့် ရေထွက်နှုန်းနှေးကွေးမှုကြောင့် ဆွာမြို့မှာ နှစ်စဉ်လိုလို မိုးရာသီကာလရောက်တိုင်း ရေလျှံခြင်းများဖြစ်ပေါ် လျက်ရှိနေခြင်းဖြစ်သည်။ **ကိုလွင်(ဆွာ)**

# လက်ပန်ကျေးရွာတွင် ရွာလုံးကျွတ်စုပေါင်းသန့်ရှင်းရေးပြုလုပ်

**သုံးခွ စက်တင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုရီးယားနိုင်ငံ HKOICAအဖွဲ့၏ကူညီထောက်ပံ့မှုဖြင့် မြန်မာ ဆယ်မာအူးလ်အွန်ဒုံ SMU ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို လက်ပန်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူနေမှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး၊ ကျေးရွာသန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ လက်ပန်ကျေးရွာSMU ဥက္ကဋ္ဌဦးစိန်ခွဲနှင့်ကော်မတီဝင်များ၏ဦးဆောင်မှုဖြင့် နေအိမ်များရှေ့တွင် အမှိုက်ပုံးများထားရှိပေးခြင်း၊ အပတ်စဉ်စနေနေ့နံနက်တိုင်း ရွာလုံးကျွတ်နေရာအပိုင်းအလိုက် ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ဖြင့် လူကြီး လူငယ်များစုပေါင်းသန့်ရှင်းရေးပြုလုပ်လျက်ရှိရာ စက်တင်ဘာ ၂ ရက် စနေနေ့ကလည်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ကာ အမှိုက်များကို အမှိုက်သိမ်းတွန်းလှည်းဖြင့် သယ်ဆောင်၍ တည်ဆောက်ထားသော အမှိုက်မီးရှို့ကန်နေရာတွင် စနစ်တကျမီးရှို့ခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# အများပြည်သူ ယာဉ်အန္တရာယ်ဘေးကင်းစွာ သွားလာနိုင်ရေး မူးမိုန်ပျောက်ကွယ်လု ဖြစ်နေသောလူကူးမျဉ်းကျားများ အသစ်ပြန်လည်ရေးဆွဲ

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လမ်းအသုံးပြုသူခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ဘေးကင်းစွာသွားလာနိုင်ရေးအတွက် လမ်းနှင့်တံတားဌာနမှ ဆေးမှေးမှိန်ပျောက်ကွယ်လုဖြစ်နေသော လူကူးမျဉ်းကြားများအား အသစ်ပြန်လည်ရေးဆွဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်လမ်းအနီး ရန်ကုန်-အင်းစိန် လမ်းမကြီးတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ကြီးကြပ်မှုဖြင့် လမ်းနှင့်တံတားဌာနလုပ်သားများက ဆေးမှေးမှိန်နေသည့် လူကူးမျဉ်းကျားများအား အသစ်ပြန်လည်ရေးဆွဲနေမှုကိုမြင်တွေ့ရသည်။

“လူကူးမျဉ်းကျားတွေက အချိန်ကာလကြာမြင့်လာတာနဲ့အမျှ နေဒဏ်မိုးဒဏ်ကြောင့် ဆေးတွေက မှေးမှိန်ပျောက်ကွယ်နေပြီ။ ဒါကြောင့် မှေးမှိန်ပျောက်ကွယ်နေတဲ့ လူကူးမျဉ်းကျားတွေကို အသစ်ပြန်လည်ရေးဆွဲပေးနေတာပါ”ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးကပြောသည်။

မျက်မှောက်ကာလ၌ ရန်ကုန်မြို့တွင် ယခင်ကထက်မော်တော်ယာဉ်များ ပိုမိုများပြားလာသဖြင့် လမ်းအသုံးပြုသူခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ဘေးကင်းစွာသွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတားဌာနမှ ဆေးမှေးမှိန်ပျောက်ကွယ်လုဖြစ်နေသော လူကူးမျဉ်းကျားများကို အသစ်ပြန်လည်ရေးဆွဲပေးနေခြင်းဖြစ်သည်ဟုဆိုသည်။ **မောင်သုည**



# စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် ဆေးဝါး၊ အစားအစာနှင့် အလှကုန်များအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ

သန်းဖြိုးနိုင် (ကညင်ကျိုး)



ယနေ့အချိန်ကာလတွင်ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးအတွက် အမှန်တကယ်လိုအပ်နေသော အသိပညာတစ်ခု၊ မသိမဖြစ်လေ့လာထားရတော့မည့်ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ပြဿနာတစ်ရပ်အဖြစ်ရှုမြင်ရမည့်ကိစ္စရပ်တစ်ခုမှာ သောက်သုံးရန်မသင့်သည့် ဆေးဝါးများ၊ စားသုံးရန်မသင့်သည့် စားသောက်ကုန်များနှင့် သုံးစွဲလိမ်းကျံရန်မသင့်သည့် အလှကုန်ပစ္စည်းများအကြောင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာပြဿနာများအတွက် ယနေ့အချိန်အခါတွင် အဓိကလိုအပ်နေသောကိစ္စမှာလည်း ထိုကိစ္စပင်ဖြစ်မည်။ တစ်ဖက်ကကြည့်လျှင်လည်းထိုကိစ္စမှာ ယခင်ကာလရှည်ကြာ ကျွန်ုပ်တို့ဝန်းကျင်အတွင်း သိသိသာသာနည်းဖြင့်တစ်နည်း၊ မသိမသာနည်းဖြင့်တစ်ဖုံ စိမ့်ဝင်နေရာယူထားသည်ဟုပြောလျှင်လည်း ရနိုင်သည်။

## ပညာပေးဟောပြော

ကျွန်ုပ်တို့နိုင်ငံအတွင်း ယနေ့ကာလတွင်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပေါ်ပျံ့နှံ့နေသော ပစ္စည်းအတုများ၊ ဓာတုဗေဒဆိုးဆေးများ၊ တာရှည်ခံဆေးများနှင့် အခြားအန္တရာယ်ဖြစ်စေသည့်ပစ္စည်းများဖြင့် ပြုလုပ်ဖော်စပ်ထားကြသည့် အစားအစာများ၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများမှာ တစ်စတစ်စနှင့် ပိုမိုပေါ်များလာနေပြီး ၎င်းကိစ္စအပေါ် မြန်မာ့စားသုံးသူများသမဂ္ဂအသင်း (MCU)မှလည်း အသိပညာပေးဟောပြောပွဲများ လိုက်လံဟောပြောနေသည်ကိုလည်းတွေ့မြင်ကြရမည်ဖြစ်သည်။

## ကြော်ငြာပေးနေရ

အမှန်အတိုင်းမခြွင်းမချန် ပွင့်ပွင့်လင်းလင်းပြောကြစတမ်းဆိုလျှင်လည်း ယနေ့လက်ရှိ ကျွန်ုပ်တို့နိုင်ငံအတွင်းရှိဈေးကွက်အတွင်းတွင် ပေါများလှသည့် ဆေးဝါးအတုများ၊ စားသုံးရန်မသင့်သောအစားအစာနှင့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများမှာ နေရာတိုင်းမြို့တိုင်းတွင်ရှိနေကြမည်မှာ သံသယပွားစရာမရလောက်အောင်ပင် အမှန်ဖြစ်နေလေသည်။ နိုင်ငံပိုင်သတင်းစာများမှလည်း မကြာမကြာဆိုသလိုစားသုံးရန်မသင့်သောပစ္စည်းအမျိုးအမည်များကိုဖော်ပြပြီး ၎င်းတို့အထဲတွင်ပါဝင်သည့် ဓာတုပစ္စည်းများကိုလည်း ယှဉ်တွဲဖော်ပြထားသည်ကို စာဖတ်သူများတွေ့မြင်ကြရပြီးဖြစ်မည်ထင်ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA)အနေဖြင့်လည်း ယခုနောက်ပိုင်းတွင်လည်း မကြာခဏဆိုသလို ထုတ်ပြန်ကြေညာပေးနေသည်ကိုလည်း မြင်တွေ့နေရသည်။

## လမ်းကြောင်းများကာကွယ်

ဤနေရာတွင် မေးစရာအကြောင်းတစ်ခုတော့ရှိလာခဲ့ပါသည်။ ထိုကိစ္စမှာ ထိုသို့သောစားသုံးသူများကို အန္တရာယ်ဖြစ်စေသည့် ဆေးဝါးများ၊ အစားအသောက်နှင့် အလှကုန်ပစ္စည်းများကို တာဝန်ရှိသူအစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဖမ်းဆီးအရေးယူမှုများမရှိကြဘူးလား၊ ဝင်ရောက်လာသည့် လမ်းကြောင်းများကို မကာကွယ်ကြဘူးလားဆိုသည့် မေးခွန်းတစ်ရပ်ပါ။ ထိုမေးခွန်းအတွက် အဖြေရှာကြည့်လျှင် ယနေ့အချိန်အခါကာလတွင်ဖြစ်ပေါ်နေသည့် နိုင်ငံတော်စီးပွားရေးတိုးတက်အောင် ပြုပြင်ပြောင်းလဲခါစအချိန်အခါ၊ တရားဥပဒေစိုးမိုးမှုရှိအောင် ယခုမှပင်မြေစမ်းခရမ်းပျိုးနေကြရသည့်ကာလ၊ တစ်ဖက်မှလည်း အနှစ်နှစ်အလလမှ အိပ်မက်ခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ငြိမ်းချမ်းရေးတည်ဆောက်သည့်ကိစ္စများအတွက် ဆောင်ရွက်ကြရသည့် အခြေအနေများအကြားတွင် အစိုးရအနေဖြင့်လည်း ထိုကိစ္စမှာလတ်တလောထိထိရောက်ရောက်မကိုင်တွယ်နိုင်သေးသည့်ကိစ္စအဖြစ် ရှုမြင်ရမည်လည်းဖြစ်ပါသည်။

## ဆင်ခြင်ဆောင်ရွက်နေကြ

အခြားတစ်ဖက်ကကြည့်လျှင်မူ ထိုကိစ္စမှာနိုင်ငံတစ်ဝန်း စားသုံးသူများနှင့် အဆိုပါပစ္စည်းများကို ထုတ်လုပ်၊ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးနေကြသည့် လုပ်ငန်းရှင်များအကြား အထိအခိုက်မခံသည့် အလွန်အကဲဆတ်သည့် ကိစ္စလည်းဖြစ်နေသည်။ အကဲဆတ်သည့်ကိစ္စဟုဆိုခဲ့ရခြင်းမှာလည်း အကြောင်းရှိပါသည်။ ဥပမာတစ်ခုဖြင့် စားအုန်းဆီအကြောင်းပြောရလျှင် ယင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA (Department of Food and Drug Administration) က ပစ္စည်းနမူနာယူဓာတ်ခွဲစမ်းသပ်ကြည့်သည့်အခါ စားသုံးရန်မသင့်သော၊ စားသုံးသည့်လူများကို အန္တရာယ်ဖြစ်စေသည့်ပစ္စည်းများပါဝင်သည်ကို တွေ့ရှိရသည်ဆိုကြပါစို့။ ထိုအခါ အဆိုပါပစ္စည်းများကိုဖမ်းဆီးခြင်း၊ ပြည်သူအများသိစေရန် သတင်းစာများမှကြေညာခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လိုက်မည်ဆိုပါက ကျွန်ုပ်တို့နိုင်ငံအတွင်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ပျံ့နှံ့နေသည့် ထိုပစ္စည်းများ၏ အခြေအနေ၊ လက်ရှိစားသုံးနေသည့် ဈေးကွက်ပြတ်လပ်မှုဖြစ်နိုင်ချေ။ နောက်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုနှင့် အစိုးရအပေါ် ရိုက်ခတ်လာနိုင်သည့် နိုင်ငံရေးလှုပ်ရှားမှုစသည့်စသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားနေကြရမည်ဟုလည်း အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ လေ့လာသုံးသပ်နေသူများက ဆိုကြသည်။

## စားသုံးသူများဆင်ခြင်စဉ်းစား

ထို့ပြင် ယနေ့နိုင်ငံတော်အတွင်း ပျံ့နှံ့နေသည့် အန္တရာယ်ရှိ ဆေးဝါးအတုများ၊ စားသုံးရန်မသင့်သည့် အစားအစာများနှင့် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများ ဝင်ရောက်လာသည့် ပင်မလမ်းကြောင်းအပေါ်လည်း ထည့်တွက်စဉ်းစားကြမည်ဆိုလျှင် ဥပမာ- ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးအရဂိတ်ပေါက်တစ်ခုအနေဖြင့် မြဝတီရှိကြပါသည်ဆိုကြပါစို့။ သို့သော် အဆိုပါပစ္စည်းများမှာ ထိုဂိတ်ပေါက်တစ်ခုတည်းမှ ဝင်ရောက်လာခြင်းမျိုးမဟုတ်ဘဲတစ်ဖက်နိုင်ငံများမှ ဝင်ရောက်ရာတွင်သောင်းရင်းမြစ်တစ်လျှောက်ပေါများလှသည့် တရားမဝင်ဂိတ်များမှ ဥဒဟိုဝင်ရောက်နေကြလေသည့်ဖြစ်သည့်အတွက် တားမြစ်ရန်ခက်ခဲလှပါသည်။ ထို့အပြင် ထိုဂိတ်များသို့ ဖြတ်သန်းကာပြည်မသို့ ဝင်ရောက်လာသည့်လမ်းကြောင်းများအတွင်းပါဝင်ပတ်သက်နေသည့်သူများအတွက်လည်း အစိုးရပိုင်း တာဝန်ရှိသူများအနေဖြင့် အဘက်ဘက်မှ အကြောင်းအမျိုးမျိုးဖြင့် ထည့်တွက်ငဲ့ကွက်လျက် ချင့်ချိန်ဆောင်ရွက်နေကြရသည့်သဘောရှိရာ စားသုံးသူများအနေဖြင့်သာ စဉ်းစားကြစေလိုပါသည်။

မိမိတို့၏ အသိဉာဏ်ဖြင့်သာ မည်သည့်အရာက စားသုံးရန်မသင့်သနည်း။ မည်သည့်ပစ္စည်းက ဓာတုဗေဒဆိုးဆေးများပါသနည်း။ မည်သည့်အမယ်ကလိမ်းခြယ်ရန်မဖြစ်နိုင်သနည်းဆိုသည်ကို စဉ်းစားဆုံးဖြတ် ဝယ်ယူသုံးစွဲကြရန်သာဖြစ်သည်။ အခြားတစ်ဖက်က ကြည့်လျှင်လည်း နယ်ခြားဂိတ်ပေါက်များမှ တရားမဝင် အန္တရာယ်ရှိပစ္စည်းများ မည်မျှပင် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာစေကာမူ ပြည်သူများ၏ အသိပညာကြွယ်ဝမှု၊ ဗဟုသုတပြည့်စုံမှု၊ ဉာဏ်ပညာထူးချွန်မှု၊ ကျန်းမာရေးလေ့လာလိုက်စားမှုစသည့် အမြင်များဖြင့် သတိထားကာကွယ်ကြရန်သာ လိုလာမည်ဖြစ်သည်။ မသမာသူ ဝိသမလောဘသားများက အန္တရာယ်ရှိပစ္စည်းများကို ပြည်တွင်းဈေးကွက်သို့မည်သို့ပင်တင်သွင်းဖြန့်ဖြူးစေကာမူ စားသုံးသူများကမဝယ်စား၊ မသုံးဆောင်ကြလျှင် တဖြည်းဖြည်းဖြင့် ဈေးကွက်ပျက်ကာ ပပျောက်သွားမည်သာဖြစ်သည်ကို အထူးသတိချပ်ကြရမည်ဖြစ်ပါသည်။

## အတုအပခွဲခြား

ထို့ထက်ထူးခြားသောအခြေအနေတစ်ရပ်မှာ ကျွန်ုပ်တို့နိုင်ငံအတွင်း ပျံ့နှံ့နေသည့် အဆိုပါဆေးဝါးအတုများနှင့် စားသောက်ကုန်၊ အလှကုန်များ အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်တွင်စက်ရုံများတည်ထောင်လျက် ထုတ်လုပ်ကြပြီး ကျွန်ုပ်တို့နိုင်ငံအတွင်းသို့ပင် တင်သွင်းရန်ဦးတည်ဆောင်ရွက်နေကြကြောင်း၊ ထိုပစ္စည်းများမှာ ၎င်းတို့နိုင်ငံမှ စားသုံးရန်သင့်သည်ဟု တရားဝင်ခွင့်ပြုချက်ပေးထားသည့် ပစ္စည်းအမျိုးအမည်များမဟုတ်ကြောင်း၊ ကျွန်ုပ်တို့နိုင်ငံအတွင်း လူသုံးများနေသည့် အဆိုပါပစ္စည်းများမှာ မူလထုတ်လုပ်သည့်နိုင်ငံများတွင်ရှာ၍မရကြကြောင်း စသည့်စိုးရိမ်ဖွယ်ရာအခြေအနေများကိုလည်း စားသုံးသူများ သိရှိထားသင့်ကြပါသည်။

## ဥပဒေပါပြဋ္ဌာန်းချက်များ လေးစားလိုက်နာ

အမှန်ဆိုရလျှင် ကျွန်ုပ်တို့နိုင်ငံအတွင်းတွင်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသည့် အစိုးရအဖွဲ့အစည်းများအပြင် အရပ်ဘက်တွင်လည်း အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ (NGOs)များစွာရှိပါသည်။ ထိုအဖွဲ့များမှ ကျွန်ုပ်အထက်တွင်ဖော်ပြခဲ့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA (Department of Food and Drug Administration) အပေါ် လေ့လာကြည့်မည်ဆိုလျှင် ၎င်းဌာနမှ ကိုင်တွယ်ကျင့်သုံးရသည့် အဆိုပါကိစ္စများနှင့်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များများစွာရှိနေပါသည်။ ထိုဥပဒေများမှာ ဆေးဝါးများနှင့် ပတ်သက်သည့်ဥပဒေမှာ ယခင်နဝတလက်ထက် ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားဆေးဝါးဥပဒေနှင့် အစားအသောက်အတွက် ၁၉၉၇ ခုနှစ်တွင် ထုတ်ပြန်ထားရှိသည့် အမျိုးသားအစားအသောက်ဥပဒေဟူ၍ ဖြစ်ပါသည်။ ထိုဥပဒေများကို ယခင်အစိုးရလက်ထက်တွင်လည်း နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြည်ထောင်စုလွှတ်တော်က ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် ပြင်ဆင်ပေးခဲ့ပြီး ထိုဥပဒေနှင့် ပတ်သက်သည့် အမိန့်ညွှန်ကြားချက်များလည်း အသီးသီးရှိနေကြပြီးဖြစ်ပါသည်။

အဆိုပါဥပဒေများတွင် ယနေ့နိုင်ငံ့အဝန်းတွင် တွေ့ရှိလာနေရသည့် ဆေးဝါးအတုများ၊ အန္တရာယ်ရှိ အစားအသောက်နှင့် အလှကုန်ပစ္စည်းများအတွက် ပတ်သက်ဆက်စပ်သည့် အကြောင်းအရာများအပြင် စစ်ဆေးတွေ့ရှိပါက အရေးယူနိုင်သည့် ပြစ်မှုပြစ်ဒဏ်များလည်း ပြည့်ပြည့်စုံစုံပါဝင်နေပြီးဖြစ်ပါသည်။ ထို့ပြင် အဆိုပါဥပဒေများတွင် အရောင်းအဝယ်ပြုလုပ်ပါက မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အရည်အသွေး အာမခံခြင်းအပြင် ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းများအပေါ် တိတိကျကျဆောင်ရွက်ကြရန် ဥပဒေပြဋ္ဌာန်းပေးထားရှိသည်ကိုလည်း လေ့လာကြည့်လျှင် တွေ့ရှိကြမည်ဖြစ်ပါသည်။ ထိုဥပဒေတွင် အဓိကကျသည့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကိုလည်း ဖွဲ့စည်းပေးထားသည်ကို တွေ့ရှိနိုင်ပါသေးသည်။

## ဝိသမလောဘ စီးပွားရေးသမားများ သတိထား

ထိုကိစ္စများနှင့် ဆက်စပ်ပြီး အဆိုပါဆေးဝါးနှင့် အစားအသောက်၊ အလှကုန်များ ဘေးကင်းမှုနှင့် ဆိုင်သည့်သတင်းတစ်ပုဒ်လည်း ယခင်လပိုင်းက ဖတ်ရှုခဲ့ရပါသေးသည်။ ၎င်းမှာ အစားအသောက်ဘေးကင်းလုံခြုံရေး အမည်ခံပြီး မသမာမှုပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းအားလုံးကို ဥပဒေနှင့်အညီ အရေးယူမည်ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA (Department of Food and Drug Administration) က ပြတ်သားစွာအသိပေးခဲ့သည့် သတင်းဖြစ်ပါသည်။ ထိုသတင်းအရထိုကိစ္စများအပေါ် ဥပဒေကို လက်တစ်လုံးခြားပြုလုပ်ပြီး မသမာမှုပြုလုပ်နေသည့်အဖွဲ့များ အမှန်ရှိနေသည်မှာလည်း ထင်ရှားနေသည်။

## UMFCCI နှင့် MCU တို့မှပါဝင်ပူးပေါင်းကာကွယ် ထိုအန္တရာယ်

ထိုအဖွဲ့များရှိနေသည့်နည်းတူ အခြားတစ်ဖက်တွင်လည်း ထိုဆေးဝါး၊ အစားအသောက်နှင့် အလှကုန်ပစ္စည်းများအတွက် ဖွဲ့စည်းထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းလည်းဖြစ်သည့် မြန်မာနိုင်ငံစက်မှုလက်မှုကုန်သည်ကြီးများအသင်းချုပ် (UMFCCI) အပြင် ဆေးဝါးနှင့် ပတ်သက်သည့်အဖွဲ့များ၊ အစားအသောက်၊ အလှကုန်နှင့် ပတ်သက်သည့်လုပ်ငန်းရှင်အဖွဲ့များ အသီးသီးရှိနေကြပါသေးသည်။

၎င်းအပြင် စားသုံးသူများဘက်မှကြည့်ကာ ဖွဲ့စည်းထားသည့် မြန်မာ့စားသုံးသူများသမဂ္ဂလည်းရှိနေပါသည်။ သည့်အတွက် ဥပဒေတစ်ရပ်အားဖြင့် ပြောရမည်ဆိုလျှင်လည်း ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းပေးခဲ့သည့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေဆိုသည်မှာလည်း မြေပြင်တွင် အမှန်တကယ် ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသေးသည်။

အချုပ်အားဖြင့် ကျွန်ုပ်အပေါ်တွင် တင်ပြခဲ့သည့် အကြောင်းခြင်းရာ အချက်အလက်များအပေါ် ကောက်ချက်ဆွဲကြည့်ပါက ယနေ့နိုင်ငံအတွင်းတွင် ယခင့်ယခင်ကာလများကတည်းက အမြစ်တွယ်နေရာယူပြီး အသေအချာစစ်ဆေးမှု မပြုနိုင်ခဲ့သည့် စားသုံးသူများကို အန္တရာယ်ဖြစ်စေမည့် ဆေးဝါးအတုများ၊ စားသုံးရန်မသင့်သည့် အစားအသောက်များ၊ သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများများစွာရှိနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုအရာများအပေါ်တွင်လည်း အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အချိန်တိုအတွင်း စစ်ဆေးရန်၊ ဖယ်ရှားရန်မဖြစ်နိုင်သေးပါ။ သည့်အတွက်စားသုံးသူများအနေဖြင့် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာသတိပေးနေသည့် မည်သည့်ပစ္စည်းက အတု၊ မည်သည့် အစားကအန္တရာယ်ရှိသည်။ မည်သည့် ဓာတုပစ္စည်းများပါဝင်သည်။ မည်သည့် အလှကုန်ပစ္စည်းကတော့ အသားအရည်ကို ပျက်စီးစေသည်ဆိုသည်များကို အသေအချာသိရှိကြပြီး သတိထားရှောင်ရှားကြရန်နှင့် ဝိုင်းဝန်းကာကွယ်တားဆီးကြရန် အရေးတကြီး လိုအပ်လာနေပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

# သတို့သမီးအရံဖြစ်ခဲ့ရပြန်တဲ့ တေလာဆွစ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ သူငယ်ချင်းတစ်ဦးဖြစ်သူရဲ့ မင်္ဂလာပွဲမှာ သတို့သမီးအရံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ လတ်တလောမှာ အသက်(၂၇)နှစ်ရှိပြီဖြစ်တဲ့ တေလာဆွစ်ဟာ မက်ဆာချူးဆက်ပြည်နယ်မှာ ပြီးခဲ့တဲ့စနေနေ့က ကျင်းပခဲ့တဲ့ သူငယ်ချင်းဖြစ်သူ အက်ဘီဂဲလ် အန်ဒါဆန်ရဲ့မင်္ဂလာပွဲမှာ သတို့သမီးအရံအဖြစ် ပါဝင်ဆောင်ရွက်ပေးခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တေလာဆွစ်ဟာ သတို့သမီးအရံအဖြစ်ပါဝင်ခဲ့ရာမှာ အများနဲ့မတူ ထူးခြားစွာလုပ်ဆောင်တတ်တဲ့သူတစ်ဦး ဖြစ်တာနဲ့အညီ နီညိုရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ခဲ့ပါတယ်။ မျက်နှာအပြင်အဆင်ပိုင်းမှာတော့ သူ့ရဲ့အမှတ်အသား တစ်ခုလို့တောင်ဆိုနိုင်တဲ့ နှုတ်ခမ်းနီအနီရဲရဲကိုဆိုးခဲ့ကာ ဆံပင်ကိုတော့ ရွှေရောင်အခွေအလိပ်လေးတွေအဖြစ် ဖန်တီး ပြင်ဆင်ခဲ့တာတွေ့ရပါတယ်။ စူပါစတားတစ်ဦးဖြစ်တဲ့တေလာဟာ သူငယ်ချင်းဖြစ်သူ သတို့သမီးရဲ့ ဂါဝန်ရှည်ကြီးကို နောက်မှကိုင်ပေးကာ မင်္ဂလာအခမ်းအနားကျင်းပရာ ဘုရားကျောင်းအတွင်း ဝင်ရောက်လာတာကို တွေ့ရပါတယ်။

လတ်တလောမှာ မင်္ဂလာပွဲဆင်နွှဲခဲ့တဲ့ အန်ဒါဆန်နဲ့ "Look What You Made Me Do"ရဲ့ တေးသံရှင် တေလာဆွစ်တို့ဟာ အထက်တန်းကျောင်းသူဘဝကတည်းက ရင်းနှီးခင်မင်ခဲ့ကြသူတွေဖြစ်ပြီး တေလာရဲ့အခင်ဆုံး သူငယ်ချင်းတစ်ဦးလည်းဖြစ်ကာ အန်ဒါဆန်ရဲ့နာမည်ကိုလည်း တေလာက သူ့ရဲ့ကျော်ကြားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Fifteen"မှာ ထည့်သွင်းရေးသားစပ်ဆိုခဲ့တာဖြစ်ပါတယ်။ အန်ဒါဆန်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း တရားဝင် စေ့စပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့စေ့စပ်ပွဲအမှတ်တရပါတီကိုလည်း တေလာဆွစ်ကိုယ်တိုင်တက်ရောက်ခဲ့တာ တွေ့ရပါတယ်။

## တေလာဆွစ်ရဲ့ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်



လူအများကို အံ့ဩသွားစေလောက်အောင် ထူးခြားတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ အမြဲလိုလို လုပ်ဆောင်ပြတတ်တဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာလည်း သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို အများနဲ့မတူညီတဲ့ နည်းလမ်းတစ်ခုနဲ့ စတင်မိတ်ဆက်ခဲ့တာတွေ့ရပါတယ်။ ယခုနှစ်အတွင်း တေးအယ်လ်ဘမ်သစ်ထွက်ရှိဖို့ရာပြင်ဆင်နေတဲ့ တေလာဆွစ်ဟာ ပြီးခဲ့တဲ့ စနေနေ့မှာတော့ ယင်းတေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် ဒုတိယမြောက် တေးသီချင်းကို ပရိသတ်တွေရှေ့အရောက်သယ်ဆောင်လာခဲ့တာ ဖြစ်ပါတယ်။

တေလာဆွစ်ဟာ သူ့ရဲ့ဒုတိယမြောက်တေးသီချင်းထွက်ရှိလာမယ့် အကြောင်းကိုတော့ သူ့ရဲ့ပရိသတ်တွေအပါအဝင် အများကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ထုတ်လွှင့်ခဲ့တာကြောင့် တေလာဆွစ်ရဲ့ အမာခံ ပရိသတ်တွေတောင် အထူးအံ့အားသင့်ခဲ့ရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့ မှာတော့ တေလာဆွစ်က သူ့ရဲ့မကြာမီထွက်ရှိလာတော့မယ့် တေးအယ်လ်ဘမ် သစ် "Reputation"မှာ ပါဝင်မယ့် ဒုတိယမြောက်တေးသီချင်းတစ်ပုဒ်ကို အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်နဲ့ ဖလော်ရီဒါပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြတဲ့ ကောလိပ်ကျောင်းသားတွေရဲ့ ဘောလုံးပွဲကျင်းပစဉ် ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။

ယင်းဘောလုံးပွဲမစတင်မီ အကြိုပြသတဲ့အချိန်မှာ တစ်မိနစ်သာကြာမြင့်တဲ့ဗီဒီယိုအဖြစ် တေလာဆွစ်ရဲ့ တေးသီချင်းကို အမြည်းသဘောထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ ဘောလုံးပွဲကျင်းပရာကွင်းအတွင်း ဝင်ရောက်လာကြတဲ့ ကောလိပ်ကျောင်းသား ဘောလုံးသမားအသင်းနှစ်သင်း စလုံးဟာ အပြေးလေးဝင်ရောက်ခဲ့ကြပြီး အဲဒီအချိန်အတွင်းမှာ တေလာဆွစ်ရဲ့ တေးသီချင်းသစ်ကို နောက်ခံထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့လည်း အီးအွန် လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အဲဒီနောက်တေလာဆွစ်ဟာ သူ့ရဲ့တေးသီချင်းသစ်ကို အေဘီစီရုပ်သံလိုင်းမှာ ထုတ်လွှင့်ခဲ့ပြီး အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့ကာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်နေပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ တေလာဆွစ်ရဲ့ တေးသီချင်းသစ်ဟာ ပထမဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဖြစ်တဲ့ "Look What You Made Me Do"နဲ့ ပုံစံမတူဘဲ ကွဲပြားနေတာ တွေ့ရပါတယ်။ "Look What You Made Me Do" တေးသီချင်းဟာ အမုန်းတရားတွေပါဝင်နေတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး လတ်တလော ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကတော့ အချစ်သီချင်းတစ်ပုဒ်ဖြစ်တာကြောင့် ယခင်က တေလာဆွစ်ရဲ့ပုံစံတွေကို ပြန်လည်ယူဆောင်လာတဲ့ တေးသီချင်း တစ်ပုဒ်လို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

တေးသီချင်းသစ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ပေမယ့် တေလာဆွစ်က သီချင်းအမည်ကို ထုတ်ဖော်ပြောကြားခဲ့တာမတွေ့ရဘဲ ကျွမ်းကျင်သူတွေကတော့ လူမှုကွန်ရက်မီဒီယာပေါ်မှာ တေးသီချင်းသစ် စမ်းသပ်ထုတ်လွှင့်ကြောင်း ဖော်ပြစဉ်က တေလာဆွစ်ထည့်သွင်းရေးသားခဲ့တဲ့ စာသားတွေအရ တေးသီချင်းရဲ့အမည်ဟာ "Are you Ready" ဖြစ်တယ်လို့ ဆိုကြပါတယ်။

လာမယ့် နိုဝင်ဘာ ၁၀ ရက်မှာ စတင်ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်သစ် "Reputation"မှာ ပါဝင်မယ့် ပထမဆုံးသောတေးသီချင်းဖြစ်တဲ့ " Look What You Made Me Do " ကိုတော့ ပြီးခဲ့တဲ့ ဩဂုတ် ၂၄ရက်မှာ တေလာဆွစ်က စတင်ထုတ်လွှင့်ခဲ့ပါတယ်။ ယင်းတေးသီချင်းရဲ့ တေးဗီဒီယိုကိုတော့ ပြီးခဲ့တဲ့ ဩဂုတ် ၂၅ ရက်မှာ စမ်းသပ်ထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ ဩဂုတ် ၂၇ ရက်မှာတော့ တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ "Look What You Made Me Do"ရဲ့ တေးဗီဒီယိုဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ၂၄ နာရီအတွင်းမှာပဲ ကြည့်ရှုသူအများဆုံးတေးဗီဒီယိုအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ပြီး ပထမသီတင်းပတ်အတွင်း စံချိန်သစ်တွေကို ထပ်မံတင်နိုင်ခဲ့တာကြောင့် အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်လို့ ဆိုနိုင်ပါတယ်။ လတ်တလော စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ ဒုတိယမြောက်တေးသီချင်းဟာလည်း တေလာဆွစ်အတွက် ဘယ်လို အောင်မြင်မှုတွေ ယူဆောင်လာမလဲဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

" Reputation" တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "1989" တေးအယ်လ်ဘမ်ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်ဖြစ်ပြီး တေလာဆွစ်ရဲ့ ခြောက်ခုမြောက် တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။



## အမြွှာလေးတွေမွေးဖွားပြီးနောက် ပထမဆုံးအကြိမ် ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့ကြတဲ့ ကလုံနီမောင်နှံ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဂျော့ဂျ်ကလုံနီနဲ့ ဇနီးဖြစ်သူ အမ်မယ်ကလုံနီတို့ဟာ သူတို့ရဲ့ ပထမဆုံးသော ရင်သွေးလေးတွေဖြစ်ကြတဲ့ အမြွှာလေးတွေကို မွေးဖွားပြီးတဲ့နောက်ပထမဆုံးအကြိမ်အဖြစ် အနုပညာအခမ်းအနားကို တက်ရောက်ခဲ့ကာ ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့က လတ်တလောမှာ အသက်(၅၆)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဂျော့ဂျ်ကလုံနီရဲ့ ရုပ်ရှင်သစ် "Suburb icon" ကို ယခုနှစ်အတွက် ကျင်းပတဲ့ ဗင်းနစ်ရုပ်ရှင်ပွဲတော်မှာ အထူးပွဲပြသခဲ့ရာ ယင်းအခမ်းအနားကို မောင်နှံစုံတက်ရောက်လာခဲ့တာကို တွေ့ရတာဖြစ်ပါတယ်။ ဒီလိုအနုပညာအခမ်းအနားရဲ့ ကော်ဇောနီပေါ်လျှောက်လှမ်းခဲ့တာဟာ ရင်သွေးလေးတွေကို မွေးဖွားပြီးနောက် ကလုံနီမောင်နှံအတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျော့ဂျ်ကလုံနီနဲ့ ဥပဒေပညာရှင်တစ်ဦးဖြစ်တဲ့ အမ်မယ်ကလုံနီတို့ဟာ ပြီးခဲ့တဲ့သုံးလခန့်က အမြွှာရင်သွေးလေးနှစ်ဦးကို မွေးဖွားခဲ့တာဖြစ်ပြီး သားလေးတစ်ဦး၊ သမီးလေးတစ်ဦးဖြစ်ကာ အမည်ကိုတော့ အကျော်ကြားဆုံးသော အမည်တွေရဲ့ထိပ်တန်းစာရင်းမှာပါဝင်နေတဲ့ အမည်တွေကို ရွေးချယ်ပေးခဲ့တာဖြစ်ပါတယ်။ သားလေးကိုတော့ အလက်ဇန္ဒားလို့ အမည်ပေးခဲ့ပြီး သမီးကလေးကိုတော့ အယ်လာလို့ ပေးခဲ့တာဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# မြန်မာ့ဝတ်စားဆင်ယင်မှု ယဉ်ကျေးမှုကိုသတိပြု

မျိုးသိန်း(ပဲခူး)

ရှေးနှစ်ပေါင်းများစွာကပင်မြန်မာတို့မှာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နေလာခဲ့ကြပြီး မြန်မာတို့၏ယဉ်ကျေးမှုမှာ ကမ္ဘာ့အလယ်တွင်အလွန်ပင်ချီးကျူးအံ့မခန်းဖွယ်ဟုဆိုရပေမည်။ မြန်မာတို့၏ ယဉ်ကျေးမှုသည် တဖြည်းဖြည်းချင်းကမ္ဘာ့နိုင်ငံများနှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာပြီဖြစ်သည်။

ယနေ့ မြန်မာအမျိုးသမီးများ၏ဝတ်စားဆင်ယင်မှုတို့မှာ ခေတ်ရေစီးကြောင်းကို အကြောင်းပြု၍ တစ်နေ့တခြား အဆိုးဆုံး ဝတ်စားဆင်ယင် လာနေကြသည်ကိုတွေ့လာရပြီး ကမ္ဘာ့အလယ် ရင်ပေါင်တန်းသည်ဟု ဆိုနိုင်ဖွယ်ရာရှိပေမယ့် မြန်မာ့ယဉ်ကျေးမှုအနေအားဖြင့် အလွန်ပင်ဆန့်ကျင်မှုရှိနေသည်ကိုတော့ မြန်မာအမျိုးသမီးတိုင်း သိရှိနားလည်သဘောပေါက်ကြရန်လိုအပ်ပေသည်။

### ယဉ်ကျေးမှုပျောက်ကွယ်

ယနေ့ ခေတ်အမျိုးသမီးများ ပေါင်အရင်းရောက်လုနီး ဘောင်းဘီတို၊ စကပ်တိုများ ဝတ်နေကြခြင်းမှာ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်လာနိုင်ဖွယ်ရာ စိုးရိမ်လာကြရပြီဖြစ်သလို ယိုသူမရှက်၊ မြင်သူရှက်ဖြစ်နေရပြီး မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုတို့သည် မြန်မာ့ယဉ်ကျေးမှုကို တလွဲဆံပင်ကောင်း ပြနေကြရာရောက်ပေသည်။

အမျိုးသမီးတိုင်း ဟီရိဩတ္တပ္ပကင်းမဲ့သော ဝတ်စားဆင်ယင်မှုမျိုး မိမိ၏ကာန္ဓေသိက္ခာထိခိုက်စေသောဝတ်စားဆင်ယင်မှုမျိုးကို သတိထား၍ရှောင်ရှားသင့်ပေသည်။ မည်သည့်လူမျိုးမဆို လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု ဝတ်စားဆင်ယင်ခြင်းတို့အား ဂရုတစိုက်အလေးထား၍ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနေကြပြီး အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်မှ လူမျိုးကိုစောင့်ရှောက်နိုင်ကြပေမည်။ သို့ပါ၍ မြန်မာအမျိုးသမီးများတိုင်းက မိမိတို့၏ယဉ်ကျေးမှုကို အထူးပင်ကာကွယ်စောင့်ရှောက်ကြရန် သတိချပ်ဖို့လိုအပ်လာနေပြီဖြစ်ပေသည်။

> အမျိုးသားယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်မှ လူမျိုးကိုစောင့်ရှောက်နိုင်. . . အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုများ ဖုံးလွှမ်းမသွားရအောင် မိဘတိုင်း၊ လူငယ်အမျိုးသမီးတိုင်း တာဝန်ရှိ. . .

### ကိုယ်ချင်းစာနာမှုမျက်ကွယ်ပြု

ထို့ကြောင့် တချို့တချို့သောစီးပွားရေးလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များက မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်ပြီး သားသမီးချင်းကိုယ်ချင်းစာနာမှုကို မျက်ကွယ်ပြုကာ ဝတ်စားဆင်ယင်မှုများအပေါ် အသားယူ၍ စီးပွားရေးလုပ်ကိုင်နေကြခြင်းသည် အလွန်ပင်အကျည်းတန်အရုပ်ဆိုးလှသည်။ လူငယ်အမျိုးသမီးများကလည်း မြန်မာ့ယဉ်ကျေးမှုကို မသိကျိုးကျွန်ပြုအသိနှင့် သတိလွတ်နေကြပြီး စားဝတ်နေရေးကိုသာ ဦးစားပေးနေကြသည့်အတွက် ယဉ်ကျေးမှုကွယ်ပျောက်သွားမည်ကို စိုးရိမ်စရာပင်ဖြစ်လာနေပေသည်။

### မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်

မြန်မာတို့၏ယဉ်ကျေးမှုနှင့် စားဝတ်နေရေးသည် ဆက်နွှယ်ခြင်းများ ရှိနေသော်လည်း လူငယ်အမျိုးသမီးများတိုင်း ယဉ်ကျေးမှု၏ တန်ဖိုးကိုနားလည်ကြဖို့ အထူးပင်လိုအပ်ပါလိမ့်မည်။ မြန်မာတို့၏ယဉ်ကျေးမှုဆိုသည်မှာ တောင်ရှည်ပုဆိုး၊ တိုက်ပုံအင်္ကျီဝတ်မှ ထိုင်မသိမ်းရင်ဖုံးအင်္ကျီဝတ်မှ ယဉ်ကျေးမှုကိုထိန်းသိမ်းခြင်းမဟုတ်ပါ။ ဟီရိဩတ္တပ္ပ၊ ကာန္ဓေသိက္ခာရှိမှု၊ သိမှုသည်သာယဉ်ကျေးမှုဖြစ်ပေသည်။ ထိုကဲ့သို့ မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော ဝတ်စားဆင်ယင်ခြင်းတို့ကြောင့်လည်း မလိုလားအပ်သော ဖောက်ပြန်မှုခင်းများအား ဖိတ်ခေါ်နေသယောင်ပင် ဖြစ်နေကြပေသည်။

အနောက်နိုင်ငံများနှင့် ကူးလူးပေါင်းသင်းဆက်ဆံရာတွင် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုများရောက်ရှိလာနေခြင်းကို လက်ခံနိုင်ကြသော်လည်း ထိုအနောက်နိုင်ငံများ၏ယဉ်ကျေးမှုများ ဖုံးလွှမ်းမသွားရအောင် မြန်မာတို့၏မိဘတိုင်း၊ လူငယ်အမျိုးသမီးများတိုင်းတာဝန်ရှိနေကြသည်။ ပေါင်အရင်းရောက်လုနီးပါးဘောင်းဘီတို၊ စကပ်တိုဝတ်နေကြသည်ကို မတားမြစ်သော မိဘများမှာ မိမိတို့၏အမျိုးသားယဉ်ကျေးမှုကို မထိန်းသိမ်းရာ ရောက်နေကြသလို မြန်မာအမျိုးသမီးတိုင်းသည် ရှေးနှစ်ပေါင်းပဝေသဏီကပင် ဟီရိဩတ္တပ္ပကိုအသက်ထက်ဆုံးထိန်းသိမ်းလာခဲ့ကြသူများသာဖြစ်ကြပြီး ယနေ့အချိန်တွင် ဖွံ့ဖြိုးလာသည့်ခေတ်နှင့်လိုက်လျောညီထွေ ပြုမူနေကြရသော်လည်း မြန်မာတို့၏ယဉ်ကျေးမှုကိုတော့ လူငယ်အမျိုးသမီးတိုင်းတို့က အသိနှင့် သတိထားရှိပြီး ကာကွယ်စောင့်ရှောက်သွားကြမှ နောက်နောင်အစဉ်အဆက် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်မှာ ကမ္ဘာ့အလယ် ထာဝစဉ်တင့်တယ်တည်တံ့နေမည်ဖြစ်ပေသည်။

### မိဘများတာဝန်ရှိ

သို့ပါ၍ မြန်မာလူငယ်အမျိုးသမီးများ၏ အမြင်မတော်သည့်ဝတ်စားဆင်ယင်မှုများအား အမိအဖတို့က သွန်သင်ဆုံးမမှုမရှိကြဘဲ မသိကျိုးကျွန် မျက်ကွယ်ပြုနေကြလျှင် တပည့်မကောင်း ဆရာခေါင်း၊ သားသမီးမကောင်း မိဘခေါင်းဖြစ်သလို လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖဟုဆိုရာ၌ မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် ဝတ်စားဆင်ယင်ခြင်းတို့သည် မိဘများ၌ပင် သွန်သင်ဆုံးမမှု အထူးတာဝန်ရှိနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

## စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာများအတွင်းရေများဝင်ရောက်

**ရေတာရှည် စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်ရှိသည့် ကျေးရွာများတွင် မြစ်ရေမြင့်တက်လာမှုကြောင့် စက်တင်ဘာ ၁ ရက်မှစတင်ကာ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာ ၂ ရက်တွင် မိကျောင်းအိုင်၊ ကဲလင်းဆိပ်၊ သောင်ကြီး၊ ကျွဲရိုင်းပြင်၊ ဆင်ငွေ၊ အုန်းပင်ကွေ့အစရှိသောကျေးရွာများ၌ ရေများဝင်ရောက်လျက်ရှိပြီး သောင်ကြီးကျေးရွာမှာ တစ်ရွာလုံး ရေဝင်ရောက်လျက်ရှိကြောင်းသိရသည်။

ထို့အတူ မြစ်ကြောင်းနှင့်ဆက်စပ်လျက်ရှိသော သီးနှံစိုက်ခင်းများအတွင်း ရေများဝင်ရောက်လျက်ရှိ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး မြစ်ရေဆက်လက်မြင့်တက်ခြင်းနှင့် ရွှေ့ပြောင်းမှုအတွက် လိုအပ်ပါက အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၏ စိုးရိမ်ရေအမှတ် ၆၀၀ အထက်သို့ ယနေ့ကျော်လွန်ရောက်ရှိခဲ့ပြီး မိုးကောင်းအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စု၊ အလယ်ကျွန်းရွာ၊ တောင်ငူမြို့ အမှတ် (၁၉) ရပ်ကွက်၊ ကြက်လျှာစွန်းရပ်ကွက်၊ အမှတ် (၁၈) မြင်းဖြူအင်းရပ်ကွက်နှင့် မြို့ကြီးရပ်ကွက်တို့တွင် စစ်တောင်းမြစ်ရေများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

## တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုသင်တန်းဖွင့်

**ချောင်းဦး စက်တင်ဘာ ၃**

ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာတွင် ကိုရီးယား-မြန်မာ ဆယ်မားအူးလ် ( SMU ) စီမံကိန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပသည်။

ရွှေဒါးကျကျေးရွာ၏တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ကိတ်မုန့်များ၊ ယိုများ၊ ဂျယ်လီများ၊ သစ်သီးဖျော်ရည်များ၊ ဂျုံနှင့်ပြုလုပ်သည့်မုန့်များ၊ မလိုင်လုံး၊ ပြောင်းဖူးပေါက်ပေါက်ပြုလုပ်နည်းများကို သင်ကြားပေးပြီး သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်တော်ဆိုင်ကယ် ပါဝါအိပ်ဇောသံများဖြင့် ပြန်လည်ဆူညံလာသည့်ကော့သောင်းမြို့

**ကော့သောင်း စက်တင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများပေါ် တည်ဆောက်ထားသည့်မြို့ဖြစ်ရာ မြို့နေပြည်သူအများစုမှာ မြို့တွင်းသွားလာရာတွင် မော်တော်ဆိုင်ကယ်ကို အသုံးပြုသွားလာကြသူများပြားသည်။

ယခုအခါ မြို့တွင်း မောင်းနှင်သွားလာကြသည့် မော်တော်ဆိုင်ကယ်အများစု (အထူးသဖြင့် လူငယ်အများစု) မောင်းနှင်ကြသည့် ခေတ်ပေါ်မော်တော်ဆိုင်ကယ်အမျိုးအစားအမျိုးစုံတွင် ပါဝါအိပ်ဇော (ခေါ် ) အသံဆူညံကျယ်လောင်စွာ ထွက်ပေါ်သည့် အိပ်ဇောအမျိုးအစားအား တပ်ဆင်မောင်းနှင်လာကြသည်ကိုတွေ့မြင်နေရသည်။ မော်တော်ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်တချို့မှလည်း တစ်ဖက်ထိုင်းနိုင်ငံမှ အဆိုပါ အိပ်ဇောအမျိုးအစားများကို လူငယ်အကြိုက် တင်သွင်းရောင်းချနေမှုတချို့ရှိပြီး မြို့နေလူငယ်တချို့ ပါဝါအိပ်ဇောတပ်ဆင်ကာ မော်တော်ဆိုင်ကယ် မဆင်မခြင် အပြိုင်အဆိုင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏဆိုသကဲ့သို့ဖြစ်ပွားကာ ထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်စဉ်များ တွေ့မြင်ကြားသိနေရသည်။



လွန်ခဲ့သည့်ဧပြီလအတွင်းက ကော့သောင်းမြို့တွင် တာဝန်ရှိအဖွဲ့အစည်းများ အသံကျယ်ပါဝါအိပ်ဇောများသိမ်းဆည်းအရေးယူ ဖျက်ဆီးပညာပေးမှု အစီအစဉ်များ ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ အသံကျယ်ပါဝါအိပ်ဇောတပ်ဆင်မောင်းနှင်မှု လူငယ်ထုအကြား ပြန်လည်အသက်ဝင်လာနေသည်ကိုတွေ့မြင်နေရသည်။

အထူးသဖြင့် လူငယ်အများစုသည့်ညဥ့်နက်သန်းခေါင် လူခြေတိတ်ဆိတ်ချိန်မျိုးတွင် မြို့တွင်းလမ်းများပေါ် နေ့စဉ်လိုလို ပါဝါအိပ်ဇောတပ်ဆိုင်ကယ်များဖြင့် ဆူညံစွာ မောင်းနှင်မှုများကြောင့် သက်ကြီးရွယ်အိုများ၊ အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဖန်ပြန်လည် တားဆီးထိန်းသိမ်း အရေးယူပေးစေလိုသည့် ဆန္ဒများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)



## သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် စက်တင်ဘာ ၃**

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများကို သက်ငယ်မုဒိမ်းမှုများလျော့နည်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက် ည ၈ နာရီက စက်မှုဇုန်(၃)ရေဥက္ကံကျေးရွာအတွင်းရှိ အထက(၆)အခြေခံပညာ အထက်တန်းကျောင်းအတွင်းရှိ ရှင်ပဝရခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေဥက္ကံကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်သန်းက ကျေးဇူးတင်စကားပြောကြားပြီး လှိုင်သာယာ မြို့မရဲစခန်းမှူးဒုရဲမှူးဝင်းနိုင်မှ သက်ငယ်မုဒိမ်း လျော့နည်းကျဆင်းစေရန်နှင့် မှုခင်းမှန်သမျှကျဆင်းစေရန် ဟောပြောခြင်း၊ ပရိုဂျက်တာဖြင့် ပြသရှင်းလင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာများ ပူးပေါင်းလက်တွဲကာ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ အခမ်းအနားသို့ ရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(၃၂၉)

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အမျိုးသားပြတိုက်နှင့် ကျွန်တော်

ဝင်းပ

ရန်ကုန်အမျိုးသားပြတိုက်သို့ မရောက်ဖြစ်တာကြာပါပြီ။ ယခင်အမျိုးသားပြတိုက်ပန်းချီပြခန်းကြီးကို ပြင်ဆင်ထားပြီးစအချိန်က သွားကြည့်ပေးဖို့၊ ကြည့်ပြီးပါက အကြံဉာဏ်ပေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံစဉ်က တစ်ကြိမ်ရောက်ခဲ့ပါသည်။ ထိုစဉ်က ပန်းချီပြခန်းအတွင်း ပန်းချီကားများပေါ်သို့ မျက်နှာကြက်ဆလိုက်မီးများ မရောက်သည့်ပြဿနာတစ်ခု တွေ့ခဲ့ရကြောင်း၊ ပန်းချီကားများပေါ်သို့ အလင်းထိရောက်စွာပေးသင့်ကြောင်း အကြံပြုခဲ့ပါသည်။

ဒုတိယအကြိမ် အမျိုးသားပြတိုက်သို့ရောက်ဖြစ်တာက ပန်းချီဆရာကြီးဦးဘကြည်၏ မင်္ဂလာဒုံလေဆိပ်ကမ္ဘာကျော် နံရံပန်းချီကားကြီးများကို ခုနစ်ပေ၊ ရှစ်ပေ အင်္ဂတေတုံးကြီးများ ဘဝရောက်အောင် ဖျက်ဆီးပြီးမှ အမျိုးသားပြတိုက်တွင် ဂုဏ်ယူပြသမည်ဆိုပြီး ယခင်အစိုးရ ယဉ်ကျေးမှုဝန်ကြီးက သတင်းစာရှင်းလင်းပွဲလုပ်စဉ်က တစ်ကြိမ်ရောက်ခဲ့ပါသည်။ ပန်းချီပညာရှင်ကြီး ဒေါက်တာဦးလွန်းကြွယ်၊ အကယ်ဒမီပန်းချီစိုးမိုးနှင့် ကျွန်တော်တို့အပါအဝင် သတင်းစာဆရာများ တက်ရောက်ကြပါသည်။ ပြတိုက်မှူး ဒေါ်နန်းလောင်ငင်းနှင့် ဦးစီးအရာရှိ (ပန်းချီကားထိန်းသိမ်းရေး) ကိုကျော်ရှင်နောင်တို့က ပန်းချီဆရာကြီး ဦးဘကြည်၏ လေဆိပ်နံရံပန်းချီလက်ရာ စတုရန်းပေ ၃၀၀၀ အရွယ် ပန်းချီကားကြီးဘဝမှ ခုနစ်ပေ၊ ရှစ်ပေ အရွယ် အင်္ဂတေတုံးကြီးများဘဝရောက်သွားသည်ကို ဝန်ကြီးဌာနက ဂုဏ်ယူပြသမည့်အစီအစဉ်များ၊ အခက်အခဲများ၊ ပြဿနာများကို ရှင်းပြကြပါသည်။ ထိုနေ့က သတင်းစာရှင်းလင်းပွဲကို အကြောင်းပြု၍ သွေးသံတရဲရဲဒဏ်ရာဗရပွနှင့် လေဆိပ်ပန်းချီခေါင်းစဉ်နှင့် ဆောင်းပါးတစ်စောင် စံတော်ချိန်တွင် ရေးဖြစ်ခဲ့ပါသည်။

ရသမြောက်ပန်းချီကားကြီးကိုဒဏ်ရာဗရပွနှင့် အမျိုးသားပြတိုက်ကြီးလို နေရာမျိုးမှာ ဂုဏ်ယူပြသရန် မသင့်ကြောင်း အဘယ်အိုင်အက်စ်အဖျက်သမားတွေလာရောက်ဖျက်ဆီးသွားလို့ ဒီလိုအင်္ဂတေအတုံးအတစ်ဘဝ ရောက်သွားရတာလဲလို့ ကမ္ဘာလှည့်ခရီးသွားတွေက မေးခွန်းထုတ်လာလျှင် သူတို့လက်ခံနိုင်လောက်သည့် သဘာဝကျသောအဖြေပေးနိုင်ဖို့ ပြတိုက်မှူးတွေကအဖြေရှာထားရလိမ့်မည်ဟု အကြံပေးခဲ့ပါသည်။ သဘာဝဘေးဒဏ်မဟုတ်ဘဲ ကိုယ်တိုင်ဖျက်ဆီးပြီးမှ ဂုဏ်ယူပြသသည့် ပြတိုက်မျိုး ကမ္ဘာပေါ်တွင်မရှိကြောင်း ဂုဏ်ယူပြသရန် မသင့်ကြောင်း ရေးခဲ့ပါသည်။

ဆရာကြီးဦးဘကြည်၏ လေဆိပ်ပန်းချီ "ပျံသန်းခြင်း" အမည်ရှိ ပန်းချီကားကြီးကို အမျိုးသားပြတိုက်အပေါ်ထပ်နှင့် အောက်ထပ်နှစ်ပိုင်းခွဲမထားဘဲ တစ်ပေါင်းတည်းထားမှ "ပျံသန်းခြင်း" ပန်းချီကားကြီးဖြစ်မည်ဟုလည်း ရှင်းပြခဲ့ပါသည်။ မူလလေဆိပ်ပန်းချီကားကြီး လက်ရာမပျက်ပြောင်းရွှေ့ရေး အစည်းအဝေးကျင်းပစဉ်က ဆရာကြီးဦးဘကြည်၏ စတုရန်းပေ ၃၀၀၀ အရွယ်ရှိ နံရံပန်းချီကားကြီးကို အနုပညာတန်ဖိုးနားမလည်သော၊ တန်ဖိုးမထားတတ်သော ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စားလှယ်တွေမှာ တာဝန်ရှိကြောင်း ခုနစ်ပေ၊ ရှစ်ပေအရွယ် အင်္ဂတေတုံးကြီးဘဝရောက်မှ ယဉ်ကျေးမှုဌာနက ပိုက်ဘောမိခဲ့ခြင်းသာဖြစ်ကြောင်း၊ လေဆိပ်သစ်ကြီး မြန်မြန်တည်ဆောက်နိုင်ရေးကိုသာ အာရုံရှိနေသော အင်ဂျင်နီယာတွေ၊ လုပ်ငန်းရှင်ကြီးတွေကလည်း ပန်းချီကားကြီး၏တန်ဖိုးကို မသိသူများဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ရတနာပန်းချီလက်ရာများ ဖျက်ဆီးခံရခြင်းဖြစ်ကြောင်း ရေးခဲ့ပါသည်။

ဘိလပ်ပြန်ပန်းချီဆရာကြီး ဦးဘဉာဏ် အနှစ်(၁၂၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပြပွဲကိုအမျိုးသားပြတိုက်တွင် ကျင်းပခွင့်ရသည့် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၆ ရက်က တစ်ကြိမ် အမျိုးသားပြတိုက်သို့ ထပ်ရောက်ခွင့်ကြုံပါသည်။ ဘိလပ်ပြန်ဆရာကြီး အနှစ်(၁၂၀)ပြည့် ဂုဏ်ပြုပြပွဲကြီးသို့ တစ်ပြည်လုံးအတိုင်းအတာဖြင့် မြို့နယ်ပေါင်းစုံမှ ပန်းချီဆရာ ၃၀၀ ကျော်က ပန်းချီကား ၅၀၀ ကျော် တင်သွင်းပါဝင်ဂုဏ်ပြုခဲ့ကြသည်မှာ အားရစရာကောင်းလှပါသည်။

ယဉ်ကျေးမှုဌာနကြီး၏ ဂုဏ်ဆောင်နိုင်ငံတော်အဆင့် ဆရာကြီးဦးဘဉာဏ်အား ဂုဏ်ပြုပွဲကြီးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး သူရဦးအောင်ကိုအား ဖွင့်လှစ်ပေးပါရန် ပြပွဲကော်မတီက မေတ္တာရပ်ခံတင်ပြခဲ့ကြပါသည်။ အမျိုးသားပြတိုက် ဦးဘဉာဏ် ခန်းမက နာမည်ကျော်လူဝကြီး၊ ဦးဘအို၊ ဦးဘဉာဏ်ကိုယ်တိုင်ရေး ပုံတူစသည့်ပန်းချီလက်ရာမွန် ခြောက်ကားကိုတော့ ဂုဏ်ပြုပွဲခန်းမတွင် ထည့်သွင်းပြသခွင့်ရခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးသော်လည်းကောင်း၊ နေပြည်တော်ယဉ်ကျေးမှုဌာန တာဝန်ရှိပုဂ္ဂိုလ် တစ်ဦးဦးသော်လည်းကောင်း ဖွင့်ပွဲအခမ်းအနားသို့ မအားလပ်ကြ၍ အားပေးတက်ရောက်ချီးမြှင့်ခြင်း မရှိခဲ့။ ဖွင့်ပွဲကို ဆရာကြီးဦးဘဉာဏ်၏သားတပည့် ပန်းချီဆရာကြီးဦးသက်ညွှန့် (မင်းကိုနိုင်၏ဖခင်)၊ ပန်းချီဆရာကြီး ဒေါက်တာလွန်းကြွယ်၊ ကော်မတီဥက္ကဋ္ဌ ပန်းချီဆရာကြီးဦးမောင်မောင်သိမ်း(ပုသိမ်)၊ ဘိလပ်ပြန်ပန်းချီဆရာကြီး ဦးဘဉာဏ်၏ သမီး ဒေါ်လှလှတို့က ဂုဏ်ပြုပြပွဲကြီးကို ဖွင့်လှစ်ပေးခဲ့ကြပါသည်။

ဘိလပ်ပြန်ဆရာကြီးဦးဘဉာဏ် အနှစ် (၁၂၀)ပြည့် ဂုဏ်ပြုပန်းချီပြပွဲကို အမျိုးသားပြတိုက် ဘက်စုံခန်းမကြီးတွင် အခမဲ့ပြသခွင့်ရရုံမျှမက ရန်ကုန်အမျိုးသားပြတိုက်ဘဉာဏ်ခန်းမမှ ပန်းချီကားကြီး ခြောက်ကားကိုပါ ထည့်သွင်းပြသခွင့်ပြုသည့် ယဉ်ကျေးမှုဌာနကို ပန်းချီလောကထုတစ်ရပ်လုံးက ကျေးဇူးတင်လျက်ရှိကြပါသည်။

ပြပွဲတွင် ဆရာကြီးဦးဘဉာဏ်၏ ရသမြောက်လက်ရာ "လူဝကြီး" "ကိုယ်တိုင်ရေးပုံတူ"ပန်းချီကားကြီးများကို ပြန်ကြည့်ခွင့်ရသောအခါ ၁၉၅၂ ခုနှစ်က အမျိုးသားပြဆောင် (အမျိုးသားပြတိုက်ကို ယခင်ကအခေါ်) ကြီး စတင်ဖွင့်လှစ်စဉ်ကပင် ၁၉၄၅ ခုနှစ်က ကွယ်လွန်ခဲ့သည့် ဆရာဦးဘဉာဏ်မိသားစုထံမှ တန်ဖိုးကြီးသော အဖိုးတန်ပန်းချီကား ၄၀ ကျော်ကို ထိုခေတ်ငွေကျပ် ၁၀၀၀၀ နှင့် စုဆောင်းရရှိခဲ့ပုံများကို ပြန်လည်သတိရမိပါသည်။ အမျိုးသားပြဆောင် စဖွင့်ချိန်ကပင် ကံကောင်းစွာတန်ဖိုးကြီးလက်ရာများကို တစုတဝေးတည်းရရှိလိုက်၍ ယခုအမျိုးသားပြတိုက်ကြီးတွင် အဖိုးမဖြတ်နိုင်သော အနုပညာရတနာများ ရရှိပိုင်ဆိုင်ခွင့်ရထားသည့် ပြတိုက်ကြီးအဖြစ် ဂုဏ်ယူစရာကောင်းနေပါသည်။ ဆရာကြီးဦးဘဉာဏ်၏ အဆိုပါလက်ရာများကို ယခုခေတ်ပေါက်စျေးနှင့်သာဝယ်ရမည်ဆိုပါက ပြတိုက်က မစို့မပို့ဘတ်ဂျက်နှင့် အနားတောင်ကပ်နိုင်မည်မဟုတ်ပါ။ အမျိုးသားပြတိုက်နောက်ခံသမိုင်းကို သိရှိနိုင်ရန် ကျွန်တော့်စာအုပ်စင်ရှိ "ပြည်ထောင်စုမြန်မာနိုင်ငံတော် အငြှမနှစ်ပတ်လည်စာစောင် ၁၉၅၆ ခုနှစ်" ကိုပြန်ဖတ်ကြည့်မိပါသည်။ လွတ်လပ်ရေးရပြီးသည့်အချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ယဉ်ကျေးမှုရေးရာအဖြာဖြာတို့အား လေ့လာဖော်ထုတ်ရန်အလို့ငှာ ယဉ်ကျေးမှုဌာနကြီးဟူ၍ ပေါ်ပေါက်လာပြီးနောက် အမျိုးသားပန်းချီပြဆောင်ကိုလည်း ၁၉၅၂ ခုနှစ်ကပင် တည်ထောင်ခဲ့ပါသည်။ ထိုစဉ်က ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟော(ယခုတပ်မတော်မော်ကွန်းတိုက်နေရာ)တွင် ပန်းချီပြဆောင်(ယခင်အခေါ်)ကို ယာယီဖွင့်လှစ်ခဲ့ရာ မြန်မာ့အနုပညာလက်ရာကောင်းပန်းချီကားများရရှိဖို့အရေးကား ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

ပန်းချီပြဆောင်တွင် မြန်မာပန်းချီလက်ရာများစုံလင်စွာ ချိတ်ဆွဲပြသနိုင်ရန် ငွေကိုကိုင်ပြီးရှာဖွေဝယ်ယူလိုတိုင်း ရနိုင်သောပစ္စည်းမျိုးမဟုတ်။ ပြဆောင်တွင်ထားရှိရန် စည်းကမ်းနှင့် ညီညွတ်သောပန်းချီကားကောင်းရရှိရေးပြဿနာသည် လက်ရှိပန်းချီကျော်များ၏ကားများကိုရရှိရန် လွယ်ကူကောင်းလွယ်ကူမည်ဖြစ်သော်လည်း ကွယ်လွန်ပြီးသူ ပန်းချီကျော်တို့၏ ပန်းချီကားကောင်းများရရှိရေးအခက်အခဲကို လက်တွေ့လုပ်ကိုင်ကြည့်မှ တွေ့ရှိရလေသည်ဟု အငြှမအကြိမ် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်ပတ်လည်စာစောင်အမျိုးသားပြဆောင်ကဏ္ဍတွင် ရေးသားဖော်ပြထားသည်ကိုဖတ်ရပါသည်။ ဆက်လက်၍ မြန်မာပန်းချီကျော်ဆရာကြီး ဦးကြာညွှန့် (မင်းတုန်းမင်းတရားလက်ထက်ပန်းချီတော်)နှင့် နန်းတွင်းပန်းချီတော် ဆရာချို၊ ဆရာပုံတို့၏ ကားများကို ယခုခေတ်တွင် ရှာ၍မရဖြစ်ခဲ့ရသည်ဟုဆိုထားသည်။ အံ့သြစရာကောင်းသည်မှာ အမျိုးသားပြဆောင်ကြီးဖွင့်လှစ်ပြီးစ ၁၉၅၅ ခုနှစ်က ပြင်သစ်နိုင်ငံအနုပညာမြတ်နိုးသူအချို့က ပန်းချီတော်ဦးကြာညွှန့်၏လက်ရာ နေမိဇာတ်နှင့် ၁၂ ရာသီ ပန်းချီပုရပိုက်များကိုရှာဖွေဝယ်ယူရရှိသွားပြီး ပါရီမြို့ ဂီမေ (GUIMET) ပြတိုက်ကြီးတွင် တခမ်းတနားပြသထားသည်ကို ကျွန်တော်တို့ကြည့်ခဲ့ရဖူးသည်။ နောင်အခါ ပြတိုက်မှူး ဦးမင်းနိုင်လက်ထက်က ပြင်သစ်အစိုးရယဉ်ကျေးမှုဌာန ဂီမေပြတိုက်နှင့် ဆက်သွယ်မေတ္တာရပ်ခံ၍ ပန်းချီတော်ဦးကြာညွှန့်၏ နေမိဇာတ် ပုရပိုက်ရောင်စုံဆလိုက်များရရှိခဲ့ပါသည်။ (ထိုဆလိုက်များ ယခုအမျိုးသားပြတိုက်ကြီးတွင် ရှိသေးရဲ့လားဆိုတာတော့ မသိနိုင်တော့ပါ) ပန်းချီတော်ဆရာချို့နှင့် တပည့်အတူပုံရေး ဆရာအေးတို့၏လက်ရာများကိုလည်း ထိုခေတ်အမျိုးသားပြဆောင်က ရှာဖွေရယူနိုင်ခြင်းမရှိခဲ့၊ ဆရာအေး၏သားပန်းချီဆရာ ဦးစောမောင်ထံမှ ဆရာအေး၏ မင်းသားမင်းသမီးပုံကားအချို့ အမျိုးသားပြဆောင်အတွက် ရရှိခဲ့သည်ဟု ဖော်ပြထားပါသည်။

ပြတိုက်ကပင် မသိလိုက်သော ဆရာအေး၏ မင်းသားမင်းသမီးပန်းချီကားတန်ဖိုးကိုသိသူ နိုင်ငံခြားသားတစ်ဦးက စျေးကြီးပေး ဝယ်ယူသွားပါသည်။ ၁၉၅၂ ခုနှစ်က ဖွင့်လှစ်ခဲ့သော အမျိုးသားပြဆောင်အတွက် ဆရာကြီးဦးဘဉာဏ်၏ "လူဝကြီး" ပန်းချီကားကို ဗိုလ်လက်ျာက လှူဒါန်းခဲ့ကြောင်းဖြင့်လည်း ဖော်ပြထားသည်ကိုဖတ်ရပါသည်။ ပန်းချီပညာဆည်းပူးသူတိုင်း ဆေးရေးချက်နှင့်တကွ လူ၏သဘာဝကိုယ်နေအထား အဖောင်း အပွ အလုံး အပြား အသားသဘော Texture ခဲရာခဲဆစ် ဟန်ပန်အနေအထားကို ရဲရဲကြီးရေးပြထားသော သင်ခန်းစာပြကားတစ်ချပ်ဖြစ်ပေသည်ဟုလည်း မှတ်ချက်ရေးထားပါသည်။ ဆရာကြီးဦးဘဉာဏ်၏ ရေဆေးနှင့်ရေးသော ရေတံခွန်ကားတွင် စုတ်ချက်ရဲရဲသွင်းပုံ၊ ရေများလှုပ်ရှားစီးသွားပုံ၊ ရေတံခွန်ရှိ ကျောက်တုံးတစ်ခုပြီးတစ်ခု အဆင့်ဆင့်မြင့်တက်သွားပုံကို စုတ်ချက်တစ်ချက်ချင်း ခွဲခြားထားသည်မှာ ပန်းချီပညာဆည်းပူးသူတို့ နည်းယူမှတ်သားဖွယ်ရာ အချက်အလက်များ တွေ့မြင်ရလိမ့်မည်။ ရေဆေးကို ပလူပျံအောင်ရေးဆွဲသူ ရေဆေးဝိဇ္ဇာဆရာအောင်၊ နာမည်ကျော်ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဆရာဦးဘကြည်၏ ဇာတိမာန်သရုပ်ဖော် သမိန်ဗရမ်းနှင့် ဂါမဏိစစ်ထိုးဟန်လက်ရာ၊ အင်္ဂလန်ဗြိတိသျှ ရွိုင်ရယ်အကယ်ဒမီဥက္ကဋ္ဌ ဆာဂျယ်ရယ်ကယ်လီစ်မင်းကြီးကတော် ဒေါ်မြမေ ဆီဆေးကား၊ ပန်းပုဆရာကြီး မစ္စတာကော့(ပ်)နော်လ် ပန်းချီကျောင်းသားတစ်ဦး(ကျောင်းသား ကိုကျော်-နောင်ရိုးရာလိုင်းနာမည်ကျော် ပန်းချီကျော် ဦးကျော်-ယခုကွယ်လွန်)၏ ပုံတူရှားပါးလက်ရာများ ပန်းချီပြဆောင်က စုဆောင်းရရှိခဲ့သည်။ ယခုအချိန်ထိ ရန်ကုန်အမျိုးသားပြတိုက်ကြီးတွင် ဂုဏ်ယူပြသထားနိုင်သည်ကို တွေ့ရသည်။

ထိုစဉ်က ရန်ကုန်၊ မန္တလေးပန်းချီကျောင်းဆရာများ၏ လက်ရာများပြိုင်ပွဲဆုရလက်ရာများဖြင့် နိုင်ငံတော်အဆင့်ပန်းချီပြဆောင်တွင် ခေတ်သစ် ခေတ်ဟောင်းပန်းချီဆရာများ၏ လက်ရာများကို စုံလင်စွာစုဆောင်းပြသနိုင်ရေး ကြိုးပမ်းခဲ့သည်။ ထိုသို့ဖြင့် ဂျူဗလီဟောအဆောက်အအုံ၌ ယာယီခင်းကျင်းပြသထားသောအချိန်ကာလအတွင်းပြသရာ သေသပ်ကောင်းမွန်စေရန် အခမ်းအနားပြင်ဆင်ခြင်း၊ အလင်းရောင်ကောင်းကောင်းရစေရန် လျှပ်စစ်မီးများတပ်ဆင်ခြင်း၊ ခေတ်လောကဓာတ်နည်းဖြင့် ပန်းချီကားများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ခေတ်ပန်းချီပြဆောင်သုံး ပရိဘောဂများအတွက် နိုင်ငံခြားသို့မှာယူထားဆဲဖြစ်သည်ဟုလည်း သိရပါသည်။ ပန်းချီပြဆောင်တွင် သုံးနှစ်အတွင်း ပန်းချီကားအချပ်ရေ ၆၀ ရရှိပြီး ပြဆောင်တွင် အလှည့်ကျချိတ်ဆွဲပြသမည်ဖြစ်ပါသည်။ ထိုစဉ်က ဂျူဗလီခန်းမအနေအထားမှာ လုံလောက်သောအကျယ်အဝန်းမရှိ၍ ယင်းသို့အလှည့်ကျပြသခဲ့ရကြောင်း အငြှမနှစ်ပတ်လည်စာစောင် ၁၉၅၆ တွင် မှတ်တမ်းတွေ့ရပါသည်။ နောက်ပိုင်းနှစ်များတွင် တဖြည်းဖြည်းတိုးတက်လာပြီး ပြဆောင်ဖွင့်စ ၁၉၅၂ ခုနှစ်နှင့် များစွာကွာခြားလာခဲ့ပါသည်။

နောင်အခါ အမျိုးသားပြတိုက်ဟု ခေါ်ဝေါ်သုံးနှုန်းလာခဲ့သည်ကိုတွေ့ရပါသည်။ ပြတိုက်သည် အမျိုးသားယဉ်ကျေးမှု၏ အရိပ်အာဝါသဟူ၍ ခေါ်ဆိုနိုင်သကဲ့သို့ ပညာရေးဘက်တွင်လည်း များစွာအရေးပါအရာရောက်လျက် အချက်အချာဗဟိုဌာနကြီးတစ်ခုဖြစ်စေခြင်းကိုရည်ရွယ်လျက် ပြည်ထောင်စုနိုင်ငံတော် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုကောင်စီအဖွဲ့ဝင် အကြီးအကဲတို့သည် ကောင်စီ၏ဘတ်ဂျက်ငွေကို မြောက်မြားစွာထောက်ပံ့ခဲ့ပါသည်။ နိုင်ငံတော်ပြတိုက်၏ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်စေရန် အားထုတ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အငြှမနှစ်ပတ်လည်စာစောင်တွင် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ ဤသို့ဖြင့် နောင်သောအခါ ဂျူဗလီဟောခန်းမနှင့် မလုံလောက်၍ ပန်းဆိုးတန်းဘက်တိုက်တစ်ခုတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်ကိုတွေ့ရပါသည်။ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနဟူ၍ ဖွဲ့စည်းပုံသစ်ရေးဆွဲကာ ပြတိုက်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။ ထိုအခါ အမျိုးသားပြတိုက်သစ်ကြီးကို ပြည်လမ်းတွင် တည်ဆောက်ပြီး ခံ့ခံ့ညားညားအမျိုးသားပြတိုက်ကြီး (ရန်ကုန်)ကိုပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ အမျိုးသားပြတိုက်ကြီးဖွင့်လှစ်ပြီးချိန်က ပန်းချီကားဝယ်ယူစုဆောင်းရေးအဖွဲ့ရှိသည်။ စာပေဗိမာန်ပြပွဲများခေတ် ၁၉၅၈ မှ ၁၉၆၄ ခုနှစ်အထိ နှစ်ပတ်လည်ပြပွဲများ၊ ပန်းချီပန်းပုကောင်စီနှစ်ပတ်လည်ပြပွဲများ ကျင်းပတိုင်း ပြပွဲကြီးသို့ ဧည့်သည်များ၊ နိုင်ငံခြားသံရုံးများအပါအဝင် ဖိတ်ကြားခြင်းမပြုမီ အမျိုးသားပြတိုက်ပန်းချီကားဝယ်ယူရေးအဖွဲ့(ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ပန်းချီဆရာကြီးဦးစံဝင်း၊ ပန်းချီဆရာကြီး ဦးဘကြည်၊ ဦးအုန်းလွင်၊ ပန်းချီဆရာကြီးဦးငွေကိုင်၊ ပန်းချီဆရာကြီး ဦးလှရှိန်တို့ ပါဝင်သည်)ကို ဦးစွာဖိတ်ကြားပြသပြီး လက်ရာမြောက်ကားများကို ဦးစားပေးရွေးချယ်ဝယ်ယူခွင့်ပေးခဲ့သည့် အစဉ်အလာရှိခဲ့သည်။ ယခုပြတိုက်ကြီးကရရှိထားသော လူကြီးလူလတ် ပန်းချီဆရာများ၏ လက်ရွေးစင်ပန်းချီကားအားလုံးမှာ အထက်ပါအဖွဲ့ဝင်ဆရာကြီးများက ဝယ်ယူစုဆောင်းပေးခဲ့ကြသော ပန်းချီကားများဖြစ်ပါသည်။ နောက်ပိုင်း ယဉ်ကျေးမှုဗိမာန်ဖွဲ့စည်းပုံကို ဖျက်၍ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဟုဖွဲ့စည်းခဲ့ချိန်မှစ၍ အမျိုးသားပြတိုက်အတွက် ပန်းချီကားဝယ်ယူစုဆောင်းရေးအဖွဲ့လည်းမရှိ။ ခေတ်ကာလအလျောက် အနုပညာတန်ကြေးများမြင့်တက်လာသည်နှင့်အမျှ အမျိုးသားပြတိုက်အတွက် ပန်းချီကားဝယ်ယူရေးဘတ်ဂျက်ငွေစာရင်းခေါင်းစဉ်လည်း လုံလုံလောက်လောက်ရှိပုံမရတော့။

ဤသို့အမျိုးသားပြတိုက်အတွက် ပန်းချီကားဝယ်ယူရေးအဖွဲ့မရှိတော့သော်လည်း ထူးထူးဆန်းဆန်း ပန်းချီကားအလှူခံရေးအဖွဲ့တစ်ဖွဲ့ကို တပ်မတော်အစိုးရလက်ထက်က ဖွဲ့စည်းပေးခဲ့ပါသည်။ အမျိုးသားပြတိုက်ညွှန်ကြားရေးမှူး ဒေါ်နုမြဖဲ ခေါင်းဆောင်သောထိုအဖွဲ့တွင် ကျွန်တော်လည်း ပါဝင်ခဲ့ဖူးပါသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အတွက် ဆရာဇော်ဂျီ၊ ဆရာဒေါက်တာသော်ကောင်းတို့ အနှစ်နှစ်အလလက ဝယ်ယူစုဆောင်းထားသော ရှားပါးပန်းချီကားများ ဥပမာ ဗမာပြည်ပန်းချီအသင်း (၁၉၁၈) ဥက္ကဋ္ဌ ပါမောက္ခ K.M Ward ၏ ရှားပါးဆီဆေးပန်းချီကားကြီးတစ်ကားအပါအဝင် အခြားတန်ဖိုးကြီးပန်းချီကားများကို အမွေအလှူခံခဲ့ပါသည်။ စာပေဗိမာန်က ဆရာဦးဘကြည်၏ နှစ်ပါးသွားမြေဝိုင်းအကများနှင့် ဘိလပ်ပြန်ဦးဘဉာဏ်၏ လှေဆိပ်ဆီဆေး(စွယ်စုံကျမ်းပါလက်ရာ) နိုင်ငံတော်ဧည့်ဂေဟာမှ ရှားပါးပန်းချီကားများ၊ ရေကြောင်းပို့ဆောင်ရေး ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ဆရာကြီးဦးဘကြည်၏ ၁၂ ပေအရွယ် တပါလှေ ဆီဆေးကားကြီး မြန်မာ့မီးရထားဌာန၊ ရန်ကုန်ပန်းချီကျောင်းစသည့် ဌာနပေါင်းစုံက ပန်းချီကားများ အလှူခံထွက်ခဲ့စဉ်က တမြတ်တနိုးစုဆောင်းထားသော မူလပိုင်ရှင်ဌာနတွေက မပေးချင်ကြပါ။ ဘယ်ဌာနမှာ ဘယ်ပန်းချီကားရှိသည်ကိုသိသော ကျွန်တော်က လက်ထောက်ချပေးသူဖြစ်၍ သံခမောက်ဆောင်းပြီး ထိုအဖွဲ့ကို ကျွန်တော်လိုက်ပို့ခဲ့ရသည်ကို အမှတ်ရပါသည်။

ယခုအခါ အနုပညာတန်ကြေး မြင့်တက်လာသည်နှင့်အမျှ ပန်းချီပြပွဲများ ဆယ့်နှစ်ရာသီပြသနေရာ ဘတ်ဂျက်မရှိသော အမျိုးသားပြတိုက်ကြီးက ပန်းချီကားများ ဝယ်ယူစုဆောင်းထိန်းသိမ်းသောလုပ်ငန်း လုပ်ဆောင်နိုင်ခြင်းမတွေ့ရတော့ပါ။ တန်ဖိုးကြီးအနုပညာလက်ရာများကို ကိုယ်ပိုင်ပန်းချီပြတိုက်ရှိသူအချို့နှင့် နိုင်ငံခြားသားများလက်သို့ ရောက်ကုန်ကြပါတော့သည်။ မူလယဉ်ကျေးမှုဌာနက ခေတ်သစ် ခေတ်ဟောင်း ပန်းချီမျိုးစုံစုဆောင်းမည်ဆိုသည့် ရည်ရွယ်ချက်လည်း ပျက်ခဲ့ရပါသည်။

ထို့ကြောင့် ယခုအခါ ရန်ကုန်နှင့် နေပြည်တော်အမျိုးသားပြတိုက်များတွင် ခေတ်ဟောင်းလက်ရာများကိုသာတွေ့နိုင်ပြီး အစဉ်အလာမှခွဲထွက်သည့် ခေတ်ပြိုင်လက်ရာများ၊ ခေတ်သစ်ပန်းချီကားများကို တွေ့နိုင်မည်မဟုတ်တော့ပါ။ မြန်မာပန်းချီလောက အတိုးအဆုတ်အပြောင်းအလဲများကို နောင်လာနောက်သားတွေ လေ့လာသိရှိနိုင်မည်မဟုတ်တော့ပါ။ ပန်းချီအနုပညာသမိုင်းသုတေသီတွေအဖို့ ပန်းချီသမိုင်း ကွင်းဆက်များကို မျက်ခြည်ပြတ်ကြရမှာသေချာပါသည်။ ခေတ်မမီသောပြတိုက်ကြီးဖြစ်နေရသည့်အထဲ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က ကျင်းပခွင့်ရခဲ့သော ဘိလပ်ပြန်ဦးဘဉာဏ် အနှစ်(၁၂၀)ပြည့် ဂုဏ်ပြုပန်းချီပြပွဲကြီးကျင်းပစဉ်က ထည့်သွင်းပြသခွင့်ပြုသည့် ဦးဘဉာဏ်၏လက်ရာအချို့ကို ဓာတ်ပုံရိုက်ခွင့်မပြုဆိုသည့် ပြတိုက်စည်းကမ်းကိုတော့ တအံ့တသြဖြစ်ကုန်ကြသည်။ ကမ္ဘာကျော်အမျိုးသားပြတိုက်များအားလုံး Flash မပါဘဲ ဓာတ်ပုံရိုက်ခွင့်ပြုရုံမျှမက ပြတိုက်အတွင်းရှိ သမိုင်းဝင်ရသမြောက်ပန်းချီကားများ၊ ဥပမာ မိုနာလီဇာပန်းချီကားကအစ ပုံနှိပ်မူပွား၍ အနုပညာမြတ်နိုးသူများ ဝယ်ယူသိမ်းဆည်းနိုင်အောင် စီစဉ်ပေးထားကြပါသည်။

ရန်ကုန်၊ နေပြည်တော်အမျိုးသားပြတိုက်ရှိ ရှားပါးလက်ရာ သမိုင်းဝင်လက်ရာများကိုလည်း မူပွားပုံနှိပ်၍ အနုပညာပြန့်ပွားရေးအစီအစဉ်မျိုးလုပ်ဆောင်သင့်ပြီဟု သဘောရပါသည်။ သီးခြားအမျိုးသားပန်းချီပြတိုက်ကြီးတစ်ခု တည်ထောင်သင့်ချိန်ရောက်နေပြီဟုလည်း ယူဆပါကြောင်း။ ။

C B BANK

SILVER JUBILEE 1992 - 2017 25th ငွေရတုနှစ်ပတ်လည်

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

နိုင်ငံတကာအဆင့်မီ လွယ်ကူ လျင်မြန် လုံခြုံ စိတ်ချရသော ဘဏ်ဝန်ဆောင်မှုများကို ဘဏ် နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များအား စိတ်ကျေနပ် ချမ်းမြေ့စေသော ဝန်ဆောင်ပေးမှုများနှင့် အစဉ်ရေးရှုဆောင်ရွက်ပေးနေသည့် CB BANK သည် (၂၁.၈.၂၀၁၇) ရက်နေ့တွင် ကျရောက်ခဲ့သည့် (၂၅) နှစ်ပြည့်ငွေရတုသို့တိုင် အောင်မြင်မှုများ ရရှိပိုင်ဆိုင်ခဲ့သည့်အတွက် အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ရတုအဆက်ဆက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ဥက္ကဋ္ဌ ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ

PARAMI PARAMI GENERAL HOSPITAL

တော်ဝင်ပါရမီဇီဝသိပ္ပံကုမ္ပဏီလီမိတက်

စီးပွားပန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

**Mobile Software & Hardware Training**

တာဝန်ယူသင်ကြားမည့်ဆရာများ

Software < ဦးကျော်မြတ်ထွန်း / ဦးသန်းဝင်းထွန်း၊ Hardware ဦးအောင်နေမျိုး (ကိုကရင်)

အမှန်တကယ်လုပ်ငန်းခွင်ဝင်နိုင်ရန်အတွက် ကျွမ်းကျင်တတ်မြောက်သည်အထိ တာဝန်ယူသင်ကြားပေးသည်၊

သင်တန်းကြေး Software 100,000/- Hardware 150,000/- | Software & Hardware (၂)မျိုးလုံးတက်လျှင်(10%) Discounts ရမည်၊

တန်းခွဲသစ်များ (4.9.2017) စမည်။ လစဉ်တန်းခွဲသစ်ရှိသည်။

မြို့ထဲ ။ (၁၀၃)(ဧလွှာ)၊ ၄၂ -လမ်းထိပ်၊မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
လှည်းတန်း ။ တိုက် (၂၃)၊ အခန်း(A- 4) လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09- 5118647,09- 73009869,09- 73013432

ကံ့ကော်ရိပ် တက္ကသိုလ်ဝင်တန်း

GRADE 10 CLASSIFIED MATHEMATICS

စာမေးပွဲအထောက်အကူပြု လက်ရွေးစင်ပုစ္ဆာများ

- Chapter တစ်ခုစီအတွက်မေးခွန်းနှင့်အဖြေများကိုအုပ်စုမျိုးတူအလိုက်(classified)ဖော်ပြပေးထားသည်။
- မေးခွန်းဟောင်းများကို အခြေခံပြီးတွက်ပေးထားသည်။
- လေ့လာသင့်သောမေးခွန်းများကိုဖြည့်စွက်တွက်ပေးထားသည်။

အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသောတွက်နည်းဖြင့်တွက်ပြပေးထားသည်။

ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ- ငြိမ်း)

ကောရီစံစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊၀၉၅၁၂၉၆၇၀၊၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

Jishugakkan Yangon Japanese Center (JYJC)
Jishugakkan Bago Japanese Center (JBJC)

2018, April ကျောင်းလျှောက်ချင်သူများ
JSG မှ ကျောင်းအုပ်ကြီး၏ Seminar နှင့် Interview ရှိပါသည်၊

7-9-2017 - JYJC - Seminar (10:00 am - 12:00 am)
Interview (12:30 am - 1:30 pm)

8-9-2017 - JBJC - Seminar (10:00 am - 12:00 am)
Interview (12:30 am - 1:30 pm)

Seminar တက်ရောက်မည့်သူများနှင့် ကျောင်းလျှောက်ရန် စိတ်ပါဝင်စားသူများ နာမည်စာရင်းကြိုတင်ပေးပါရန်။

N-4 (New Class) - 1-9-2017 (Fri) တွင် စတင်ဖွင့်လှစ်ပါမည်၊

JYJC (Yangon) Ph:09 260441881, 09 43139339
(ဆင်မလိုက်အဝေးပြေးမှတ်တိုင်၊ ကမာရွတ်မြို့နယ်)

JBJC (Bago) Ph: 09 767862682
(နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့)

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။



ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ဝ၅၄/ဝ၇၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို မီး

## ကြော်ငြာ


**သီတင်းကျွတ်ပိတ်ရက်ရှည် အပန်းဖြေ ခရီးစဉ်များ**

PAN THU KHA Travels & Tours Co., Ltd.

ဗီယက်နမ် (ဟနွိုင်း၊ ဟာလောင်းဘေး) ›››(4-7 Oct / 440 USD)
(Halong Bay Cruise ပေါ်တွင် တစ်ညအိပ်၊ ရေပေါ်ရုပ်သေးရုပ်ပွဲ၊ ဟိုချီမင်းဂူဗိမာန်နှင့် အိမ်တော်၊ One Pilar Pagoda၊ Hoan Kiem Lake နှင့် The Huc Bridge၊ Old Quarter City Center)

ဘန်ကောက်၊ ပတ္တရားကမ်းခြေ၊ အယုဒ္ဓယ ›››(4-8 Oct / 520 USD)
(မြဘုရားနှင့် ဘုရင့်နန်းတော်၊ Madam Tussauds၊ Siam Ocean World၊ Ayutthaya၊ Frost Ice Siam Safari World၊ Dream World၊ Art in Paradise၊ Coral Island၊ Nong Nooch ပန်းခြံ)

မြစ်ကြီးနား၊ အင်းတော်ကြီး ခရီးစဉ် ›››››› (Flight 5-8 Oct) (Express Bus 4-8 Oct)
(မြစ်ကြီးနား၊ အင်းတော်ကြီး ရွှေမြူဘုရား၊ မေခ မလိခ မြစ်ဆုံ၊ ဆဒ္ဒံရေတံခွန်၊ အထင်ကရနေရာများ)

ပြည်ပခရီးလှည့်လည်ရေး လိုင်စင်အမှတ် - ၀၁ ၀၂၆၃

HotLine 09 509 5586, 09 250 200 212

Visit our Facebook Page - "Pan Thu Kha Myanmar" အမှတ် ၄၃၊ ဒုတိယထပ်၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်



RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၅) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ပကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



ရှိုင်ရယ် **ပတ္တမြား**
အဘထွက်ပွဲ-ပုဂံ 39000
မြဝတီ-မဲဆောက် 40000
၂ည-၃ရက်(အပတ်စဉ်-သောကြာ)
444462599, 252055609



ဒေါ်ဝင်းဝင်း ဦးစီးသော
**ဂယာရွှေပြည်** ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့

| | | |
|---|---|---|
| အိန္ဒိယ၊နီပေါ (၁၅)ရက် | - | စက်တင်ဘာ(၃၀)၊အောက်တိုဘာ(၄၊၁၈)၊နိုဝင်ဘာ(၁၊၁၈)၊ဒီဇင်ဘာ(၆၊ ၂၃)၊ ဇန်နဝါရီ(၁၀၊ ၂၇)၊ဖေဖော်ဝါရီ(၁၄)၊မတ်(၃၊ ၂၁) |
| အိန္ဒိယ၊နီပေါ (၈)ရက် | - | ဧပြီ(၁၁) သင်္ကြန်ပိတ်ရက် |
| သီရိလင်္ကာ (၇)ရက် | - | အောက်တိုဘာ(၂၉) |

၂၂လ ကြိုတင်စာရင်းသွင်းနိုင်ပါပြီ။ ခရီးစဉ်တိုင်း လူဦးရေကန့်သတ်ထားပါသည်။

အမှတ်(၂၀)၊ ၁၀-လမ်း(လယ်)၊ လမ်းမတော်မြို့နယ်။ဖုန်း ၀၁- ၂၂၁၅၈၆၊၀၉-၇၈၃၇၇၇၁၇၀၊၀၉-၄၄၄၉၁၂၇၄၇



BAYER

**Supradyn®**

No.1 Brand in Europe

EMP Since 1994 ISO 9001 : 2015

Coenzyme Q10 ပါဝင်တဲ့ Supradyn New Formula




ဂျာမဏီ နိုင်ငံ၏ ကမ္ဘာ့ထိပ်တန်း ဆေးဝါးကုမ္ပဏီ Bayer မှ ထုတ်လုပ်သည့် International brand ဖြစ်သော Supradyn

2106AA9517

**စွမ်းအင်ဖြည့်တင်း ဓာတ်ဗီတာမင် အားဆေး**



နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154) ၊ မြို့မဈေး ၊ ပွဲရုံတန်း ၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
ဓာတ်ပီကားမျိုးစုံဖြင့် Manual & Auto နှစ်မျိုးစလုံးသင်ကြားပေးပါသည်။



(G.L.E.C) 绿光学院
双语幼儿园 & 中文小学
Green Light အဆင့်မြင့်မူကြိုကျောင်းနှင့် တရုတ်စာသင်ကျောင်း
- Nursey & Pre-School (၂နှစ်မှ၅နှစ်ထိ)
- Special Chinese Language Classes
Mandarin
(တရုတ်စာမူလတန်း ၃ နှစ်ခွဲမှ ၁၆ နှစ်အထိ) ကလေးများကို နိုင်ငံတကာအသိအမှတ်ပြု တရုတ်ဘာသာအရည်အချင်းစစ် YCT/ HSK စသည့်စာမေးပွဲများဖြေဆိုနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးသည်။
(Small Group Classes)
၈ ပိုင်၊ အမှတ်-၅၇၊ မနသီရိတာဝါ၊ (၅)လွှာ၊ 5/C၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-73078844, 09-796341399



**ပခင်အမည်ပုန်**
ကော့မှူးမြို့နယ်၊ အထက(နတ်စင်ကုန်း)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလယ်ပြဆရာမ ဒေါ်အေးမြင့် ၏ ပခင်အမည် "ဦးစိန်ညွန့်" နှင့် "ဦးကုလား" မှာ တစ်ဦးတည်းသာဖြစ်ပါကြောင်း။
အလယ်ပြ ဆရာမ ဒေါ်အေးမြင့်



**မြေညီထပ်ငှားမည်**
လသာမြို့နယ်၊ လသာလမ်း၊ (အထက်လမ်း)မြန်မာနိုင်ငံစာစစ်ရုံး မျက်စောင်းထိုး ပေ(၁၂½×၆၀)၊ မြေညီထပ်(၂၂)သိန်း။
ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇



ဇုဒ္ဒ မဒ္ဒ သံယံ
S9 SUPER NINE
ဆိုဖာ၊ ဆက်တီအပေါင်းများကို ဈေးနှုန်းချိုသာစွာဖြင့် ပြန်လည်ပြုပြင်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
၀၁-၂၉၁၇၉၉၊ ၀၉-၄၂၂၂၀၅၉၁၄



KONICA MINOLTA
Printing Solutions

(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ

While Stock Last
Starting at $595









သင့်လုပ်ငန်းအတွက် ဘက်စုံသုံး Solutions များစွာ ပေးနိုင်သည့် မိတ္တူစက်

KBZ BANK နှင့် လက်ရှိအသုံးပြုနေသည်။

Multifunction A3 Copier **bizhub 287** Duplex Print | Copy | Scan



Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980, 09 253 547 981

For Reseller: 09 799 595 997, 09 977 890 336

www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

Star Academy
Star Resources Co.,Ltd
Hospitality & Business Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း

ကိုယ်ပိုင် ဆိုင်နှင့် ကော်ဖီ ဘား ဖွင့်လှစ်လိုသူများအတွက် အထူးသင့်တော်သော
Special Beverage Course
Cocktail · Coffee · Smoothie
Mocktail · Icecream · Juice
သင်တန်းဝင်ခွင့် လျှောက်လွှာပိတ်ရက် ( ၁၈ . ၉ . ၂၀၁၇ ) လူဦးရေကန့်သတ်ထားသည်။

တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ဒုတိယထပ်(၂)ရွှေ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
☎01- 523 200, 230 4020, 230 4021, 523 623, 09 5020 302 |https://www.facebook.com/staracademy.edu/

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး
nurture preschool
We nurture tomorrow leaders!

Emotional Development (EQ)
Intellectual Development (EQ)
Moral Development
Physical Development
Social Development
လစဉ်ကျောင်းအပ် လက်ခံနေပါပြီ
စမ်းချောင်း 09262963774, 09262963775
လှိုင် 09254148005, 09450694035
တာမွေ 01-549590, 09254148006
အင်းစိန် 09259822226, 09259822227
မြောက်ဒဂုံ 01-8011315, 09259822220

AUTRON နားကြားကိရိယာ

သင့်နားကောင်းကောင်းကြားပါသလား?
သင့်အတွက်နားကြားကိရိယာလိုအပ်နေပါသလား?
သင့်နားကြားကိရိယာများပျက်နေပါသလား?
Free Test & 5-20% Off
4th to 9th September
အမှတ်(၃၇၇)၊ရွှေဘုံသာလမ်း၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၁ ၂၄၃၆၄၄၊၀၉၃၈၁၂၄၅၅၀၈၅၁၂၈၅၆၈
အမှတ်(၄၃၂)၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉၅၅၅၂၀၇၄၄၀

အမြန်ငှားလို/ဝယ်လိုသည်။( GLGD Agency )
၁။Golden City ၊Crystal Luxury Residence၊GEMS garden၊ ရှိအခန်းများအမြန်ငှားနေထိုင်လိုသော နိုင်ငံခြားသားဧည့်သည်ရှိပါသဖြင့်ပိုင်ရှင်များအမြန် ဆက်သွယ်ပေးနိုင်ပါသည်။
၂။ပဲခူး စက်မှုဇုန်ရှိစက်ရုံ အမြန်ဝယ်လိုပါသည်။
၃။ဟိုတယ်(သို့မဟုတ်)ဟိုတယ်ဆောက်ရန်မြေကွက် အမြန်ငှားလိုပါသည်။(ပိုင်ရှင်များတိုက်ရိုက်ဆက်သွယ်ပေးပါရန်)
Ph:09799541265/09263202240

Hawk Group
Sofa Settee (ဆိုဖာဆက်တီ)အဟောင်းများကိုပြုပြင်ပေးပါသည်။

မပြုပြင်မီ

ပြုပြင်ပြီး
ဖုန်းလေးဆက်လိုက်ရုံပဲ ...
☎ : 0943030930 , 09789444709

နိုင်ငံတကာ ... (MCC)
MCC . . . . အားလုံးအတွက်
အောက်ပါသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပါပြီ။ မိမိအတွက် သင့်လျော်မည့်သင်တန်းကို ရွေးချယ်တက်ရောက်နိုင်ရန် MCC သို့ ဆက်သွယ်ပါ။
- B.Sc(Hons:) Business IT ကွန်ပျူတာသိပ္ပံဘွဲ့ September-25
  University of Greenwich, UK
- BBA စီးပွားရေးပညာဘွဲ့ November-27
  SIAM University (Thailand)
- B.Sc(Engineering) အင်ဂျင်နီယာသိပ္ပံဘွဲ့ September-11
  HEI, France.
- BTEC HND ဒီပလိုမာ September-16
  PEARSON Education, UK
  - Level (4-5) အင်ဂျင်နီယာဒီပလိုမာ
    - Mechanical Engineering
    - Electrical and Electronic Engineering
    - Construction and Built Environment (Civil Engineering)
  - Level (4-5) ကွန်ပျူတာဒီပလိုမာ
  - Level (3) (တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများတက်ရောက်ရန်)
    -အင်ဂျင်နီယာဒီပလိုမာ
    -ကွန်ပျူတာဒီပလိုမာ
- Telecom Engineering September-16
  (ဆက်သွယ်ရေးပညာဒီပလိုမာ)
  HUAWEI CHINA and MITT
E-mail. info@mccsolution.com
www.facebook.com/mcc.institute
Hot Line No - 01-246634, 245762

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower

5 Year Warranty
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၀၀၀၈၉၀
-၀၉-၇၃၀၀၀၈၉၀
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၆၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၅၉၉၃၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၃၈
-၀၉-၇၃၀၂၆၀၅၇
-၀၉-၃၀၅၇၀၆၅၅
-၀၉-၄၅၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၈၈၈၀
-၀၉-၃၀၁၃၆၂၆၀
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း အမှတ်-၁၂၅၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၅၉၄

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 392048, 202046 256954

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းသဉ်တိုက်)
Ph: 09 443001453,01-503472, 09 30775232

**BASIC ENGLISH SPEAKING**
1 - 4:00 (Sat + Sun) 3 Sep
1 - 2:30 (Mon~Thurs) 4,18 Sep
10-12:00 (Mon~Thurs) 11 Sep
7:30 - 9 (Mon~Thurs) 25 Sep

**BASIC FOUR SKILLS ENGLISH**
9 - 12:00 (Sat + Sun) 3 Sep
3:30 - 5 (Mon~Thurs) 4 Sep
7:30 - 9 (Mon~Thurs) 5 Sep
1 - 4:00 (Sat + Sun) 10 Sep
10-11:30 (Mon~Thurs) 11,18 Sep
1 - 3:00 (Mon~Thurs) 11 Sep
1 - 4:00 (Sat + Sun) 17 Sep
1 - 4:00 (Sat + Sun) 14 Oct

**PRE-INTERMEDIATE (4-SKILL ENGLISH)**
9:30-12:30 (Sat + Sun) 16 Sep
10-11:30 (Mon~Thurs) 18 Sep

**INTERMEDIATE (ACADEMIC ENGLISH)**
9:30-12:30 (Sat + Sun) 10 Sep

**VOCAB ENRICHMENT**
10-11:30 (Mon ~ Thurs) 12 Sep
9 - 12:00 (Sat + Sun) 16 Sep

**BASIC WRITING**
9 - 12:00 (Sat + Sun) 9 Sep
3:30 - 50 (Mon ~ Thurs) 25 Sep

**BASIC GRAMMAR**
9 - 12:00 (Sat + Sun) 7 Oct

**IELTS (Writing + Grammar)**
7:30 - 9 (Mon ~ Thurs) 18 Sep

**BASIC ENGLISH SPEAKING**
7:30 - 9 (Mon~Thurs) 11 Sep
10-11:30 (Mon~Thurs) 26 Sep
12 - 3:00 (Sat + Sun) 30 Sep

**BASIC GRAMMAR**
1 - 4:00 (Sat + Sun) 16 Sep
1 - 2:30 (Mon~Thurs) 26 Sep

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 18 Sep
1 - 4:30 (Sat + Sun) 14 Oct

**IELTS (Speaking + Vocab)**
10-11:30 (Mon~Thurs) 4 Sep

**IELTS (Reading + Vocab)**
1 - 3:00 (Mon~Thurs) 11 Sep

**BASIC FOUR SKILLS ENGLISH**
7:30 - 9 (Mon~Thurs) 5,18 Sep
7:30-10:30 (Sat + Sun) 10 Sep
1 - 4:00 (Sat + Sun) 17 Sep
4:30-7:30 (Sat + Sun) 23 Sep
3:30 - 5 (Mon~Thurs) 25 Sep

**PRE-INTERMEDIATE (4-SKILL ENGLISH)**
9 - 12:00 (Sat + Sun) 3 Sep
1 - 2:30 (Mon~Thurs) 5 Sep
10-11:30 (Mon~Thurs) 12 Sep

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon~Thurs) 25 Sep

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 28 Oct

**IELTS (Writing+Grammar)**
12:30-3:30 (Sat + Sun) 23 Sep

---

ရွှေအိုးကြီး 6-9-2017 သွားထွက်ပါမည်၊
ဓါတ်၊ နတ်၊ ရုပ်ပွါး အထူးခရီးစဉ်
ပုပ္ပါး၊ အဘပွဲ၊ တောင်ပြုံး၊
မန္တလေး၊ ပြင်ဦးလွင် (၄) ရက်
Hotel Package 110000
09421073634, 777636630

---

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုး နှင့်လချုပ်အတွက်
Model မြင့်ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

---

ဆုံသစ္စာ
ခရီးစဉ်/ဝေးလံချမ်းကားများနှင့် ဘုရားဖူးခရီးစဉ်များ
ယာဉ်များကို စိတ်တိုင်းကျ ငှားရမ်းပေးနေပါသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
Ph : 0973174066
095504667

---

ဦးရဲမင်းမိုင် (သချာ)
စက်တင်ဘာ ၅ ရက်နေ့စမြီ
၁၀ တန်းစာသင်ဝိုင်း
ဒြပ်လမြွတ်
စာသင်ဝိုင်း ၈၀၀၀၀ ညနေတန်းခွဲ ၃၀၀၀၀
၁၆၅၊ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ်။၀၉ ၇၃၁ ၆၁၁၄၀

---

ဦးအောင်ဟိန်းကျော်
အတန်းအားလုံးစာအုပ်(လုံး၀)မကိုင်ဘဲသင်သည်
•Translation
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
▪နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre., Vol:1,2,3)
▪392468 • 095171841
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်

---

Welcome to
Yangon Stock Exchange EXPO 2017
စတော့ရှယ်ယာနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဟောပြောပွဲ နှင့်ပြပွဲများ

First Session (10:30am-12:30pm)
➢ "Business Outline and Outlook of Listed Companies in Yangon Stock Exchange"

Second Session (1:00pm-2:30pm)
➢ "The role of Securities market and attractiveness of equity investment"

Third Session (3:00pm-4:30pm)
➢ "Key challenges to attract more companies into Myanmar securities market"

စိတ်ပါဝင်စားသူများအားလုံးကို တက်ရောက်ပေးပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

Online Registration=> https://ysx-expo.com
Hotline => 01-371276, 09-442739797

Sunday, 10th September 2017
@8:30am~5:00pm
PARKROYAL HOTEL YANGON

MTSH MCB MSEC KBZSC CB SECURITIES AYAtrust KTZRH AIS Media Partner DedaaBox






Customer များရရှိမည့်အားသာချက်
DREAM ALUMINUM
လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်

- Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လှအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် ခိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ
Marketing (မ) ဝန်ထမ်းအလိုရှိသည်။
ဘွဲ့ရဖြစ်ပြီး ရုပ်ရည်သင့်တင့်ရှိရမည်။



Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664

# အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၇ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်း၏ ပွဲစဉ်ကို စက်တင်ဘာ ၅ ရက်မှသာ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲစတင်ကျင်းပမည့် ပထမနေ့တွင် အုပ်စု(က) ပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ထိုင်းနှင့် တီမော၊ အောင်ဆန်းကွင်း၌ မလေးရှားနှင့် လာအို၊ ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။ သတင်းစာရှင်းလင်းပွဲသို့ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းမှ နည်းပြချုပ်များ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဘန်လာဘီက "ကျွန်တော်တို့အသင်းရဲ့ အဓိကရည်မှန်းချက်ကတော့ ချန်ပီယံဖြစ်ဖို့ပါ။ ဒါပေမယ့် ကျွန်တော်တို့က ပြိုင်ပွဲနှစ်ခုအတွက် ပြင်ဆင်နေတာပါ။ ဒီပြိုင်ပွဲပြီးရင် နိုဝင်ဘာမှာ ကစားရမယ့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက်ပါ လေ့ကျင့်ပြင်ဆင်နေတာဖြစ်ပါတယ်။ ပြိုင်ဘက်တွေအနေအထားက မှန်းဆဖို့မလွယ်တာကြောင့် ကိုယ့်အသင်းကိုပဲ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပါတယ်။ ဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန် တစ်လကျော်လောက်ရထားပြီး နိုင်ငံတကာနဲ့ ပြည်တွင်းခြေစမ်းပွဲ လေးပွဲ ယှဉ်ပြိုင်ကစားထားပါတယ်။ ပွဲဦးထွက်ကစားရမယ့် အင်ဒိုနီးရှားအသင်းကတော့ အသင်းကောင်းဖြစ်တာကြောင့် ခက်ခက်ခဲခဲကစားရမှာပါ။ ကျွန်တော်တို့က

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂**




**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား ဆုကြေးငွေချီးမြှင့်စဉ်။**

# MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲ

**ရန်ကုန် စက်တင်ဘာ ၃**

၂၀၁၇ ဘောလုံးရာသီ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်တစ်ပွဲအလိုကတည်းက ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပွဲတွင်လည်း ရန်ကုန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၅ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး ဧရာဝတီအသင်းက ၄၉ မှတ်ဖြင့် ဒုတိယ၊ ရတနာပုံအသင်းက ၄၆ မှတ်ဖြင့် တတိယရရှိခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ နှင့် ဆုဖလား၊ ဒုတိယဆုရ ဧရာဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၅၀၊ တတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်းတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်းသည် ၂၂ ပွဲကစားရာတွင် ၁၇ ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ၅၅ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမင်းသူက ကိုင်တွယ်နေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် အသင်းသုံးသင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး လူငယ်ပြိုင်ပွဲများအပြီးတွင် ယူ-၁၉ အသင်းက ချန်ပီယံဆု၊ ယူ-၂၁ အသင်းက ဒုတိယဆုရရှိခဲ့ပြီး စီနီယာလိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းကြီးက လက်ကျန်ခြောက်ပွဲအလိုတွင် ထိပ်ဆုံးမှ ဦးဆောင်နေကာ ချန်ပီယံလမ်းကြောင်းပေါ်တွင် ရပ်တည်လျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

# မန်းရတနာပုံလေကြောင်းလိုင်း IOSA ဝန်ဆောင်မှုဖြင့် ပြည်တွင်းခရီးစဉ်စတင်




**ရန်ကုန် စက်တင်ဘာ ၃**

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့ကြီး (IATA)၏ ပျံသန်းရေးလုံခြုံစိတ်ချရမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (IOSA)ဝန်ဆောင်မှုဖြင့် ခရီးသွားပြည်သူများအား ပြည်တွင်းခရီးစဉ် ၁၄ ခုကို ပျံသန်းပေးသွားမည့် မန်းရတနာပုံလေကြောင်းလိုင်း ဂုဏ်ပြုပွဲကို စက်တင်ဘာ ၂ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel & Resort ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက "ကျွန်တော်တို့ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ရေကြောင်း၊ လေကြောင်းနဲ့ ကုန်းလမ်းခရီးတွေမှာ ဘေးကင်းလုံခြုံဖို့ကို အဓိကကြီးကြပ်ပြီး ဆောင်ရွက်ပေးနေပါတယ်။ ဒီအပေါ်မှာ လေကြောင်းလိုင်းရဲ့ လုံခြုံမှုက မတော်တဆမှုတစ်ခုခုဖြစ်ပြီဆိုရင် ထိခိုက်မှုက အလွန်ကြီးမားတဲ့အတွက် အထူးအလေးထားရပါတယ်။

မန်းရတနာပုံလေကြောင်းလိုင်းအနေနဲ့ အိုင်အိုဆာ လက်မှတ်ရရှိတာဟာ အဲဒီလေကြောင်းလိုင်းတစ်ခုတည်း ဂုဏ်ယူရမယ့်ကိစ္စမဟုတ်ပါဘူး။ ဒါက ဝန်ကြီးဌာနအပြင် မြန်မာနိုင်ငံမှာရှိတဲ့ လေကြောင်းလိုင်းတွေအနေနဲ့ပါဂုဏ်ယူရမယ့်ကိစ္စပါ။ ဒါဟာ မြန်မာနိုင်ငံလေကြောင်းလိုင်းတစ်ခုအနေနဲ့ အပြည်ပြည်ဆိုင်ရာ အဆင့်မီတယ်ဆိုတာ ကမ္ဘာကိုသက်သေထူနိုင်တဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အခြားပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းတွေအနေနဲ့ ဒီလိုကမ္ဘာကအသိအမှတ်ပြုထားတဲ့ အိုင်အိုဆာလက်မှတ်ကိုရယူနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ အခုအချိန်မှာ လေကြောင်းပို့ဆောင်ရေးရဲ့ စီးပွားရေးက နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုအပေါ်မှာ မူတည်နေပါတယ်။ သူတို့အနေနဲ့

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

Royal Garden Restaurant
20%Off (1.9.17 မှ 4.10.17)ထိ
Monsoon Special Promotion
Open Daily
Dimsum: 6 :30am - 2:15pm
Lunch: 11 :00am - 2:15pm
Dinner: 6 :00pm -10:15pm
စိတ်ငြိမ်အေးချမ်းတဲ့ သဘာဝအလှအပများကို ခံစားရင်း စကော်ပူဝါရင့်စားဖို မှူးများ၏ လက်ရာများကို လာရောက်မြည်းစမ်းကြည့်လှည့်ပါ။ မွေးနေ့ပွဲ၊ မိတ်ဆုံစားပွဲ၊ မင်္ဂလာဆွေ့ခံပွဲများအတွက် စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးနေပါသည်။
Nat Mauk Road, Kandawgyi Nature Park, Central Forest Zone, Bahan Tsp, Yangon, Myanmar. Tel : 01-546923, 01-546202, 09-253000191 to 194


WELCOME MONSOON!
But not without SMART
UPG
SMART
2 Waterproofing Solutions for All Concrete Structures
အင်္ဂတေအဆောက်အဦးအားလုံးအတွက် အရည်အသွေးမြင့် ရေလုံတားဆေးနှစ်မျိုး
မှတ်သုံမိုးရေတင်မက... သုံးရေ၊ စွန့်ရေအမျိုးမျိုးနဲ့ ထိစပ်နေရတဲ့ သို့မဟုတ် ရေအောက်နစ်မြုပ်နေရတဲ့ အတွင်းနဲ့ အပြင်အင်္ဂတေမျက်နှာပြင်မျိုးစုံ ပါဝင်ရာ...
ရေကူးကန်၊ ရေလှောင်ကန်၊ အင်္ဂတေခေါင်မိုး၊ မြေအောက်ထပ်၊ ရေချိုးခန်း၊ မီးဖိုချောင်၊ ပန်းခြံရေပန်း၊ ရေကန် စသည်တို့အတွက်
• Protect Water Penetration •
• Protect Cracking •
• High Resistance to weather •
• Non-Toxic •
STOP
ဘိလပ်မြေအခြေခံ နှစ်မျိုးစပ် ရေလုံတားဆေး
UPG SMART 2K Cementitious Waterproofing
Excellent For Use 4 kgs.NET
SPW10192
Guaranteed to stop water
Great for wet or dry walls
Manufactured by UNITED PAINTS GROUP CO., LTD.
UPG SMART Mastic Waterproofing
Ready For Use 4 kgs.NET
SRW10110
Easy Application
Excellent Elastomeric Membrane
Good Weather Resistance
Good Adhesion
Manufactured by UNITED PAINTS GROUP CO., LTD.
၁၀၀% အခရိုက်လစ်အခြေခံ ရေလုံတားဆေး
UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
THE GLOBAL COMPACT
Global Compact Network (Myanmar)
No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

